## အခန်း(၃၁၆) - ခါးသွားကို ကန်မိခြင်း....

"ကျန်းစွန်းယု.....၊ အဲ့ကောင်လေးကို ထုတ်ပေးစမ်း..... ဒီလိုမှ မဟုတ်ရင် မင်းတို့ ကျန်းစွန်း မိသားစုရဲ့ အိမ်တံခါးကို ရိုက်ချိုးလို့ ဒီသခင်လေးကို အပြစ်မတင်နဲ့...."

ချင်ယန်တို့ အဖွဲ့က ဒီနေရာတွင် ပျော်နေခဲ့ကြသည်။

မောက်မာသော အသံတစ်ခုက ကျန်းစွန်း မိသားစု၏ အိမ်တံခါးရှေ့မှ ထွက်ပေါ်လာသည်။ ဝူချမ်ကျား၏ အသံပင်......

ကျန်းစွန်းရှန်း၏ မျက်နှာ အမူအရာက ရုတ်တရက် မည်းမှောင်သွားသည်။

"တချို့လူတွေက တကယ် အလျင်လို နေတာပဲ..."

"ဒီလူအိုကြီး အသက် မရှည်တော့ဘူး ဆိုတာနဲ့ ဒီလူအိုကြီးကို တစ်ခါတည်း ဖိနှိပ်လို့ ရမယ်လို့ ထင်နေပြီလား.."

ကျန်းစွန်းရှန်းက အေးစက်စွာ အော်ဟစ်လိုက်သည်။

ဝူမိသားစု ဖြစ်နေလျှင်ပင် ဤမျှ မမောက်မာရဲဘူးဟု ကျန်းစွန်းရှန်းက ထင်နေခဲ့သည်။ ယခုမူ ဝူချမ်ကျားက သူ့ အိမ်တံခါးရှေ့တွင် မောက်မာစွာ လာအော်နေသည်။

ကျန်သည့် ဝူမိသားစု ဝင်များကလည်း တကြိတ်တည်း တညာဏ်တည်းသာ ဖြစ်ရမည်။

ဝူချမ်ကျားက အိမ်တံခါးရှေ့ ရောက်လာပြီး လာအော်နေခြင်းက ဝူမိသားစု ထိပ်ပိုင်း

အသူရာ ဆေးနတ်ဘုရား (ဘာသာပြန်ဟာရီကိန်း)

အုပ်ချုပ်သူများ၏ ထောက်ပံ့မှုကို ရရှိ၍သာ ဖြစ်ရမည်။ သူတို့က ကျန်းစွန်း မိသားစုထံမှ အကျိုးအမြတ်များ ရချင် နေကြသည်။

မဟာအကြီးအကဲ ကျန်းစွန်းရှန်း သေဆုံးသွားသည်နှင့် ကျန်းစွန်း မိသားစုက သူတို့ ထိန်းချုပ်ထားသည့် အရင်းအမြစ် အချို့ကို စွန့်လွှတ် ရလိမ့်မည်။ ထို့ကြောင့် ပထမဦးဆုံး လှုပ်ရှားသူက အကျိုးအမြတ် အများကြီး ရှိနေသည်။

ယခုမူ ကျန်းစွန်းရှန်း မသေသေးသည့်အတွက် ကျန်သည့်လူများက ဤမျှ စိတ်မရှည်နိုင်ဖြစ်နေလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

"မဟာသခင်ချင်... ကျေးဇူး တင်ပါတယ်...."

ကျန်းစွန်းရှန်းက စိတ်ရင်းနှင့် ကျေးဇူးတင်စကားပြောလိုက်သည်။ အကယ်၍ ချင်ယန်ကသာ သူ့ကိုအဆင့်တက်နိုင်အောင် မကူညီပေးခဲ့ပါက ကျန်းစွန်းမိသားစု အရှက်ကွဲတော့မည်။ သူလည်းရှက်သည့်စိတ်နှင့် အသက် ထွက်သွားလိမ့်မည်။

"အဘိုး... ကျွန်တော် အရင်ဆုံး ထွက်ပါရစေ"

ကျန်းစွန်းယုက သူ့သဘောနှင့်သူ စေတနာဝန်ထမ်း လုပ်လာသည်။

ကျန်းစွန်းရှန်းက ခေါင်းညိတ် ပြလိုက်သည်။

ဝူမိသားစုကလည်း ကျင်းယန်မြို့၏ အင်အားစုတစ်ခုပင်။ ထို့ကြောင့် ဝူချမ်ကျားကဲ့သို့ အငယ်လေးတစ်ယောက်အတွက် ကျန်းစွန်းရှန်းက သူကိုယ်တိုင်မလှုပ်ရှားသင့်ပေ။

“အတူတူ သွားကြတာပေါ့...”

ချင်ယန်က တစ်ချက်ပြုံးပြီး ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

မကြာခင် ချင်ယန်က အိမ်တံခါးပေါက်သို့ ရောက်ရှိ လာကြသည်။

ချင်ယန်ကို မြင်လိုက်သည်နှင့် ဝူချမ်ကျား၏ မျက်လုံးက ဒေါသစိတ်ကြောင့် တလက်လက် တောက်ပလာသလို ချင်ယန်ကလည်း လူသတ်ချင်စိတ်ကို ခံစားလိုက်ရသည်။

"ကျန်းစွန်းယု.. ဒီကောင်တွေကို လွှဲပေးစမ်း..... ဒီလိုမှ မဟုတ်ရင် ဒီသခင်လေးက မင်းတို့

ကျွန်းစွန်း မိသားစုရဲ့ အိမ်တံခါးကို ရိုက်ချိုးပစ်မယ်...”

ဝူချမ်ကျား‌က အမှန်တကယ် မောက်မာလွန်းသည်။

ကျွန်းစွန်းယုက လေးနက်သော လေသံနှင့်.......

“ဝူချမ်ကျား.. ငါတို့ အိမ်တံခါးပေါက်ကို လာပြီး အနိုင်ကျင့်ရအောင် ငါတို့ ကျွန်းစွန်း မိသားစုက စက္ကူကျား မဟုတ်ဘူးနော်....”

“ဟားဟား...”

ဝူချမ်ကျားက ခွက်ထိုးခွက်လန် အော်ရယ်လိုက်ပြီး......

“စက္ကူကျား မဟုတ်ဘူး ဟုတ်လား..... မင်းတို့ ဘိုးဘေးကြီးက မကြာခင် အသက်ထွက်သွားမှာပဲ ကြောက်မိတယ်....”

“ဒီလို အခြေအနေမှာတောင် မင်းက နှုတ်သီးကောင်း လျှာပါး လုပ်ဖို့ သတ္တိ ရှိနေသေးတာလား.... မင်းတို့ ကျန်းစွန်း မိသားစုက ပါးရိုက်ခံချင်လို့ တောင်းဆို နေတာလား...”

"အမှိုက်က အမှိုက်လိုနေပြီး မြန်မြန် လွှဲပေးစမ်း.....။ ပြီးတော့ ငါ့ကို တောင်းပန်.... ဒါဆိုရင် မင်းတို့ ကျန်းစွန်း မိသားစုအိမ်ထဲ ပြန်ဝင်နိုင်တယ်။ မဟုတ်လို့ကတော့ ငါတို့ မိသားစုက မင်းတို့ ကျန်းစွန်း မိသားစုဆီ လာလည် ရလိမ့်မယ်...."

ကျန်းစွန်းယုက အေးစက်သော လေသံနှင့်.....

"ဝူချမ်ကျား.... ဘိုးဘေးကြီးက အခုထက်ထိ အသက်ရှင် နေသေးတယ်.. သိပ် စည်းမကျော်နဲ့နော်....."

"မြန်မြန် ပြန်ထွက်သွားတော့.... ငါတို့ ကျန်းစွန်း မိသားစုက မင်းကို ခေါင်းထဲမထည့်ဘူး..... ဒီလိုမှ မဟုတ်ရင် ငါတို့ ကျန်းစွန်း မိသားစုက လွယ်လွယ် လွှတ်ပေးမှာ မဟုတ်ဘူး..."

ချင်ယန်က ကျန်းစွန်းယုကို လှမ်းကြည့်ပြီး တစ်ချက် ပြုံးလိုက်မိသည်.

လူရိုးက ဒေါသ ထွက်နေသည်။

ရိုးသားသော လူများလည်း တွင်းကောင်းကောင်း တူးတတ်ပါလား....

ယခုအခါ ကျန်းစွန်း မိသားစု၏ အင်အားက မြင့်တက်လာပြီ ဖြစ်သဖြင့် သူတို့၏ ကိုယ်ပိုင် အကျိုးစီးပွားကို မြှင့်တင်ရန် ရည်မှန်းချက် ရှိလာကြသည်။ ကျန်းစွန်း မိသားစု၏ အကျိုးစီးပွား ကျယ်ပြန့်လာခြင်းက အခြား အင်အားစုများ ဆုံးရှုံးခြင်းပင်။ ကျန်းစွန်း မိသားစု ဖွံ့ဖြိုး တိုးတက်လာစေရန် မိသားစု လုပ်ငန်းကို ဖြည်းဖြည်းခြင်း ချဲ့ထွင်းရမည့် ရေရှည်လုပ်ငန်း တစ်ခုပင်။

သို့သော် အခြား အင်အားစုကို တိုက်ရိုက် ဝါးမြိုလိုက်ပါက လျင်မြန်စွာ တိုးတက် လာလိမ့်မည်။

ယခုအခါ ဝူမိသားစုက အိမ်တိုင်ရာအရောက် ပို့ဆောင်ပေးထားသော ဆူဖြိုးသည့် သိုးကြီး တစ်ကောင်ပင်။

"စည်းကျော်တော့ ဘာလုပ်ချင်လဲ....."

"မင်းတို့ ကျန်းစွန်း မိသားစုက ဘာလုပ်ချင်လဲ..."

"ဒီနေ့ မင်းမှာ ရွေးချယ်စရာ နှစ်ခုပဲ ရှိတယ်။ မင်းရဲ့အမှားကို ဝန်ခံပြီး ခေါင်းငုံ့ထား ဒါမှမဟုတ်

ကျန်းစွန်း မိသားစုရဲ့ အိမ်တံခါးကို ရိုက်ချိုးပြီး လူတွေကို အတင်းဝင်ဖမ်းမယ်....”

ဝူချမ်ကျားက မောက်မာစွာ ပြောလိုက်သည်။

ယခု တစ်ကြိမ်တွင် ဝူချမ်ကျားက လုံးဝ မကြောက်ပေ။ သူတို့ ဝေမိသားစုက ကျန်းစွန်း မိသားစုထက် လုံးဝ အားမနည်းပေ။ ထို့အပြင် ဒီတစ်ကြိမ်တွင် ဝူမိသားစုက အခြား အင်အားစု တစ်ခုနှင့် ပူးပေါင်းထားသေးသည်။ သူက ပဋိပက္ခ နိုးဆော်ရန် ဒီနေရာသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

အဆီ တဝင်းဝင်း ဖြစ်နေသော ကျန်းစွန်း မိသားစု ဆိုသည့် အသားပိုင်းကြီးကို သူတို့က ခပ်ကြမ်းကြမ်း ကိုက်ချင်နေခြင်းပင်။

“ဝူချမ်ကျား ချက်ချင်း ထွက်သွား... ဒီလိုမှ မဟုတ်ရင် ငါတို့ ကျန်းစွန်း မိသားစုကို အပြစ်မတင်နဲ့.... တိုက်ခိုက်မယ်ဆိုလည်း ငါတို့က ကြိုဆိုတယ်....”

“ငါတို့ ကျန်းစွန်း မိသားစုက လူတွေအပေါ် ကြင်နာတတ်တယ် ဆိုပေမဲ့ ငါတို့ ကျန်းစွန်း

မိသားစုမှာ ဒေါသ မရှိဘူးလို့ ပြောတာ မဟုတ်ဘူး....”

ထိုအချိန်တွင် ကျန်းစွန်ယု၏ အဘိုးက ထွက်လာပြီး သုန်မှုန်နေသော မျက်နှာ အမူအရာနှင့် ပြောလိုက်သည်။

“ကျန်းစွန်း မိသားစု ခေါင်းဆောင်.... အငယ်လေးတွေကို ကြောက်လန့်အောင် မခြောက်ပါနဲ့.....”

တန်ခိုးရှင် အများကြီး ပေါ်လာသည်။ သူတို့က ဝူမိသားစုမှ တန်ခိုးရှင်များပင်။ ဝူ မိသားစု၏

မိသားစု ခေါင်းဆောင် မရောက်လာသော်လည်း ခေါင်းဆောင် ပါလာသည်။ သူက ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် ဖြစ်ပြီး သူ့ဘေးနားတွင် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင်များလည်း ပါလာသေးသည်။

ပြင်ပ နယ်မြေများတွင် ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် သုံးယောက် ရှိသည့် အင်အားစုကို ကြယ် (၆) ပွင့် အင်အားစုဟု ခေါ်ဆိုကြသည်။ စိတ်မကောင်းစရာမှာ တော်ဝင် နယ်မြေထဲတွင် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် သုံးယောက်သာ ရှိသည့် အင်အားစုကို ကြယ် (၆) ပွင့် အင်အားစုဟု

မသတ်မှတ်ပေ။ အနိမ့်ဆုံး လိုအပ်ချက်မှာ ယမ်ဒန်နယ်ပယ် တန်ခိုးရှင် ဆယ်ယောက် ရှိရမည်။

ကျန်းစွန်း မိသားစုနှင့် ဝူမိသားစုများက ကြယ် (၆) ပွင့် အင်အားစုများ မဟုတ်ကြပေ။

ယခု လက်ရှိတွင် ကျန်းစွန်း မိသားစု၌ အဆင့် (၇) ခမ္မကလေးငယ် နယ်ပယ် တန်ခိုးရှင် တစ်ယောက် ရှိနေပြီး ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် အနည်းငယ်နှင့် ထည့်ပေါင်းလိုက်ပါက ကြယ် (၆) ပွင့် အင်အားစုဟု သတ်မှတ်ရန် သင့်တော်နေသည်။

"ဝူချမ်ကျီ.... ငါတို့ နှစ်ဖက်လုံးက ကျောင်းယန်မြို့က အင်အားစုတွေပဲ.... မင်းတို့ ဒီလို လုပ်နေတာက အရမ်း လွန်နေပြီ...."

ကျန်းစွန်းယု၏ အဘိုးက အေးစက်စွာ ပြောလိုက်သည်။

ဝူချမ်ကျီက ဝူချမ်ကျား၏ ဒုတိယ အဘိုးပင်။ သူက တစ်ချက် ပြုံးလိုက်ပြီး.....

"အစ်ကိုစွန်း... ဘာတွေ ပြောနေတာလဲ.... ငါ ဘယ်လိုမှ နားမလည်ဘူး....။ ဒါက ကလေးတွေရဲ့ ကိစ္စတွေပါ.. သူတို့ကိစ္စကို သူတို့ဘာသာ သူတို့

ဖြေရှင်းခွင့် ပေးလိုက်ပါ။ တကယ်လို့ အားနည်းတဲ့ လူကို အနိုင်ကျင့်ရင်တော့ ငါတို့ဘက်က သည်းခံနေမှာ မဟုတ်ဘူး....”

ကျန်းစွန်းယု၏ အဘိုးက လှောင်ပြောင်လေသံနှင့်.....

“ဝူချမ်ကျီ.. ငါတို့ ဘိုးဘေးကြီးက အခုထက်ထိ အသက်ရှင် နေသေးတယ်။ မင်းလည်း ငါတို့ ဘိုးဘေးကြီးဆီက ကျေးဇူးပြုမှုကို ခံစားဖူးတာပဲ....”

“ဘယ်နှစ်တုန်းက ဟာတွေ လာပြောနေတာလဲ…၊ မင်းက ပစ္စုပ္ပန်ကို စိတ်မဝင်စားတော့ဘူးလား….”

“လူအိုကြီးရှန်း သေရင် ပန်းကုံး အကြီးကြီးပို့ပေးလိုက်မယ်….”

ဝူချမ်ကျီက ပြုံးလိုက်ပြီး

“ချမ်ကျား. ဘာတွေ အူကြောင်ကြောင်လုပ်နေတာလဲ…. လုပ်စရာရှိတာ လုပ်.. မလုပ်ဘူးဆိုရင် အခု ထွက်သွား….”

"ကျန်းစွန်း မိသားစုက မိတ်ဆွေ မဖြစ်ချင်မှတော့.... ဟော့ရောင် ကျန်းစွန်းယု... နှိမ့်ချပြီး တောင်းပန်စမ်း.... ဒီလို မဟုတ်လို့ကတော့ ကျန်းစွန်း မိသားစုကို ချေမှုန်းပစ်မယ်...."

ဝူချမ်ကျားက ကျယ်လောင်စွာ အော်ရယ်ပြီး ပြောလိုက်သည်။

ခပ်လှမ်းလှမ်းမှ လူများက ကြိတ်ပြီး သက်ပြင်း ချလိုက်ကြသည်။

ကျန်းစွန်း မိသားစုက အခြားလူများ အပေါ် အမြဲတမ်း ကြင်နာတတ်သော်လည်း သူတို့၏

သစ်ပင်ကြီး ပြိုလဲ သွားသောအခါ ကျန်းစွန်း မိသားစု အတွက် ဘေးဒုက္ခကြီး ရောက်လာခဲ့ပြီ။

ဝူမိသားစုက လူတော်တော် များများနှင့် အဆင်မပြေသော်လည်း ယခုလက်ရှိ သူတို့ဘက်က အင်အား တောင့်တင်းနေသည်။

ကျန်းစွန်းရှန်း သေဆုံး သွားသည်နှင့် ကျန်းစွန်းယု၏ အဘိုးက ကျန်းစွန်း မိသားစုထဲတွင် ဩဇာ အကြီးဆုံး ဖြစ်လာမည်။ သို့သော် သူ့ ကျင့်ကြံခြင်း အဆင့်က ယွမ်ဒန်နယ်ပယ် အဆင့် (၄)

သာ ရှိပြီး ကျန်းစွန်း မိသားစုတွင် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် သုံးယောက်သာ ရှိသည်။

ဝူမိသားစု ဘိုးဘေးကြီးက ယွမ်ဒန် နယ်ပယ် အဆင့် (၇) ဖြစ်ပြီး ဝူမိသားစုတွင် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် ငါးယောက် ရှိနေသည်။

အရေအတွက် အရဖြစ်စေ၊ အရည်အသွေးပိုင်း အရ ဖြစ်စေ ကျန်းစွန်း မိသားစုက အလွန် အားနည်းနေသည်။

ယခုနှစ်များ တလျှောက်တွင် ကျန်းစွန်းရှုန်က ကျေးဇူး အကြွေး စုဆောင်း နိုင်ခဲ့သော်လည်း

ဝန်ကြီးသေသည့် မသာပွဲက မည်ကဲ့သို့ လူစည်မည်နည်း....

"ဒီကောင်တွေ လှုပ်ရှားရဲရင် ကျန်းစွန်း မိသားစုကို ရက်စက်တယ်လို့ အပြစ်မတင်နဲ့....."

ကုန်းစွန်းယု၏ အဘိုးက ပြတ်ပြတ်သားသား ပြောလိုက်သည်။

"အဘိုးအိုကလည်း မင်းတို့ ကျန်းစွန်း မိသားစုမှာ သတ္တိ ရှိ၊ မရှိ စောင့်ကြည့် ချင်သေးတယ်..."

"မင်းတို့ကောင်တွေ လုပ်ကြစမ်း...."

“ကျန်းစွန်း မိသားစု ခေါင်းဆောင်.. မင်း လှုပ်ရှားရဲရင် ငါတို့ဘက်က အားနာနေမှာ မဟုတ်ဘူးနော်.... ဒီနေ့ မင်းမြေးရဲ့ လည်ချောင်းသွေးနဲ့ မြေထောက် စေလိုက်မယ်...”

ဝူချမ်ကျီက ယွမ်ဒန် နယ်ပယ် အဆင့် (၄) သာ ရှိသောကြောင့် ကျန်းစွန်းယု၏ အဘိုးက အားနည်းခြင်း မရှိသော်လည်း သူ့ဘေးတွင် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် သုံးယောက် ရှိနေသေးသည်။

"ဒီလူအိုကြီးကလည်း ငါတို့ ကျန်းစွန်း မိသားစုရဲ့ လည်ချောင်းသွေးနဲ့ ဘယ်လို ခြေထောက် ဆေးမလဲဆိုတာ ကြည့်ချင်သေးတယ်..."

ကျန်းစွန်းရှန်းက ငရဲပြည်မှ တက်လာသော မျက်နှာ အမူအရာနှင့် ထွက်လာသည်။ သူက လူကြီးလူကောင်း တစ်ယောက် ဖြစ်သော်လည်း ဒေါသ ထွက်လာသောအခါ အာဋ္ဌာဝကဘီလူး ဝင်စီးသည်ထက် ပို၍ ကြောက်စရာ ကောင်းနေသည်။

"ဒီနေ့ လူအိုကြီးက မင်းတို့ကို သင်ခန်းစာ ကောင်းကောင်း ပေးမယ်...."

ကုန်းစွန်းရှန်း ရှေ့တွင် ခြင်္သေ့ဖြူကြီး တစ်ကောင် ရုတ်တရက် ပေါ်လာသည်။ ထိုခြင်္သေ့ဖြူက ဆယ်မီတာကျော် ရှည်ပြီး အမြင့်က မီတာပေါင်းများစွာ မြင့်မားကာ ကြောက်စရာ ကောင်းသော အငွေ့အသက်ကို ဖြန့်ထုတ်နေသည်။

ဘုန်း.....

နောက်ထပ် အခိုက်အတန့်တွင် ကျန်းစွန်းရှန်းက လက်ဝါးကို မြှောက်လိုက်ရာ ခြင်္သေ့ဖြူကြီးကလည်း ၎င်း၏ ရှေ့ခြေထောက်ကို တစ်ပြိုင်နက်တည်း မြှောက်တင်လိုက်သည်။ အချိန် ခဏလေး

အတွင်းမှာပင် ခြသေ့်ဖြူကြီး၏ လက်သည်း ကုတ်ချက်က တိုက်ပွဲ အစီအရင်အပေါ် ကျရောက်သွားသည်။

အခြား တစ်ဖက်ကလည်း ကျန်းစွန်းရှန်း မသေခင် နောက်ဆုံးအကြိမ် မီးတောင် ပေါက်ကွဲခဲ့မည်ကို စိုးရိမ် နေကြသည်။ ထို့ကြောင့် တိုက်ပွဲ အစီအရင်ကို အဆင့်သင့် ပြင်ထား ခဲ့ကြသည်။

အကယ်၍ ကျန်းစွန်းရှန်း၏ အခြေအနေက ယခင်အတိုင်း ရှိနေမည် ဆိုပါက ဝူချမ်ကျီနှင့်

အခြားသူများက ထိခိုက် ဒဏ်ရာ ရသွားမည် မဟုတ်ဘဲ ကျန်းစွန်းရှန်းသာလျှင် (၁၀) စက္ကန့် မပြည့်ခင် သေဆုံး သွားလိမ့်မည်။

ယခုအခါ ကျန်းစွန်းရှန်က အဆင့် (၇) ဓမ္မကလေးငယ် နယ်ပယ်သို့ ရောက်ရှိနေသည်။

ကျန်းစွန်းရှန်း လှုပ်ရှား လိုက်သည်နှင့် ဝူချမ်ကျီနှင့် အခြားလူများ၏ မျက်နှာ အမူအရာက ချက်ခြင်း ရုပ်ဆိုး သွားကြသည်။ ကျန်းစွန်းရှန်း၏ ခံ့ညားသော ဟန်ပန် အမူအရာက ယွမ်ဒန် နယ်ပယ် အဆင့် (၉) မဟုတ်တော့ပေ။

ဖူး....

သွေးများ ပန်းထွက်သွားသည်။

ဝူချမ်ကျီနှင့် အခြားသူများ၏ တိုက်ပွဲ အစီအရင် ခုခံနိုင်စွမ်းက ယွမ်ဒန် နယ်ပယ် အဆင့် (၉) ရှိသော်လည်း ဓမ္မကလေးငယ် နယ်ပယ် ရောက်နေသည့် ကျန်းစွန်းရှန်း၏ အင်ပြည့် အားပြည့် တိုက်ခိုက်လိုက်သော တိုက်ခိုက်မှုကြောင့် အစီအရင်က ချက်ချင်း ပြိုကျသွားပြီး ဝူချမ်ကျီတို့ လေးယောက်ထဲတွင် နှစ်ယောက်က ချက်ချင်း သေဆုံး သွားခဲ့သည်။ ခြသေ့်ဖြူကြီး၏ ကြီးမားသော

လက်ဝါး ရိုက်ချက်ကြောင့် ပျော့ဖတ်ဖတ် အသားပုံကြီး ဖြစ်သွားသည်။

"လူအိုကြီးရှန်း.. ကျေးဇူးပြုပြီး အသက်ချမ်းသာပေးပါ.."

ဝူချမ်ကျီက ထိုကဲ့သို့ အော်ဟစ်ရင်း ထွက်ပြေးလိုက်သည်။ ယွမ်ဒန်နယ်ပယ် အဆင့် (၄) တန်ခိုးရှင်နှင့် ဓမ္မကလေးငယ် အဆင့် တန်ခိုးရှင်များကြားက ခွန်အား ကွာခြားချက် အလွန်ကြီးမားလွန်းသည်။

ဖူး....

ခြင်္သေ့ဖြူကြီး၏ ကြမ်းတမ်းလှသော လက်သည်း ကုတ်ချက် ဝူချမ်ကျီ၏ ခေါင်းကို ထိမှန်ပြီး ခန္ဓာကိုယ်က ချက်ချင်း ပေါက်ကွဲသွားသလို ဝူမိသားစု၏ နောက်ဆုံး လက်ကျန် တန်ခိုးရှင်လည်း ချက်ချင်း သေဆုံးသွားသည်။

တိုက်ပွဲက ငါးစက္ကန့် မကြာခဲ့သော်လည်း ဝူမိသားစု၏ ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် လေးယောက်လုံး သေဆုံး သွားခဲ့ပြီ....

ဝူချမ်ကျားနှင့် အခြားလူများက ကြောက်လန့်နေကြသည်။

ထို အဖြစ်အပျက်ကို စောင့်ကြည့် နေကြသော တန်ခိုးရှင်များလည်း ကြောက်လန့် သွားကြသည်။

ကျန်းစွန်းရှန်း အဆင့် တက်သွားသည်မှာ အလွန် သိသာလွန်းသည်။

ဝူမိသားစုတော့ ဓါးသွားကို ကန်မိသွားပြီ….

## အခန်း(၃၁၇) - အကျဉ်းချ ကျောက်တုံး...

"ဝူမိသားစုတော့ ပြီးသွားပြီ...."

"နောက်ပိုင်းကျရင် ကျင်းယန်မြို့က ကျန်းစွန်း မိသားစုရဲ့ ကမ္ဘာ ဖြစ်လာတော့မယ်...."

ဝူမိသာစု၏ ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် လေးယောက် အသတ်ခံလိုက်ရသည့် မြင်ကွင်းကို မြင်လျှင် လူတိုင်း၏ စိတ်ထဲ၌ ထိုအတွေးများ ပေါ်လာကြသည်။

"မသတ်ပါနဲ့.. မသတ်ပါနဲ့...."

ဝူချမ်ကျား၏ မျက်နှာက စက္ကူ တစ်ရွက်ကဲ့သို့ ဖြူဖျော့နေပြီး ဘောင်းဘီကလည်း သေးများ စိုရွဲနေသည်။ ယွမ်ဒန် နယ်ပယ် တန်ခိုးရှင်လေးယောက် အသတ်ခံရ ကတည်းက သေးများ ထွက်ကျ နေခဲ့ခြင်းပင်။

"ကြီးမြတ်သော မဟာသခင်ချင် သတ်ချင်မှတော့ အသက်ရှင်ချင် သေးတာလား..."

ကျန်းစွန်းရှန်းက လှောင်ပြောင်ပြီး ပြောဆိုလိုက်သည်။

ထို့နောက် ခြင်္သေ့ဖြူကြီးက လက်ဝါးကြီးနှင့် ရိုက်ချလိုက်ရာ ဝူချမ်ကျားနှင့် အခြားလူများက သွေးအိုင်ထဲ လဲကျသွားသည်။

ဝူချမ်ကျားနှင့် အခြားသူများကို ဝူမိသားစုမှ ထိပ်ပိုင်း အုပ်ချုပ်သူများက ခိုင်းခဲ့ပြီး သူ့မြစ်ကို မသတ်ခဲ့သော်လည်း ချင်ယန်ကို သတ်ဖြတ်ရန် ရည်ရွယ်ခဲ့သည်။

ချင်ယန်၏ အကူအညီကြောင့်သာ ကျန်းစွန်း မိသားစုက ယခုကဲ့သို့ ရှေ့ထီး ဆောင်းနိုင်ခြင်း ဖြစ်သည်။ သူတို့ ကျေးဇူးရှင်အား

သတ်ဖြတ်ချင်နေသည့် ဝူချမ်ကျားကို အသက်ရှင်လျက် ပြန်လွှတ်ပေးရန် မည်သို့မှ မဖြစ်နိုင်ပေ။

"မဟာ အကြီးအကဲ အဆင့်တက်သွားလို့ ဂုဏ်ပြုပါတယ်...."

"မဟာ အကြီးအကဲက အဆင့် (၇) ခမ္မကလေးငယ် အဆင့် တက်လှမ်းလာလို့ မဟာ အကြီးအကဲတို့ မျိုးဆက်အတွက် ဂုဏ်ပြုပါတယ်....."

ကျန်သည့် အင်အားစုမှ တန်ခိုးရှင်များက တစ်ယောက်ပြီး တစ်ယောက် ရောက်လာကာ ဂုဏ်ပြု နေကြသည်။

ချင်ယန်နှင့် ရှောင်ကျူဝမ်တို့က အိမ်တော်ထဲ ပြန်ဝင် သွားကြသည်။ ကျန်းစွန်းယု ကလည်း သူတို့နောက်မှ လိုက်သွားသည်။

“ဆရာ...”

ကူဒေါင်ရှီက အဓိပ္ပါယ် မဖော်နိုင်သော အကြည့်နှင့် ချင်ယန်ကို ကြည့်နေသည်။ ချင်ယန်က ကျန်းစွန်းယု၏ ရောဂါကို ပျောက်ကင်းအောင်

ကုသပေးနိုင်သည်ဟု ပြောခဲ့သည့် အချိန်တုန်းက သူ မယုံကြည်ခဲ့ပေ။

ကူဒေါင်ရှီက လောင်းကြေးအရ ချင်ယန်၏ တပည့်အဖြစ် လက်ခံခဲ့သော်လည်း ယခု လက်ရှိတွင် ချင်ယန်အပေါ် ထားရှိသည့် ကူဒေါင်ရှီ၏ ယုံကြည်မှုက အကန့်အသတ်နှင့်သာ ရှိနေသေးသည်။

"မင်းရဲ့ စွမ်းဆောင်မှု အပေါ် ကြည့်ပြီး ကျန်းစွန်းယုကို ဘယ်လို ကုသခဲ့တယ် ဆိုတာ နောက်ပိုင်းကျရင် ပြောပြမယ်.."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ကူဒေါင်ရှီ၏ မျက်နှာပေါ်တွင် စဉ်းစားနေသော အမူအရာ ပေါ်လာပြီး နောက်ထပ် အခိုက်အတန့်တွင် သူ့လက်ထဲ၌ ကျောက်တုံး တစ်တုံး ပေါ်လာကာ....

“ဆရာ... ဆရာ တင်မြောက်တဲ့ အခမ်းအနား မကျင်းပ ရသေးဘူး။ ဒီပစ္စည်းကို ရထားတာ တော်တော်တော့ ကြာနေပြီ ဘာလဲဆိုတာ သေသေချာချာ မသိပေမဲ့ ပစ္စည်းကောင်းလေးတော့ ဖြစ်နိုင်တယ်....’

"ဒါကို တပည့် လက်ခံတဲ့ အထိန်းအမှတ် အနေနဲ့ ဆရာ လက်ခံပေးဖို့ မျှော်လင့်ပါတယ်....."

ချင်ယန်က ကူဒေါင်ရှိ လက်ထဲက ကျောက်တုံးကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ၎င်းက လူဦးခေါင်း အရွယ်အစား ရှိသည့် ကျောက်တုံး တစ်တုံး ဖြစ်သော်လည်း သာမန် ကျောက်တုံးတော့ မဟုတ်ပေ။ ထို ကျောက်တုံးထဲမှ သွေးများ ဖြာထွက်နေသည်ဟု ထင်ရသည်။

"အကျဉ်းချ ကျောက်တုံး..."

ချင်ယန်က အံ့အောသင့် သွားသည်။

'ကူဒေါင်ရှီက ဒီလို ပစ္စည်းမျိုး ဘယ်က ရလာတာလဲ...'

အကျဉ်းချ ကျောက်တုံးက အထူးနေရာ တစ်ခု ဆင်းသက်လာခြင်း ဖြစ်ပြီး အလွန် အဆင့်မြင့်သည်။ အကျဉ်းချ ကျောက်တုံးက အဆင့် (၈) အထွတ်အထိပ် ရတနာအဆင့် ရှိသည်။

ကောင်းကင်ဘုံ သွေးသစ်ခွကဲ့သို့ ရတနာမျိုးနှင့် မယှဉ်နိုင်သော်လည်း အဆင့် (၈) အထွတ်အထိပ် ရတနာများ ဖြစ်သည့် အခြား ငရဲ ကျောက်တုံးများ ထဲတွင် အလွန် တန်ဖိုးရှိသည်။

“ ဒီအကျဉ်းချ ကျောက်တုံးက တခြား အဆင့် (၈) ရတနာတွေနဲ့ မတူဘူး။ အထူး နည်းလမ်းကို ငါ သိတယ်။ ငါ့ရဲ့ အခုလက်ရှိ အင်အားနဲ့ဆိုရင် ဒီကျောက်တုံးကို သန့်စင်နိုင်တယ်…”

‘ ဒီကျောက်တုံး အသုံးပြုပြီး လျူဝမ်ကို ထိန်းချုပ်မယ်ဆိုရင် အကျိုးသက်ရောက်မှု အရမ်း ကောင်းသွားလိမ့်မယ်…’

ချင်ယန်က စိတ်လှုပ်ရှားနေသည်။

လျူဝမ်ကို လက်လွတ်စပယ် ကြီးထွားခွင့် မပေးရဲပေ။ အကယ်၍ လျူဝမ်က အဆင့် (၈)

ရောက်သွားမည် ဆိုပါက ဒီကျောက်တုံး ရှိနေလျှင်ပင် ထိန်းချုပ်နိုင်ရန် ခက်ခဲ သွားလိမ့်မည်။

ချင်ယန်က ကျောက်တုံးအား သန့်စင်နိုင်မည့် နည်းလမ်းကို သေသေချာချာ သိနေသည်။

“ကူဒေါင်ရှီ၊ ဆရာ တင်မြှောက်တဲ့ အခမ်းအနား အတွက် ဒီကျောက်တုံး အသုံးပြုချင်တာ သေချာလား...”

ချင်ယန်က လေးနက်စွာ မေးလိုက်သည်.

ကူဒေါင်ရှီက ခေါင်းညိတ်လိုက်ပြီး...

"သုံးချင်ပါတယ်.. ဆရာ...."

ချင်ယန် မေးလိုက်သော အမူအရာနှင့် စကားကြောင့် ကူဒေါင်ရှီ၏ စိတ်ထဲတွင် သွေးထွက်ချင်သလို ခံစားလာရသည်။ သို့သော် ချင်ယန်က သူထင်သလောက် မရိုးရှင်းဘူးဟု တွေးနေမိသည်။ ချင်ယန်က ကြီးမားသော သစ်ပင်ကြီး တစ်ပင် ဖြစ်နိုင်သည်။ အကယ်၍ ချင်ယန်က ကြီးမားသော သစ်ပင်ကြီး တစ်ပင် အမှန်တကယ် ဖြစ်နေမည် ဆိုပါက မြင့်မားသော

အဆင့်ကို တက်လှမ်းရန် မျှော်လင့်ချက် ရှိလာလိမ့်မည်။

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်ပြီး.....

"ဒါဆိုလည်း ဆရာ တစ်ယောက်အနေနဲ့ လက်ခံလိုက်မယ်..."

ကူဒေါင်ရှီသည် ဆရာတစ်ယောက် အနေနဲ့ ဟူသော ချင်ယန်၏ စကားကို ကြားလိုက်သောအခါ သူ့စိတ်ထဲ၌ ထူးခြားသော ခံစားချက်များ အနည်းငယ် ပေါ်လာသည်။

"ဆရာ.. ဒါက ဘာလဲ မသိဘူးနော်...."

ကူဒေါင်ရှီက မမေးဘဲ မနေနိုင်ပေ။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

"ပစ္စည်း ကောင်းလေးပဲ..... ဒါပေမဲ့ မင်းအတွက် မလိုအပ်ဘူး.... လေလံတင်ရင်တောင် ဘယ်သူမှ သိမှာ မဟုတ်ဘူး"

အကျဉ်းချ ကျောက်တုံးက နဂါးဟိန်း တိုက်ကြီးက လုံး၀ မဟုတ်ပေ။ အဆင့် (၉) တန်ခိုးရှင်များက

သိနိုင်သော်လည်း အဆင့် (၈) တန်ခိုးရှင် အများစုက မသိကြပေ။

ကူဒေါင်ရှီက ထို ကျောက်တုံးကို လေလံပစ်လျှင်ပင် ဈေးကောင်းကောင်း ရမည် မဟုတ်ချေ။

“ကျန်းစွန်းယုကို ဘယ်လို ကုသပေးတယ် ဆိုတာ အခု လောလောဆယ် သိစရာ မလိုသေးဘူး....”

“ဒါပေမဲ့ ဆရာတစ်ယောက် အနေနဲ့ မင်းပစ္စည်းကို အလကား မယူဘူး။ မင်း

အတွေ့အကြုံထဲမှာ နားမလည်တဲ့ အရာရှိရင် ငါ့ကို မေး.... မင်းရဲ့ ဆရာတစ်ယောက် အနေနဲ့ ပြန်ဖြေပေးမယ်...."

ကူဒေါင်ရှီ၏ မျက်လုံးထဲတွင် စိတ်လှုပ်ရှားသော အမူအရာများ ပေါ်လာသည်။ သူက ဆေးဘုရင် တစ်ယောက် ဖြစ်သော်လည်း သူနားမလည်သည့် အရာများစွာ ရှိနေသေးသည်။

ထိုကိစ္စများ အတွက် အခြား အဆင့် (၇) ဆေးဘုရင် တစ်ယောက်ကို ရှာမည်ဆိုပါက မေးခွန်း

တစ်ခု၊ နှစ်ခုအတွက် ပိုက်ဆံ အများကြီး ပေးချေရလိမ့်မည်။

အကယ်၍ ချင်ယန်ထံမှ အဖြေရမည် ဆိုပါက အကောင်းဆုံးပင်.....

“ကျေးဇူး အများကြီး တင်ပါတယ်.. ဆရာ....”

ကူဒေါင်ရှီက အမြန် ပြန်ပြောလိုက်သည်။ ထို့နောက် သူကြုံတွေ့နေရသည့် ပထမဦးဆုံး မေးခွန်းကို အမြန် မေးလိုက်သည်။

“ဆရာ... အဆင့် (၆) ကောင်းကင်ဘုံ ယွမ်ဆေးပြားကို သန့်စင်ရင် အောင်မြင်ခါနီးကျမှ ခဏခဏ ကျရှုံးနေတယ်.. ဘာဖြစ်လို့လဲ မသိဘူး..”

ကူဒေါင်ရှီက သူ ဆေးသန့်စင်သည့် နည်းလမ်း အဆင့်ဆင့်နှင့် ပြုလုပ်ခဲ့သည့် အရာများကို အသေးစိတ် ပြောပြနေသည်။

ထိုမေးခွန်းက ကူဒေါင်ရှီကို အချိန် အတော်ကြာအောင် စိတ် အနှောက်အယှက် ပေးနေခဲ့သည်။ ထိုမေးခွန်းအတွက် အဆင့် (၇) ဆေးဘုရင် တစ်ယောက်ကို ရှာဖွေခဲ့သော်လည်း

တစ်ဖက်လူကလည်း ကူဒေါင်ရှီ ကျရှုံးရသည့် အကြောင်းအရင်းကို တိတိကျကျ ပြန် မပြောနိုင်ပေ။

ချင်ယန်က လက်ဖက်ရည် တစ်ငုံ သောက်လိုက်ပြီး ပေါ့ပေါ့ပါးပါး အမူအရာနှင့်...

"ဒီလောက် ရိုးရှင်းတဲ့ မေးခွန်းကို မဖြေရှင်းနိုင်ဘူးလား... မင်း ဘယ်လိုလုပ်ပြီး ဆေးဘုရင် တစ်ယောက် ဖြစ်လာလဲတော့ ငါ မသိဘူး..."

"နောက်ဆုံး အချိန်မှ ကျဆုံးတယ်ဆိုရင် မင်းရဲ့ ဆေးမီးဖိုမှာ တစ်ခုခု မှားယွင်းနေတယ် ဆိုတာ

သိသာ ထင်ရှားတယ်။ ဆရာတစ်ယောက် အနေနဲ့ ဆိုရင်တော့ မင်းရဲ့ ဆေးမီးဖို ယန်ထဲမှာ ယင်ခါတ် ရှိနေတယ်။ နောက်ဆုံး အချိန်မှ အနီရောင် ထင်းချောင်းကို ပစ်ထည့်လိုက်ရုံပဲ.....”

ကူဒေါင်ရှီက အံ့အောသင့်နေသော အမူအရာနှင့် ချင်ယန်ကို ကြည့်လိုက်သည်။ သူ့ ဆေးမီးဖိုက ယန်ထဲတွင် ယင်ခါတ် အမှန်တကယ် ရှိနေသည်။

“ဆရာ.. သာမန် အနီရောင် ထင်းချောင်း ပစ်ထည့်လိုက်ရုံနဲ့ ရပါ့မလား...”

“ရတယ်... စမ်းကြည့်လိုက် .. မင်း သိလိမ့်မယ်..”

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာသည်။ အစပိုင်းတွင် ကူဒေါင်ရှီသည် ချင်ယန်၏ အဆင့်နှင့် ပက်သက်၍ သံသယ ရှိနေသော်လည်း ယခုအခါ ချင်ယန်ကို စိတ်နှလုံး အကြွင်းမဲ့ ယုံကြည်သွားသည်။

ကူဒေါင်ရှီ ခေါင်းပူအောင် စဉ်းစားလည်း အဖြေမရခဲ့သည့် မေးခွန်းများကို ချင်ယန်က အလွယ်တကူ ဖြေရှင်းပေးခဲ့ပြီး ဆောင်ရန်၊ ရှောင်ရန် အချက်များနှင့် ထောက်ပြ ပေးခဲ့သည်။

နေ့ဝက်ခန့် ကြာပြီးနောက် ကူဒေါင်ရှီ စိတ်ထဲမှ သံသယ မေးခွန်း တော်တော်များများကို ဖြေရှင်း နိုင်ခဲ့သည်။

သံသယများကို ဖြေရှင်းပြီးနောက် ကူဒေါင်ရှီသည် ဆေးတာအို နယ်ပယ်တွင် ခြေလှမ်းကြီး တစ်လှမ်း မြင့်တက်သွားပြီး အဆင့် (၇) ဆေးဘုရင် အဆင့် ရောက်ရှိရန် မျှော်လင့်ချက် ကြီးကြီးမားမား ရှိလာပြီဟု ခံစားလာရသည်။

"တော်ပြီ... ဒီနေ့တော့ ဒီမှာပဲ နားရအောင်....."

"အလုပ် ကြိုးစားပါ.. မင်းက နှစ်ဝက်အတွင်း အဆင့် (၇) ဆေးဘုရင် အဆင့်ရောက်ဖို့ မျှော်လင့်ချက် ရှိတယ်..."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ကူဒေါင်ရှီ၏ ပင်ကိုယ် ပါရမီက အလွန်ကောင်းမွန်သည်။ ထိုကဲ့သို့ မဟုတ်ပါက ချင်ယန်က ဂုဏ်ထူးဆောင် တပည့်အဖြစ် လက်ခံခဲ့မည် မဟုတ်ပေ။

"ကျေးဇူး အများကြီးတင်ပါတယ်... ဆရာ...."

ကူဒေါင်ရှီက ခါးကွေးပြီး လေးလေးနက်နက် အရိုအသေ ပေးလိုက်သည်။ ယခုလက်ရှိတွင် စိတ်ရင်းနှင့် အရိုအသေ ပေးနေခြင်း ဖြစ်သည်။ ချင်ယန်၏ အဆင့်က သူမြင်ဖူးသည် ဆေးဇေကရာဇ်များထက် အားနည်းခြင်း မရှိပေ။

ကူဒေါင်ရှီက ယခုလေးတွင် မေးခွန်းပေါင်းများစွာ မေးခဲ့ပြီး လူတစ်ယောက်က သူ့မေးခွန်းတိုင်းကို မဖြေရှင်းနိုင်ဘူးဟု သူ ယုံကြည်သည်။ သို့သော် ချင်ယန်က တွေးပင် မတွေးဘဲ အဖြေ ပြန်ပေးခဲ့သည်မှာ သိသာ

ထင်ရှားနေသည်။ ထို့ကြောင့် အသေးအမွှား ကိစ္စများကို စကားထဲ ထည့်ပြောစရာပင် မလိုအပ်တော့ချေ။

“ကူဒေါင်ရှီ၊ မင်းဆီမှာ တစ်ရာ ရာခိုင်နှုန်း ယုံကြည် စိတ်ချရတဲ့ လူရှိလား.....”

ချင်ယန်က မေးလိုက်သည်။

“ဆရာ.. ရှိပါတယ်...”

ကူဒေါင်ရှီက အမြန် ပြန်ဖြေလိုက်သည်။

ချင်ယန်က ခဏမျှ စဉ်းစားပြီးနောက်...

"အရှေ့ ကေရာဇ် ခရိုင် (၁၃) ကို လူတစ်ယောက် လွှတ်ပြီး ကျိုရွှမ်မြို့၊ ချင်မိသားစုက ချင်ဟိုင်နဲ့ ရှီယန် အကြောင်းကို စုံစမ်းခိုင်းလိုက်..."

ကူဒေါင်ရှီက ခဏတ္တမျှ စဉ်းစားပြီးနောက်...

"ဆရာ..... ကျိုရွှမ်မြို့က အဆင့် (၇) ချင်မိသားစုလား..."

"အင်း..."

ချင်ယန်က ခေါင်းညိတ်လိုက်ပြီး....

"စိတ်မပူနဲ့... အခြေအနေကို မေးကြည့်ရုံပဲ...."

"ဟုတ်ကဲ့.. ဆရာ..."

ကူဒေါင်ရှီက ခေါင်းညိတ်လိုက်သည်။ ဒီကိစ္စက သူ့အတွက် အသေးအမွှားလေးပင်....

အရှေ့ကေရာဇ် ခရိုင် (၁၃)၊ ကျီရွှမ်မြို့ သိပ်မဝေးပေ။ လူတစ်ယောက်က အဆင့် (၆) နတ်ဆိုးသားရဲ တစ်ကောင်နှင့် သွားမည် ဆိုလျှင်ပင် တစ်လအတွင်း ပြန်ရောက် လာနိုင်သည်။

"သွားလို့ ရပြီ...."

ချင်ယန်က လက်ခါ ပြလိုက်ရာ ကူဒေါင်ရှီက အမြန် နောက်ဆုတ်သွားသည်။

ချင်ယန်က အကျဉ်းချ ကျောက်တုံးကို စိတ်လှုပ်စွာ ထုတ်ယူပြီး လျှာထိပ်ကို ကိုက်ဖောက်လိုက်ရာ ပါးစပ်ထဲမှ သွေးများ ထွက်ကျလာပြီး အကျဉ်းချ ကျောက်တုံးပေါ် ပြုတ်ကျသွားသည်။

ကျောက်တုံးက တုံ့ပြန်မှု မရှိသေးပေ။ ချင်ယန်က ကျောက်တုံးကို လက်နှစ်ဖက်နှင့် သေသေချာချာ ဆုပ်ကိုင်ပြီး နောက်ထပ် လျှို့ဝှက်ကျင့်စဉ် တစ်ခုကို

အသက် သွင်းလိုက်သည်။ ထိုအခါ ကျောက်တုံးပေါ်မှ သွေးနီရောင် အလင်းများ ဖြာထွက်လာသည်။

(၂) နာရီ ကြာပြီးနောက် ချင်ယန်၏ မျက်နှာက ဖြူဖျော့လာပြီး နောက်ဆုံးတွင် ရပ်တန့်လိုက်၏။

အကျဉ်းချ ကျောက်တုံး၏ အသွင်အပြင်က လုံးဝ ပြောင်းလဲသွားပြီး ကြည့်လိုက်ပါက ဝိညာဉ် ကျောက်တုံးကြီး တစ်ခုနှင့် ပိုတူလာသည်။

"လျှို့ဝှမ်...."

ချင်ယန်က သိုလှောင်အိတ်ထဲမှ လျူဝမ်ကို ခေါ်ထုတ်လိုက်သည်။

“မြို့ချစမ်း”

ချင်ယန် စိတ်ဝိညာဉ် ကျောက်တုံးပုံစံ ပြောင်းလဲသွားသော အကျဉ်းချ ကျောက်တုံးကို လက်ညှိုးထိုးပြီး အော်ဟစ်လိုက်ရာ လျူဝမ်က စိတ်လှုပ်ရှားစွာ အမြစ်များကို ဆန့်ထုတ်ကာ စိတ်ဝိညာဉ် ကျောက်တုံးကြီးကို ရစ်ပတ်လိုက်သည်။

နာရီဝက်ခန့် ကြာပြီးနောက် လျူဝမ်၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဒန်နယ်ပယ် အဆင့် (၈) သို့ ရောက်သွားပြီး ဆက်လက် မြင့်တက်နေသေးသည်။

ကျောက်တုံးထဲတွင် ပါဝင်သော စွမ်းအားက အလွန် အစွမ်းထက်နေသည်။

နောက်ထပ် တစ်နာရီ ကျော်သွားသောအခါ လျူဝမ်က အလွန် စိတ်လှုပ်ရှားနေပြီး ၎င်း၏ ကျင်ကြံခြင်းအဆင့်က ယွမ်ဒန် နယ်ပယ် အဆင့် (၉) သို့ ရောက်ရှိသွားသည်။

"လျှူဝမ်က သုံးရက်အတွင်း အဆင့် (၇) ခမ္မကလေးငယ် နယ်ပယ်သို့ ရောက်လိမ့်မယ်..."

"အချိန်တန်ရင် အခြေချဖို့ နေရာကောင်းတစ်ခု ရှာရမယ်။ ပိုပြီးတော့ အန္တရာယ်လည်း ကင်းရမယ်။ အဲ့အခါကျရင် တန်ခိုးရှင်တွေကို ပို ကုသပေးပြီတော့ အကျိုးအမြတ်တွေ ပိုစုဆောင်း ရမယ်...."

သူကိုယ်တိုင် ခွန်အား မရှိပါက အခြား တန်ခိုးရှင်များကို သိမ်းကျုံးပြီး ကုသပေးရမည်ဟု ချင်ယန်က တွေးလိုက်သည်။ အချို့ တန်ခိုးရှင်များက စားပြီး နားမလည် ကျေးဇူး

ကန်းတတ်ကြသော်လည်း ကိုယ်ပိုင် ခွန်အား အလွန် ကောင်းနေသရွေ့ စိုးရိမ်စရာ မလိုပေ။

"ဆေးကုသ ပေးတဲ့ အချိန်ကျရင် အရင်းအမြစ်တွေ အများကြီး ရလာလိမ့်မယ်။ ဒါဆို လျူဝမ်ရဲ့ ခွန်အားကလည်း မြန်မြန်ဆန်ဆန် တိုးတက် လာလိမ့်မယ်..."

"အဲ့ အချိန်ကျရင် ငါကလည်း တန်ခိုးရှင် နည်းနည်းလောက်နဲ့ စာချုပ် ချုပ်ရမယ်...."

ချင်ယန်၏ အစီအစဉ်မှာ ကုန်းစွန်း မိသားစု၏ အစီအစဉ်နှင့် လီလျူ သန့်ရှင်းမြို့သို့ သွားရန်

စီစဉ်ထားခြင်း ဖြစ်သည်။ ယခုအခါ ကူဒေါင်ရှိုက သူ၏ ဂုဏ်ထူးဆောင်တပည့် ဖြစ်လာပြီ ဖြစ်သဖြင့် လီလျူ သန့်ရှင်းမြို့ကို သွားမည့်အရေးက ပိုမို ဘေးကင်း လုံခြုံသွားခဲ့ပြီ.....

လီလျူ သန့်ရှင်းမြို့က လီလျူ ကောင်းကင်ဘုံ နန်းတော်နှင့် ကီလိုမီတာ တစ်ရာပင် မဝေးသော နေရာတွင် တည်ရှိသည့် မြို့တစ်မြို့ ဖြစ်သည်။

ချင်ယန်၏ မျက်နှာ အမူအရာ အနည်းငယ် ရှုပ်ထွေးနေသည်။ လီလျူ သန့်ရှင်းမြို့တွင် သူ့အလွန် အထင်ကြီးခဲ့သည့် လူများ ရှိနေသေးသည်။

# အခန်း(၃၁၈) - ငယ် သူငယ်ချင်းနှင့် တွေ့ဆုံမှု

"ပေါင်ရို.... ဒီဘဝမှာ ငါတို့တွေ တစ်ယောက်နဲ့ တစ်ယောက် မဆုံတွေ့ကြဖို့ မျှော်လင့်ပါတယ်..."

ပေါင်ရိုသည် ချင်ယန် ပြန်လည် မမွေးဖွားခင်က ချင်ယန်အတွက် အလွန် ဝမ်းနည်းခဲ့ရသည့် လူများထဲမှ တစ်ယောက် ဖြစ်သည်။

ထိုအချိန်တုန်းက ချင်ယန်တွင် ကောင်းကင်ဘုံ ဝါးမြို့ခြင်း သစ်ပင် ကေရာဇ် ရှိနေပြီး အလွန်

သန်မာနေသည်။ မိန်းမ တစ်ယောက်ကလည်း သူ့အပေါ် အလွန် ကောင်းမွန် နေခဲ့သည်။ ပေါင်ရိုနှင့် ဆုံတွေ့ခဲ့သည့် အချိန်တွင် ချင်ယန်က စုရှယုကို သဘောကျ နေခဲ့သည်။ သို့သော် ပေါင်ရိုက လုံးဝ လက်မလျှော့ခဲ့ပေ။ သူမက တိတ်တဆိတ် ကူညီပေးနေခဲ့ပြီး ချင်ယန်နှင့် စုရှယုတို့အပေါ် အများကြီး ကူညီ ပေးခဲ့သည်။

နောက်ပိုင်းတွင် ပေါင်မိသားစုက ပေါင်ရိုအတွက် လက်ထပ်ပွဲ စီစဉ် ပေးခဲ့သည်။ တစ်ဖက်လူက ကြယ် (၈) ပွင့် အင်အားစုမှ သခင်လေး

တစ်ယောက်ပင်။ လက်မထပ်ခင် တစ်ရက် အလိုတွင် ပေါင်ရိုက သူနှင့် တွေ့ချင်ပါသည်ဟု သူမ၏ ကိုယ်ပိုင်အိမ်ဖော်မှ တဆင့် စာပေးခဲ့သည်။

အဆိုပါ ကြယ် (၈) ပွင့် အင်အားစုက သခင်လေးကလည်း တော်တော်လေး ကောင်းမွန်နေသဖြင့် ချင်ယန်က လုံး၀ မသွားခဲ့ဘဲ သူမတို့အတွက် စိတ်ထဲမှသာ တိတ်တဆိတ် ကောင်းချီး ပေးနေခဲ့သည်။

သို့သော် (၂) ရက်မြောက်နေ့တွင် ပေါင်ရို သေဆုံးသွားသည့် သတင်းကို ချင်ယန် ရရှိခဲ့သည်။

ပေါင်ရိုက အဆိပ်သောက်ပြီး ကိုယ့်ကိုယ်ကို သတ်သေ သွားခဲ့ခြင်းပင်။

ထိုနှစ်က အသုဘပွဲတွင် စုရှယုက မျက်လုံး ဖောင်းကားအောင် ငိုယိုနေခဲ့ပြီး ပေါင်ရိုအတွက် စိတ်မကောင်း ဖြစ်မိကြောင်း အဆက်မပြတ် ပြောဆို နေခဲ့သည်။ သို့သော် သေသည့်လူ ပြန် မရှင်နိုင်တော့ပေ။ ပေါင်ရိုက ဤမျှ စိတ်ပိုင်းဖြတ် ထားလိမ့်မည်ဟု ချင်ယန်က မမျှော်လင့်ထားခဲ့ပေ။

“အဲ့အချိန်တုန်းက ဒီလိုအချိန်မှာ ငါက လီလျူ သန့်ရှင်းမြို့ကို မရောက်သေးဘူး... အခု

လက်ရှိတော့ ပေါင်ရိုလည်း လီလျူသန့်ရှင်းမြို့ကို မရောက်နိုင်သေးဘူး...”

“ဒီဘဝတော့ ငါတို့တွေ မဆုံတွေ့ဖို့ မျှော်လင့်ပါတယ်။ မင်းအတွက် ကောင်းမွန်တဲ့ ဘဝတစ်ခု ဖြစ်ပါစေလို့ ဆုတောင်း ပေးပါတယ်....”

ချင်ယန်က သူ့ကိုယ်သူ တိုးတိုးလေး ပြောလိုက်သည်။ သူတို့ နှစ်ယောက်က ဆုံတွေ့ကြမလား၊ မဆုံတွေ့ကြဘူးလား ဆိုသည်ကို သူလည်း မသိပေ။ အကယ်၍ မတော်တဆ ဆုံတွေ့မိမည် ဆိုပါက သူတို့ နှစ်ယောက်၏

ဆက်ဆံရေးကို ဆိုးဝါးသွားအောင် တမင်သက်သက် ပြုလုပ်ရမည်။ ပေါင်ရိုက ဒီဘဝတွင် ယခင်ဘဝက ကဲ့သို့ မခံစား ထိုက်တော့ပေ။

........

"ကျန်းစွန်းယု.. ပေါင်မိသားစုကို သိလား...."

ချင်ယန်က မေးလိုက်သည်။

"အစ်ကိုချင်... အရမ်း ချမ်းသာတဲ့ ပေါင်မိသားစုကို ပြောတာလား....."

ကျန်းစွန်းယုက ပြောလိုက်သည်။

ချင်ယန်က ခေါင်းညိတ် လိုက်သည်။

ကျန်းစွန်းယုက ပြုံးရွှင်နေသော မျက်နှာ အမူအရာနှင့်.....

“အစ်ကိုချင်... ပေါင်မိသားစုကို သိတာပေါ့။ ပေါင်မိသားစုကိုတောင် မသိရင် ဂူတွင်း အောင်းနေတဲ့ ကျောက်ခေတ် လူသား ဖြစ်သွားမှာပေါ့....”

ပေါင်မိသားစုက အခြား အင်အားစုများ ကဲ့သို့ ကျယ်ပြောသော နယ်မြေများကို သိမ်းပိုက်ထားခြင်း လုံးဝ မရှိပေ။

ပေါင်မိသားစုက မိသားစု စီးပွားရေးသာ လုပ်ကိုင်သည်။

ကျန်းစွန်း မိသားစုက အားမနည်းဘဲ ချမ်းသာသည်။ သို့သော် ပေါင်မိသားစုနှင့် နှိုင်းယှဉ်ပါက အလှမ်း ဝေးကွာ နေသေးသည်။

ကျန်းစွန်း မိသားစု၏ ချမ်းသာ ကြွယ်ဝမှုသည် ပေါင်မိသားစု ချမ်းသာ ကြွယ်ဝမှု၏ အပုံတစ်ထောင်ပုံ တစ်ပုံပင် မရှိသေးချေ။ ပေါင်မိသားစု၏ ပိုင်ဆိုင်မှုကို ကြယ် (၈) ပွင့် အင်အားစု အနည်းငယ်ကသာ နှိုင်းယှဉ်နိုင်သည်။

ပေါင်မိသားစုက နှစ်ပေါင်း တစ်သောင်းကျော် တည်တံ့ နေခဲ့သဖြင့် သူတို့ စုဆောင်းထားသော စည်းစိမ်းဥစ္စာက မည်မျှ များပြားလည်း ဆိုသည်ကို လူတော်တော်များများ မသိနိုင်ကြပေ။

ပေါင်မိသားစု၏ သွေးမျိုးဆက်က ထူးခြားသည်။ သူတို့ မိသားစုထဲတွင် လှပသော အမျိုးသမီး အများကြီး ရှိသည်။ ကာလ ကြာရှည်သော နှစ်ပေါင်း တလျှောက်တွင် သူတို့၏ အမျိုးသမီးများက အင်အားစု တော်တော်များများနှင့် လက်ထပ် ခဲ့ကြသည်။

ပေါင်မိသားစု ဘိုးဘေး၏ ဆောင်းပုဒ်မှာ 'လွှမ်းမိုးဖို့အတွက် တိုက်ပွဲ ဝင်စရာမလို.... ငွေရှာဖို့သာ လိုတယ်....'

ပေါင်မိသားစု၏ ချမ်းသာ ကြွယ်ဝမှုက ကြယ် (၉) ပွင့် အင်အားစုထက် မနိမ့်ကျနိုင်ဘူးဟု လူအများက ထင်မြင် ယူဆ ထားကြသည်။

ထို့ပြင် ကြယ် (၉) ပွင့် အင်အားစုကပင် ပေါင်မိသားစုကို အလွယ်တကူ မတိုက်ခိုက်ရဲပေ။ ပေါင်မိသားစုတွင် မည်ကဲ့သို့ ဝှက်ဖဲမျိုး ကိုင်ထားလဲ ဆိုသည်ကို ကောင်းကင်ကသာ သိလိမ့်မည်။

ပေါင်မိသားစု တိုက်ခိုက် ခံနေရသည်ကို သိသွားပါက အခြား တန်ခိုးရှင်များနှင့် အခြား အင်အားစု မည်မျှပင် ထွက်ပေါ်လာမလဲ ဆိုသည်ကို မည်သူမျှ မသိနိုင်ပေ။

ထို့အပြင် ပေါင်မိသားစုက စည်းစိမ်ဥစ္စာ များစွာ ပေးဆောင်ပြီး စည်းရုံးခဲ့ပါက ကြယ် (၉) ပွင့် အင်အားစုများပင် တောင့်ခံနိုင်မည် မဟုတ်ချေ။

ငွေကြေးတစ်ခု ပေါင်မိသားစု လက်ထဲ ရောက်သွားသောအခါ ကြီးမားသော စွမ်းအားတစ်ခု ဖြစ်လာခဲ့သည်။

"အခုလက်ရှိ လီလျူ သန့်ရှင်းမြို့က ပေါင်မိသားစုရဲ့ စီးပွားရေး လုပ်ငန်းကို ဘယ်သူ တာဝန် ယူထားတာလဲ...."

ချင်ယန်က မေးလိုက်သည်။

ပေါင်မိသားစု၏ စီးပွားရေး လုပ်ငန်းကို နဂါးဟိန်း တိုက်ကြီး တစ်ခုလုံးတွင် မပြန့်ကျက် ထားသော်လည်း လီလျူမြို့ကဲ့သို့ အထင်ကရ မြို့ကြီးများတွင် ကျိန်းသေပေါက် ပြန့်ကျက် ထားလိမ့်မည်။

"ပေါင်ယွန်လီ..."

ချင်ယန်၏ စိတ်ထဲတွင် ပေါင်လွန်လီ၏ အချက်အလက်များက ချက်ချင်း ပေါ်လာသည်။ သူက ပေါင်ယွန်လီနှင့် ဆက်ဆံခဲ့ဖူးပြီး ပေါင်ယွန်လီက ပေါင်ရို၏ တတိယမြောက် အဘိုးပင်။

ထိုအချိန်တုန်းက လီလျူ သန့်ရှင်းမြို့ကို ချင်ယန် ရောက်သွားခဲ့သည့် အချိန်က ယခုလက်ရှိ အချိန်ထက် အများကြီး နောက်ကျနေခဲ့သဖြင့် ပေါင်ယွန်လီက အခြားမြို့သို့ ပြောင်းရွှေ့

သွားခဲ့သည်။ ထိုနေရာ၏ တာဝန်ခံက ပေါင်ရို၏ အဘိုး ဖြစ်နေခဲ့သည်။

"ကြည့်ရတာတော့ ထပ် မဆုံတော့ဘူး ထင်တယ်...."

ချင်ယန်က ကြိတ်ပြီး စိတ်သက်သာရာ ရသွားသည်။

"ကျန်းစွန်းယု.... လီလျူ ကောင်းကင်ဘုံ နန်းတော်မှာ ကျင်းပမယ့် လူငယ် သိုင်းပညာ ညီလာခံ ကျင်းပဖို့ နှစ်ရက်ပဲ လိုတော့တယ်.. မင်း ပါမှာလား.."

ကျန်းစွန်းယုက စိတ်လှုပ်ရှားစွာ ခေါင်းညိတ်ပြသည်။

ယခုလက်ရှိတွင် ကျန်းစွန်းယု၏ ကျင့်ကြံခြင်းအဆင့်က မနိမ့်ကျတော့ဘဲ ယွမ်ဟူ နယ်ပယ်သို့ ရောက်နေပြီ ဖြစ်သဖြင့် ပြိုင်ပွဲထဲ ဝင်ပါရန် အရည်အချင်း ပြည့်မီနေပြီ ဖြစ်သည်။

“အစ်ကိုချင်... မင်းလည်း လီလျူ သန့်ရှင်းမြို့ကို သွားဖို့လား....”

“အင်း....”

တစ်နာရီခန့် ကြာပြီးနောက် ချင်ယန်တို့အဖွဲ့က လီလျူ သန့်ရှင်းမြို့သို့ ပျံသန်းမည့် မိုးပျံလှေပေါ် ရောက်ရှိ လာကြသည်။ ခိုလှေ၏ အမြန်နှုန်းက အဆင့် (၆) တိမ်ငန်းလောက် မကောင်းသော်လည်း တိမ်ငန်းနှင့် ခရီးသွားခြင်းထက် အများကြီး ပိုအဆင်ပြေသည်။ ကီလိုမီတာ တစ်သောင်းသာ ကွာဝေးသောကြောင့် မိုးပျံလှေနှင့် သွားလျှင်ပင် အချိန် သိပ်ကြာမည် မဟုတ်ပေ။

"ဆရာ...... လီလျူမြို့မှာ ငါ့အိမ်တစ်လုံး ရှိတယ်။ တကယ်လို့ ဆရာ မကြိုက်ရင် ပိုကောင်းတဲ့ အိမ်တစ်လုံး ဆရာ့ကို ပေးမယ်..."

ကူဒေါင်ရှီက ပြောလိုက်သည်။

ငါးနာရီခန့် ကြာပြီးနောက် မိုးပျံလှေက လီလျူမြို့နှင့် နီးကပ်လာခဲ့သည်။

"တာအို မိတ်ဆွေရှီ၊ ငါတို့ ကျန်းစွန်း မိသားစုက လီလျူ သန့်ရှင်းမြို့မှာ အိမ်ဝယ်ဖို့ တတ်နိုင်ပါသေးတယ်... ငါလည်း ပါလာ ပါတယ်ကွာ..."

ကျန်းစွန်းရှန်းက ပြောလိုက်သည်။

ကျန်းစွန်းရှန်း၏ အဆင့်တက်လှမ်းသွားမှုကြောင့် လူတော်တော် များများက သူ့ကို ဂုဏ်ပြု ခဲ့ကြသည်။ လူအများက ကျန်းစွန်းရှန်းကို ဂုဏ်ပြုပွဲ ကျင်းပရန် အကြံပေးနေ ကြသေးသည်။ သို့သော် ကျန်းစွန်းရှန်းက လီလျူ သန့်ရှင်းမြို့ကို ချင်ယန် သွားမည့်အကြောင်း သိပြီးနောက် သူတို့၏ အကြံပေးမှုကို ငြင်းပယ်ခဲ့သည်။ ထို့နောက် သာမန်အဝတ်အစားသာ ဝတ်၍ ချင်ယန်နောက်သို့ လိုက်လာခဲ့သည်။

ကျန်းစွန်းရှန်း၏ ပြောစကားအရ ချင်ယန်က သူ့အသက်ကို ကယ်တင်ပြီး အဆင့်တက်နိုင်အောင် ကူညီ ပေးခဲ့သောကြောင့် မည်သို့ပင် ဖြစ်စေကာမူ ချင်ယန်၏ ကျေးဇူးအကြွေးကို ပြန်ဆပ်ရမည်။

ကျန်းစွန်း မိသားစုတွင် ကောင်းမွန်သော အရာများ မရှိပေ။ ထို့ကြောင့် ကျန်းစွန်းရှန်းက ချင်ယန်၏ အစောင့်အဖြစ် နှစ်ပေါင်းများစွာ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။

ထိုကိစ္စနှင့် ပက်သက်၍ ကျန်းစွန်းယုတို့ မြေးအဘိုးကလည်း ကန့်ကွက်ခြင်း မရှိကြပေ။

ကျန်းစွန်းရှန်း အသက်ရှင်နေသရွေ့ ကျန်းစွန်း မိသားစုက အကျိုးခံစားခွင့် အဆက်မပြတ် ရနေလိမ့်မည်။

အမှန်တကယ်ဆို ကျန်းစွန်းယုတို့ မြေအဘိုး၏ ထင်မြင်ချက်က အသုံးဝင်ခြင်း မရှိပေ။ ကျန်းစွန်းရှန်းက သူတို့၏ ဘိုးဘေးကြီး ဖြစ်နေသည် မဟုတ်ပါလား။

"လူအိုကြီးရှန်… ငါက ဆရာရဲ့တပည့်ပါ.. ဆရာက ငါ့အပိုင်ပဲ…"

ကူဒေါင်ရှီက အခိုင်အမာ ပြောလိုက်သည်။

ကျန်းစွန်းရှန်းက သံသယ မျက်လုံးများနှင့် ကူဒေါင်ရှီကို ကြည့်လိုက်သည်။

ချင်ယန်က ကူဒေါင်ရှီကို မည်သည့်စကား ပြောခဲ့သနည်း......

ယခုလက်ရှိတွင် ကူဒေါင်ရှီက ချင်ယန်၏ ဂုဏ်ထူးဆောင် တပည့်လုပ်ရန် စိတ်ရင်းနှင့် ဆန္ဒ ရှိနေသည့်ပုံပင်.....

"မင်းပဲ လုပ်လိုက်... ရန်မဖြစ်ကြနဲ့တော့...."

"အိမ် အကြီးကြီး မလိုချင်ဘူး...... အိမ်သေးသေးလေး တစ်လုံးပဲ ဝယ်လိုက်......"

အိမ်က ကြီးနေမည်ဆိုပါက အချိန်တန်လျှင် လျူဝမ်က ကာကွယ်နိုင်မည် မဟုတ်ပေ။ အိမ်သေးသေးလေး တစ်လုံး ဝယ်လိုက်မည် ဆိုပါက တစ်အိမ်လုံးက လျူဝမ်၏ ကာကွယ်နှင့် လုံခြုံနေလိမ့်မည်။

မိုးပျံလှေက မြို့အပြင်ဘက်တွင် ဆင်းသက်လိုက်သည်။

ကျန်းစွန်းရှန်းက သူပိုင်သော မိုးပျံလှေကို ထုတ်ယူလိုက်သည်။

"ဒီနေရာက ချမ်ဂျူးမြို့ထက် ပိုစည်းကားတယ်..."

"လာလည်တဲ့ လူတွေကလည်း ပို သန်မာတယ်....."

ရှောင်ကျူဝမ်နှင့် အခြားလူများက ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ပြီး အံ့အောသင့် နေကြသည်။ ချမ်ဂျူးမြို့တွင် လူဦးရေ တစ်ဘီလီယံ ရှိပြီး အလွန် ချမ်းသာ နေသော်လည်း လီလျူ

သန့်ရှင်းမြို့က ပို၍ပင် စည်းကားနေပြီး ပိုချမ်းသာနေသည်။

ချမ်ဂျူးမြို့က ချမ်ဂျူး ကျွန်းဆွယ်ပေါ်တွင် တည်ရှိနေခြင်း ဖြစ်သည်။ လီလျူ သန့်ရှင်းမြို့က ချမ်ဂျူးမြို့ထက် အဆပေါင်း ဒါဇင်နှင့်ချီပြီး သို့မဟုတ် အဆပေါင်း ရာနှင့်ချီပြီး ပိုကြီးမားသည်။ နေထိုင်သည့် လူဦးရေလည်း ပိုများသည်။

ထိုဒေသ၏ လူဦးရေ သိပ်သည်းမှုက (၂၀) ထရီလီယံနီးပါး ရှိနေသဖြင့် အလွန် ကြောက်စရာကောင်းလှသည်။

လီလျူ သန့်စင်မြို့၏ လူဦးရေက (၁.၅) ဘီလီယံနီးပါးသာ ရှိသည်။

ထိုလူဦးရေက ချမ်ဂျူးမြို့ထက် တစ်ဆခွဲသာ ပိုများသော်လည်း ယွမ်ဒန်နယ်ပယ် တန်ခိုးရှင်များ၊ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များနှင့် လီလျူ သန့်ရှင်းမြို့၏ ကြွယ်ဝမှုက ချမ်ဂျူးမြို့ထက် အဆတစ်ရာခန့် ပိုများသည်။

လီလျူ သန့်ရှင်းမြို့တွင် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင်များကို လမ်းပေါ်တွင် အချိန်မရွေး တွေ့နိုင်သော်လည်း အဆင့် (၇) ဓမ္မကလေးငယ်

အဆင့် တန်ခိုးရှင်များက အလွန် ရှားပါး နေသေးသည်။ သာမန်အားဖြင့် လီလျူ သန့်ရှင်းမြို့တွင် ဓမ္မကလေးငယ် အဆင့် တန်ခိုးရှင်က တစ်ရာပင် မပြည့်ချေ။

အခြား တစ်နည်း ပြောရမည် ဆိုလျှင် ယခုလက်ရှိတွင် ကျန်းစွန်းရှန်းက လီလျူ သန့်ရှင်းမြို့၏ ထိပ်တန်း တစ်ရာထဲ ပါနေပြီး သေချာပေါက် ထိပ်သီး တန်ခိုးရှင် တစ်ယောက် ဖြစ်နေသေးသည်။

"မင်းက ချင်ယန်လား...."

ချင်ယန်တို့အဖွဲ့က ကြီးမားသော မြို့တံခါး အနီးသို့ ရောက်သောအခါ လူတစ်ယောက်က ချင်ယန်တို့ အနားသို့ ရုတ်တရက် ချဉ်းကပ်လာသည်။ သူက ချင်ယန်ကို အံ့အောသင့်စွာ ငေးကြည့်နေသည်။

"ကျန်းရီ"

ချင်ယန်လည်း မမျှော်လင့်ထားသဖြင့် အမှန်တကယ် အံ့အော သင့်သွားသည်။

"တကယ်ပဲ မင်းလား..."

ထိုလူငယ်လေးက အမှန်တကယ် မယုံကြည်နိုင်ဖြစ်နေသည်။

ချင်ယန်၏ မျက်နှာပေါ်တွင် အပြုံးတစ်ခုပေါ်လာသည်။ ကလေးဘဝက ကစားဖော်နှင့် အမှန်တကယ် ပြန်ဆုံတွေ့လိမ့်မည်ဟု လုံးဝမမျှော်လင့်ထားပေ။

ချင်ယန်၏ ငယ်ဘဝ မှတ်ဉာဏ်က နက်ရှိုင်းခြင်းမရှိသဖြင့် များများစားစား မမှတ်မိသော်လည်း သူ့အခင်ဆုံး သူငယ်ချင်းကိုမူ ရှင်းရှင်းလင်းလင်းမှတ်မိ နေသေးသည်။

သူတို့ (၇)နှစ်သား အရွယ်တွင် ကျန်းရီနှင့် သူမိဘများက ပြောင်းရွှေ့ သွားကြပြီး နောက်ပိုင်းတွင် မည်သည့် သတင်းမှ မကြားရတော့ပေ။ ချင်ယန် ပြန်လည် မမွေးဖွားခင်ကလည်း လုံးဝ မတွေ့ခဲ့ရပေ။

"ကျန်းရီ.... မင်းကို ကြည့်ရတာ အခုလက်ရှိ အဆင်ပြေနေတဲ့ ပုံပဲ..."

ချင်ယန်က စိတ်ပါလက်ပါ ရယ်မောပြီး ပြောလိုက်သည်။

ချင်ယန်သည် ပြန်လည် မမွေးဖွားခင်က ခြေလှမ်းတစ်ဝက် အုပ်ချုပ်သူအဆင့် ထိပ်သီး ပုဂ္ဂိုလ်ကြီး ဖြစ်ခဲ့သော်လည်း ငယ်စဉ် ကလေးဘဝက ကစားဖော်နှင့် ပြန်တွေ့သောအခါ အလွန် ပျော်ရွှင် နေသေးသည်။

"အဆင်ပြေပါတယ်.... နှစ်တွေတောင် တော်တော်လေး ကြာသွားပြီ.."

"ချင်ယန်... အေးအေးဆေးဆေး စကားပြောဖို့ တစ်နေရာ သွားရအောင်.. ငါ မင်းကို ဒကာခံမယ်...... လီလျူ သန့်ရှင်းမြို့တော်ကို

ဘယ်လို ရောက်လာတာလဲ…… ငါတို့ မွေးရပ်မြေနဲ့ အရမ်းဝေးတယ်… ငါတော့ ထွက်လာပြီး ကတည်းက တစ်ခါမှ ပြန် မရောက်သေးဘူး……”

ကျန်းရီ၏ မျက်လုံးထဲတွင် လွမ်းဆွတ် တမ်းတမှုများ ပေါ်လာသည်။

“ကောင်းတာပေါ့…. တစ်နေရာ ရှာပြီး စကား ပြောကြမယ်….”

ချင်ယန်က ပြုံးရင်း ခေါင်းညိတ်လိုက်သည်။

မကြာခင် ချင်ယန်တို့ အဖွဲ့က တော်တော်လေး ကောင်းမွန်သော စားသောက်ဆိုင် တစ်ခုသို့ ရောက်လာကြသည်။

ကျန်းစွန်းရှန်းနှင့် အခြားလူများက သီးသန့် အခန်းတစ်ခုထဲ ဝင်သွားပြီး ချင်ယန်နှင့် ကျန်းရီက အခြား သီးသန့် အခန်းတစ်ခုထဲသို့ လူခွဲပြီး ဝင်သွားကြသည်။

# အခန်း(၃၁၉) - သဲလွန်စ....

“ချင်ယန်... လီလျူ ကောင်းကင်ဘုံ နန်းတော်က ကျင်းပတဲ့ လူငယ် သိုင်းပညာ ညီလာခံမှာ ပါဝင်ဖို့ ဒီကို လာတာလား... ဒီလို ဆိုရင်တော့ မပါဝင်ဖို့ အကြံပေးချင်တယ်....”

“ဘာဖြစ်လို့လဲ.....”

ဝိုင်ခွက် အနည်းငယ် သောက်ပြီးနောက် ချင်ယန်နှင့် ကျန်းရီတို့က ပြန်လည် ရင်းနီး

လာကြသည်။ အမှန်တကယ်ဆို သူတို့နှစ်ယောက် ကလေးဘဝက ကစားဖော်များ ဖြစ်ကြသဖြင့် သူတို့ကြားရှိ ခင်မင်မှုထဲတွင် မည်သည့်အရောင်မှ မရှိပေ။

"ရှုံးမှာပဲ..."

ကျန်းရီက ကူကယ်ရာ မဲ့နေသော အမူအရာနှင့် ပြောလိုက်သည်။

"မင်းကို မဖုံးကွယ် ထားတော့ဘူး။ ငါက ကံကောင်းမှုတွေ ကြုံတွေ့ပြီး အခုလက်ရှိ ငါ့ရဲ့ ကျင့်ကြံခြင်းအဆင့်က ယွမ်ဟူ နယ်ပယ် အဆင့် (၅)

ရောက်နေပြီ။ လီလျူ ကောင်းကင်ဘုံ နန်းတော်၊ ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် အကြီးအကဲ တစ်ယောက်ဆီမှာ သင်ယူနေတယ်။ ဒါပေမဲ့ ငါ့ဆရာက ငါ့မှာ မျှော်လင့်ချက် မရှိဘူးလို့ ပြောခဲ့တယ်….”

“တကယ်လို့ မင်း ဝင်ပါမယ်ဆိုလည်း ထိပ်ဆုံး အယောက် (၁၀၀) ထဲပါဖို့ မဖြစ်နိုင်ဘူး…”

“ဒီတစ်ကြိမ် လူငယ် သိုင်းပညာ ညီလာခံက သိုင်းပြိုင်ပွဲ တစ်ခု မဟုတ်ဘူး။ အရည်အချင်း ပြည့်မီတဲ့ လူတစ်သောင်းက ကျွန်း တစ်ကျွန်းပေါ်မှာ

ယှဉ်ပြိုင်ရမှာ။ နံပါတ်ပြားအများဆုံး ရတဲ့လူက ထိပ်ဆုံး အယောက်တစ်ရာထဲ ပါမယ်။ ဒီတစ်ကြိမ် ဆုတွေကလည်း တော်တော်လေး ထူးဆန်းနေလို့ တန်ခိုးရှင် တော်တော်များများကို ဆွဲဆောင်နေတယ်။ တခြား ကြယ် (၇) ပွင့် အင်အားစု တော်တော်များများလည်း ရောက်လာလို့ ငါတို့နဲ့ ဘာမှ မဆိုင်တော့ဘူး.....”

“ဒါပေါ့.. တကယ်လို့ မင်းရဲ့ စွမ်းဆောင်မှု ကောင်းရင် တန်ခိုးရှင်တွေ အတွက် ကောင်းလိမ့်မယ်......”

ချင်ယန်က မျက်မှောင် ကြုတ်လိုက်ပြီး....

"ဒီစည်းကမ်း အရဆို တချို့လူတွေက နံပါတ်ပြား မရဘူးပေါ့... ကျန်တဲ့လူတွေကို နံပါတ်ပြား ပေးလို့ရလား.... ဒါမှမဟုတ် ကျန်တဲ့ လူတွေဆီက လုယူလို့ ရလား...."

"ရတယ်....."

"ဒါပေမဲ့ နောက်ဆုံးတော့ ပင်ကိုယ်ပါရမီ နိမ့်ကျနေရင်တောင် ကျော်ထောက် နောက်ခံ တောင့်တင်းတဲ့လူ ဖြစ်ရမယ်...."

ကျန်းရီက အနည်းငယ် ကူကယ်ရာမဲ့နေသော အမူအရာနှင့် ပြောလိုက်သည်။ ကျန်းရီက အသက် (၁၆) နှစ်ရှိနေပြီ။ သူက လီလျူ ကောင်းကင်ဘုံ နန်းတော်ထဲဝင်ပြီး ယွမ်ဟူ နယ်ပယ် အဆင့် (၅) ရှိသည့် ပါရမီရှင် တစ်ယောက်ပင်.....

သို့သော် ကျန်းရီ၏ ဆရာက အကြီးအကဲ ဖြစ်ရုံသာရှိပြီး နောက်ခံက အားမကောင်းပေ။

လီလျူ ကောင်းကင်ဘုံ နန်းတော်၏ အမြင့်ဆုံး အဆင့်အတန်းမှာ နန်းတော်သခင် ဖြစ်သည်။ လက်ထောက် နန်းတော်သခင် လေးယောက်က

သူ့အောက်တွင် ရှိသည်။ သူတို့အောက်တွင် မဟာအကြီးအကဲ (၁၈) ယောက်ရှိသည်။ မဟာအကြီးအကဲ (၁၈) ယောက်လုံးက အဆင့်(၇) ခမ္ဘကလေးငယ် နယ်ပယ် တန်ခိုးရှင်များ ဖြစ်ကြသည်။

မဟာ အကြီးအကဲများ အောက်တွင် အကြီးအကဲများ ရှိသည်။ အကြီးအကဲများ ကလည်း အဆင့်(၇) ခမ္ဘကလေးငယ် နယ်ပယ် တန်ခိုးရှင်များ ဖြစ်ကြသည်။

လီလျူ ကောင်းကင်ဘုံ နန်းတော်က ခွဲတမ်း တစ်ဝက် ရလျှင်ပင် ကျန်းရီ အလှည့် မရောက်မည်ကို ကြောက်ရသည်။

ချင်ယန် မျက်မှောင် ကြုတ်သွား၏ ။ သူ ပြန်လည် မမွေးဖွားခင်တွင် ပြိုင်ဆိုင်မှုက ဤမျှ ပြင်းထန်ခြင်း မရှိပေ။ သူ ပြန်လည် မွေးဖွား လာသောကြောင့် ပြောင်းလဲ သွားသည်လော....

ခို့ပြင် ပြိုင်ဆိုင်မှု ပိုမို ပြင်းထန်သောကြောင့် အကျိုးအမြတ်လည်း ပိုများနိုင်သည်။ လူငယ်

သိုင်းပညာ ပြိုင်ပွဲအတွက် မဖြစ်မနေ တိုက်ခိုက်ရမည်။

ချင်ယန်က ပြန်လည် မွေးဖွားလာသောကြောင့် အချို့ ကဏ္ဍများတွင် အားသာချက်များ ရှိနေသည်ကို ကောင်းကောင်း သိနေသည်။

ပင်ကိုယ် ပါရမီအရ ပြောရမည် ဆိုလျှင် ယခုလက်ရှိ သူ့ ပင်ကိုယ် ပါရမီက ကြီးကျယ် ခမ်းနားသည့် အရာ မဟုတ်သေးပေ။

ကုသိုလ် စွမ်းအားကြောင့် ကျင့်ကြံခြင်း အဆင့် လျင်လျင်မြန်မြန် တိုးတက်လာခဲ့သည်။ ဒုတိယ

အချက်မှာ ဝူလန် အမွေခံနယ်မြေမှ ရရှိခဲ့သော အကျိုးအမြတ်များကြောင့် ဖြစ်သည်။

အကယ်၍ ပင်ကိုယ်ပါရမီကို မမြှင့်တင်နိုင်ပါက နောက်ပိုင်းတွင် သူ့ကိုယ်သူ မြှင့်တင်ရန် ပိုမို ခက်ခဲသည်ထက် ခက်ခဲလာတော့မည်ကို ချင်ယန် ကောင်းကောင်း သိနေသည်။

သူ့လက်ထဲတွင် ကောင်းကင်ဘုံ သွေးသစ်ခွ ရှိနေသည်။ ဒါက ပင်ကိုယ် ပါရမီကို မြှင့်တင်ရန် အကောင်းဆုံး အရာပင်။ ဒါက လူငယ် သိုင်းပညာ ညီလာခံလည်း ဖြစ်နေသည်။ ထို့ကြောင့်

ကောင်းကင်ဘုံ သွေးသစ်ခွ၏ အကျိုး အာနိသင်ကို (၃၀) ရာခိုင်နှုန်း ပိုမို မြှင့်တင်ပေးလိမ့်မည်။

ချင်ယန်၏ ယခုလက်ရှိ အခြေအနေအရ ကောင်းကင်ဘုံ သွေးသစ်ခွကို အသုံးပြုလျှင်ပင် သူ၏ ပင်ကိုယ် ပါရမီက အမြင့်အဆင့် မရောက်နိုင်ပေ။

သို့သော် ကောင်းကင်ဘုံ သွေးသစ်ခွ၏ အကျိုးအာနိသင်က (၃၀) ရာခိုင်နှုန်း ဖြစ်သွားမည် ဆိုလျှင် ပြဿနာ ကြီးကြီးမားမား ရှိတော့မည် မဟုတ်ပေ။

"ကျန်းရီ၊ မင်းရှေ့မှာ လူ ဘယ်နှစ်ယောက်လောက် ရှိမယ်လို့ ခန့်မှန်းထားလဲ...."

ကျန်းရီက ကူကယ်ရာမဲ့နေသော လေသံနှင့်......

"လေး၊ ငါးရာလောက် ရှိမယ်....။ ငါ့ဆရာက အကြီးအကဲ ဆိုပေမဲ့ ယှမ်ဒန်နယ်ပယ် ပဲ ရှိသေးတာ။ အကြီးအကဲတွေ ထဲမှာတောင် အဆင့် မမြင့်ဘူး။ မဟာ အကြီးအကဲတွေကတော့ သူတို့ရဲ့ အငယ်လေး တစ်ယောက်၊ နှစ်ယောက်လောက် ထည့်ပေးနိုင်တယ်။ ကျန်တာကို ကြယ် (၇) ပွင့်

အင်အားစုတွေက နေရာ တော်တော်များများ သိမ်းပိုက်ထားတယ်။ နေရာ တစ်ရာကျော်ကို အဆင့် (၆) အင်အားစုတွေက တိတ်တိတ်လေး ယူထားတယ်။ မိသားစု၊ စတဲ့ အဖွဲ့တွေကလည်း နေရာ တော်တော်များများ သိမ်းပိုက်ထားတယ်....”

ကျန်းရှီသည် ပင်ကိုယ် ပါရမီအရ သူ့တွင် မျှော်လင့်ချက် ရှိသေးသည်ဟု အနည်းငယ် ယုံကြည်သော်လည်း ယခု လက်ရှိတွင် တော်တော်လေး ကူကယ်ရာမဲ့ နေသည်။

“အချိန်တန်ရင် လူခေါ်သွားလို့ ရလား...”

ကျန်းရီက ခေါင်းညိတ်လိုက်ပြီး.....

"ရတယ်..... (၅၁) ကနေ (၁၀၀) အတွင်းဝင်ရင် အစောင့် တစ်ယောက် ခေါ်သွားနိုင်တယ်။ (၂၁) ကနေ (၅၀) အတွင်းဆိုရင် အစောင့် နှစ်ယောက် ခေါ်သွားနိုင်တယ်။ (၁၁) ကနေ (၂၀) ဆိုရင် သုံးယောက် ခေါ်သွားနိုင်တယ်..... (၂) ကနေ (၁၀) အထိဆိုရင် လေးယောက် ခေါ်သွားနိုင်တယ်။ ချန်ပီယံ ဖြစ်တဲ့လူကတော့ ငါးယောက် ခေါ်သွားနိုင်တယ်..."

"တကယ်တော့ သူတို့တွေက ထိပ်တန်း တန်ခိုးရှင်တွေပဲ.......... သူတို့ အငယ်လေးတွေ ဆီက အခွင့်အရေး ယူနေတာ အကျည်းတန် လွန်းပါတယ်။ ဒီလိုလုပ်ပြီး သူတို့က လူတွေ ပိုခေါ်နိုင်အောင် လုပ်နေတာ..."

ချင်ယန်က...

"အထဲကို လူခေါ်သွင်းဖို့ အတွက် သတ်မှတ်ချက်တွေ ရှိသေးလား...."

"ရှိတယ်..... ခေါ်သွားမယ့် လူရဲ့ ကျင့်ကြံခြင်း အဆင့်က ခေါ်သွားတဲ့ လူရဲ့ ကျင့်ကြံခြင်း

အဆင့်ထက် မမြင့်ရဘူး။ ငါက ယွမ်ဟိုင်နယ်ပယ် အဆင့် (၅) ဆိုတော့ ငါ ခေါ်သွားနိုင်တဲ့ လူက အများဆုံးမှ ယွမ်ဟိုင် နယ်ပယ် အဆင့် (၅) ပဲ။ ဒုတိယ လိုအပ်ချက်က အများဆုံး အသက် (၄၀) ပဲ ရှိရမယ်....”

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

ကောင်းကင်ဘုံ သွေးသစ်ခွတွင် ပွင့်ချပ် (၁၂) ချပ်ရှိသော်လည်း ချင်ယန်က ပွင့်ချပ် တစ်ခုတည်းကိုသာ အသုံးပြုနိုင်သည်။ ချင်ယန်တို့၏

ယခုလက်ရှိ ခွန်အားနှင့် ဆိုလျှင် တစ်ယောက်စီတွင် ပွင့်ချပ် တစ်ခု၏ စွမ်းအားကို ခံနိုင်ရည် ရှိနေသည်။

ချင်ယန်က ချမ်ဟိုင်ကိုလည်း ပွင့်ချပ် တစ်ချပ် ထုတ်ပေးရန် စိတ်ကူးထားသည်။ သို့တိုင်အောင် ရှစ်ယောက်သာ ရှိသေးသည်။ သူတို့ အားလုံး အထဲဝင်ချင်သည် ဆိုပါက အနည်းဆုံး နှစ်ယောက်က ထိပ်တန်း အယောက် တစ်ရာထဲ ဝင်နေရန် လိုအပ်နေသည်။

“ဒါနဲ့ စကားမစပ်...... စစ်ဆေးမယ့် ပွဲကို ငါးရက် နောက်ဆုတ် ထားတယ်.....”

ချင်ယန်က အံ့အောသင့်သွားပြီး.....

"ဘာဖြစ်လို့ ရွှေ့လိုက်တာလဲ..."

လီလျူ ကောင်းကင်ဘုံ နန်းတော်က ကြယ် (၇) ပွင့် အင်အားစု ဖြစ်သဖြင့် သြဇာလွှမ်းမိုးမှု ကြီးမားသည်။ ယေဘူယျအားဖြင့် ပြောရမည်ဆိုလျှင် အလွန် တိကျသည်။ ထွေထွေထူးထူး အကြောင်းအရာ မရှိပါက အခြားသူများ၏ အကြံပြုချက်ကို လိုက်နာမည် မဟုတ်ပေ။

"ဂူရဲ့ တဘက်ခြမ်းမှာ ပြဿနာ ရှိနေတယ်လို့ ကြားထားတယ်..."

“လီလျူ ကောင်းကင်ဘုံ နန်းတော်က တန်ခိုးရှင် တချို့ လီလျူ လိုဏ်ဂူထဲ ဝင်သွားကြတယ်။ နတ်ဆိုး သားရဲတွေက နာခံမှု မရှိဘူးဆိုတာ မင်းလည်း သိသားပဲ။ ဘယ်အချိန် ပြဿနာ ထဖြစ်မလဲ ဆိုတာ ကောင်းကင်ကပဲ သိလိမ့်မယ်....”

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်ပြလိုက်သည်။ ဒါလည်း အမှန်ပင်...... လီလျူ ကောင်းကင်ဘုံ နန်းတော်က အစွမ်းထက်သော်လည်း လီလျူ လိုဏ်ဂူထဲရှိ နတ်ဆိုး သားရဲများကို မထိန်းချုပ်နိုင်ပေ။

လီလျူ လိုဏ်ဂူထဲတွင် အဆင့် (၇) နတ်ဆိုးသားရဲ အများကြီး ရှိနေပြီး အဆင့် (၈) နတ်ဆိုးသားရဲ နှစ်ကောင် ရှိနေသည့် အကြောင်းကိုပင် ချင်ယန်က သိထားသည်။

အရင်ဘဝက ကျန်းစွန်းယုသည် ကံဆိုးပြီး အဆင့် (၈) နတ်ဆိုးသားရဲ တစ်ကောင်နှင့် ကြုံတွေ့ကာ သေဆုံးသွားခဲ့ခြင်း ဖြစ်သည်။

“ချင်ယန်.... အရင်တုန်းက ငါ့ မိသားစုက အခြေအနေ ပိုဆိုးခဲ့တယ်... အဲ့အချိန်မှာ မင်းက

ငါ့ကို အများကြီး ကူညီခဲ့တယ်။ အခု မင်း ဒီနေရောက်နေပြီ ဆိုတော့ ငါ့ကို အားနာမနေနဲ့.....”

ကျန်းရီက စိတ်ပါလက်ပါ ရယ်မောလိုက်ပြီး......

“ငါက လူငယ် သိုင်းပညာ ညီလာခံအတွက် မျှော်လင့်ချက် မရှိပေမဲ့ လီလျူ ကောင်းကင်ဘုံ နန်းတော်ရဲ့ အမာခံတပည့် ဖြစ်နေပါသေးတယ်။ လီလျူ သန့်ရှင်းမြို့မှာ မျက်နှာ နည်းနည်းတော့ ရှိသေးတယ်။ ပြဿနာ အရမ်း မကြီးသရွေ့ ငါ ကိုင်တွယ် ပေးနိုင်တယ်....”

“ဒါဆိုရင် မင်းကို အားနာ မနေတော့ဘူး....”

ချင်ယန်က တစ်ချက်ပြုံးပြီး ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။ ပြန်မတွေ့ ဖြစ်သည့်မှာ နှစ်ပေါင်းများစွာ ကြာနေသော်လည်း ကျန်းရှီအပေါ် ခံစားချက် အလွန် ကောင်းနေသေးသည်။

“ကျန်းရှီ... နတ်သမီး သိဒ္ဓိပုလဲ အကြောင်း ကြားဖူးလား.....”

ကျန်းရှီ သိလိမ့်မည်ဟု မထင်သဖြင့် ချင်ယန်က သာမန်ကာလျှံကာ မေးလိုက်သည်။

သို့သော် ချင်ယန်၏ မျှော်လင့်ချက်ကို ကျော်လွန်သွားသည်။

ကျန်းရှိက အံ့အောသင့်သွားသော လေသံနှင့်.....

“နတ်သူငယ် သန့်ရှင်း ပုတီးစေ့လား... လီလျူ လေလံခန်းမ လေလံတင် ရောင်းချတဲ့ အထဲမှာ နတ်သူငယ် သန့်ရှင်း ပုတီးစေ့တွေ ပါတယ်လို့ ငါ သိထားတယ်။ လေလံပစ်တဲ့လူက ဒီပစ္စည်းကို အသုံးပြုဖို့ အရမ်း ခက်ခဲတယ်လို့ ပြောတယ်။ ဒါက နတ်သူငယ်တွေရဲ့ မြင့်မြတ်တဲ့ အမွေအနှစ်လို့ ပြောခဲ့သေးတယ်။ မင်းက အဲ့ပစ္စည်းကို ရရင် အကျိုးအမြတ် ကြီးကြီးမားမား ရနိုင်တယ် ဆိုပေမဲ့ နောက်ဆုံးဈေးက အရမ်း ဈေးမကြီးဘူး....”

"ဘယ်ဈေးလဲ..."

"ရွှေတုံး သန်း (၃၀)"

ကျန်းရီက.....

"ငါသာ ရွှေတုံး သန်း (၃၀)နဲ့ လေလံဆွဲမယ် ဆိုရင် ဒီထက် ပိုကောင်းတဲ့ ပစ္စည်း တစ်ခုကိုပဲ လေလံဆွဲမှာ။ နတ်သူငယ် မြင့်မြတ် ပုတီးစေ့က အဆင့် (၇) ရတနာလောက် အသုံးဝင်မယ် မထင်ပါဘူး။ အရမ်း အစွမ်းထက်နေရင် ဘယ်သူက လေလံတင်ပြီး ရောင်းမှာလဲ...."

ချင်ယန်၏ မျက်လုံးများက တောက်ပလာသည်။ သူတို့က နတ်သူငယ် သိဒ္ဓိပုလဲကို ရှာဖွေရန် သဲလွန်စအရ ဒီဘက်သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ ရောက်သည်နှင့် နတ်သူငယ် သိဒ္ဓိပုလဲနှင့် ပက်သက်သည့် သဲလွန်စကို မမျှော်လင့်ဘဲ အမှန်တကယ် ရရှိခဲ့သည်။

"ကျန်းရီ.... နတ်သူငယ် မြင့်မြတ် ပုတီးစေ့ကို လေလံတင် ရောင်းချခဲ့တဲ့လူနဲ့ ဝယ်သွားတဲ့လူကို သိလား...."

ကျန်းရီက ခေါင်းခါလိုက်ပြီး.....

"ချင်ယန်.. ဒါတော့ ငါလည်း မသိဘူး။ အခုတော့ နတ်သူငယ် မြင့်မြတ် ပုတီးစေ့ကို လုံးဝ မဝယ်သေးဘူး။ လီလျူ လေလံအိမ်တော်က အချက်အလက်တွေ ဖုံးကွယ်ထားတယ်။ ငါ မပြောနဲ့ ငါ့ဆရာတောင် ရောင်းသူရဲ့ အချက်အလက်ကို သိဖို့ မဖြစ်နိုင်ဘူး....."

ချင်ယန်က မျက်မှောင် ကြုတ်သွား၏။

အကယ်၍ နတ်သူငယ် သိဒ္ဓိပုလဲကို ရသွားပါက လောင်လန်နာ၏ ခွန်အားက အများကြီး တိုးတက်လာမည်ဟု ခန့်မှန်းရသည်။

"ချင်ယန်... မင်းက နတ်သူငယ် မြင့်မြတ် ပုတီးစေ့ကို စိတ်ဝင်စားလို့လား...."

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်ပြလိုက်သည်။

ကျန်းရီက......

"မင်း မလိုချင်နဲ့အုံး....... ရောင်းတဲ့လူက သန်း (၃၀)နဲ့ ရောင်းတယ်ဆိုတော့ မရိုးရှင်းနိုင်ဘူး။ ဒီလိုလူမျိုး စိတ်ဆိုးသွားရင် ငါ့ဆရာရဲ့ မျက်နှာနဲ့တောင် အခြေအနေ မကောင်းနိုင်ဘူး။

တဖက်လူက အသက် အရမ်း မကြီးရင်တောင် နောက်ခံ အင်အား ကောင်းနေနိုင်တယ်.....”

“ချင်ယန်.. ဒီအကြောင်းတွေ ထားလိုက်တော့ ...... ဒီနှစ်အတွင်း မင်းရဲ့ အခြေအနေကို ပြောပြပါအုံး..”

“လီလျူ သန့်ရှင်းမြို့ကို ဘယ်လို ရောက်လာတာလဲ.... ဒီနေရာက တန်ထန် အင်ပါယာနဲ့ အရမ်းဝေးတယ်လေ.....”

ချင်ယန်က စကား စပြောရန် လုပ်လိုက်စဉ် အပြင်ဘက်၌ ရုတ်ရုတ်သဲသဲ အသံများ

ထွက်ပေါ်လာပြီး ရှောင်ကျူဝမ်တို့၏ အခန်းတံခါး ကန့်ဖွင့် ခံလိုက်ရသည့် အသံကို ကြားလိုက်ရသည်။

“နတ်သူငယ် သွေးမျိုးဆက်…”

“တကယ် ကံကောင်းတယ်….”

အပြင်ဘက် လူသွားလမ်းတွင် ခမ်းနား ထည်ဝါစွာ ဝတ်ဆင်ထားသည် လူငယ်လေး တစ်ယောက်က လောင်လန်နာကို စိတ်လှုပ်ရှားစွာ ကြည့်နေသည်။

သူ့တွင် နတ်သူငယ်များ၏ သွေးမျိုးဆက်ကို အာရုံခံနိုင်သော ရတနာတစ်ခု ရှိနေပြီး ဒီဘက်တွင် အာရုံခံမိသဖြင့် ထိုလူငယ်လေးက သူ့လူများကို ခေါ်ပြီး ချက်ချင်း ရောက်လာခဲ့ခြင်း ဖြစ်သည်။

“သူမကို ခေါ်သွား....”

“မဟုတ်ဘူး.. အကုန်လုံး ခေါ်သွား....”

ခမ်းနားထည်ဝါစွာ ဝတ်ဆင်ထားသော လူငယ်လေးက ကြီးစိုးလွန်းသော ဟန်ပန် အမူအရာနှင့် လောင်လန်နာတို့ အဖွဲ့ကို လက်ညှိုးထိုးပြီး ပြောလိုက်သည်။ သူ့နောက်တွင်

တန်ခိုးရှင် အများကြီး ရှိနေပြီး သူတို့ထဲမှ နှစ်ယောက်က ယွမ်ဟိုင် နယ်ပယ်တွင် ရှိနေသည်။

အခြားလူများက ယွမ်ဟူ နယ်ပယ် ကျင့်ကြံခြင်း အဆင့် ရှိကြသည်။

## အခန်း(၃၂၀) - ရန်ကျုံးရဲ့ သခင်လေး...

ခမ်းနား ထည်ဝါစွာ ဝတ်ဆင်ထားသော လူငယ်လေးက အမိန့် ပေးလိုက်သည်နှင့် သူ့လူများက ဖမ်းဆီးရန် ချက်ချင်း လုပ်လိုက်ကြသည်။

ထိုအချိန်တွင် ချင်ယန်တို့ နှစ်ယောက်က တံခါးဖွင့်ပြီး ထွက်လာကြသည်။

"ကောင်းရှောင်.... သူတို့က ငါ့ မိတ်ဆွေတွေပါ...."

ကျန်းရှီက တော်တော်လေး မျက်မှောင် ကြုတ်နေသည်။

ခမ်းနားထည်ဝါစွာ ဝတ်ဆင်ထားသော ကောင်းတန်ယုက ခေါင်းလှည့်ပြီး ကျန်းရှီကို ကြည့်လိုက်သည်။ ထို့နောက် အရေးမစိုက်သော လေသံနှင့်......

"ကျန်းရှီ.... ဘာဖြစ်လို့ ငါ့ကို လားတား နေတာလဲ..."

ကျန်းရီ၏ မျက်နှာက လေးနက်လာပြီး....

"ကောင်းရှောင်.... မျက်နှာသာ ပေးပါ...."

"အို...."

ကောင်းတန်ယုက အားနာခြင်း မရှိပေ။ လှောင်ပြောင်သော လေသံနှင့်.....

"မင်းကို မျက်နှာသာ ပေးရမယ် ဟုတ်လား...... မင်းကိုယ်မင်း ဘာကောင် ထင်နေတာလဲ....... မင်းက အကြီးအကဲဖန်ရဲ့ တပည့် ဖြစ်သွားတာနဲ့ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီ ထင်နေတာလား....

ကျန်းရီ... မင်းဆရာ အကြီးအကဲ ဖန်ရောက်လာရင်တောင် ဒီသခင်လေးက ခေါ်သွားမှာပဲ ... လာတားလို့ မရဘူး....."

ကျန်းရီက မျက်နှာ အမူအရာက ရုပ်ဆိုးသွားပြီး...

"ကောင်းရှောင်......... ငါ့ဆရာရော မင်းအဖေရော နှစ်ယောက်လုံးက အကြီးအကဲတွေပဲ........"

ကောင်းတန်ယုက အထင်သေးသော လေသံနှင့်.........

"နှစ်ယောက်လုံးက အကြီးအကဲ ဆိုပေမဲ့ ငါ့အဖေက အသက် (၅၀) ပဲ ရှိသေးတယ်။ အကြီးအကဲဖန်က အသက် တစ်ရာကျော်နေပြီ။ ပြီးတော့ ငါ့အဖေရဲ့ အကြီးအကဲ ရာထူးက ပိုမြင့်တယ်.... နောက်ပိုင်းကျရင် မဟာ အကြီးအကဲ ဖြစ်လာနိုင်တယ်....."

"ထွက်သွားစမ်း... ဒီလိုမှ မဟုတ်ရင် ဒီသခင်လေးကို ရိုင်းတယ်လို့ အပြစ်မတင်နဲ့...."

နှစ်ယောက်လုံးက လီလျူ ကောင်းကင်ဘုံ နန်းတော်မှ လူများ ဖြစ်သော်လည်း ကောင်းတန်ယုက လုံး၀ မျက်နှာသာ မပေးချေ။

လီလျူ ကောင်းကင်ဘုံ နန်းတော်က အလွန် ကြီးမားသဖြင့် အတွင်းပိုင်တွင် ဂိုဏ်းဂဏ အများကြီး ကွဲနေသည်။ ကောင်းတန်ယု၏ အဖေနှင့် ကျန်းရီ၏ ဆရာတို့က အဖွဲ့များ မတူကြပေ။

ကောင်းတန်ယု၏ အဖေက ပို သန်မာလျှင်ပင် ကောင်းတန်ယုက မျက်နှာသာ ပေးမည် မဟုတ်ချေ။

"ဒီနေ့ ငါ့အလောင်းကို မနင်းဘဲနဲ့ ဒီလူတွေကို ခေါ်သွားလို့ မရဘူး...."

ကျန်းရီ၏ မျက်နှာ အမူအရာက အလွန် ခက်ထန်နေပြီး အေးစက်စွာ ပြောလိုက်သည်။ ချင်ယန်က သူ့ငယ်သူချင်း ဖြစ်သဖြင့် ကျန်းရီက အလွန် တန်ဖိုးထားသည်။ ကောင်းတန်ယုက ချင်ယန်နှင့် အခြားလူများအား ခေါ်သွားမည့် အဖြစ်မျိုးကို ကျန်းရီက လုံးဝ လက်မခံနိုင်ပေ။

ချင်ယန်က စိတ်ထဲမှ ကြိတ်ပြီး ခေါင်းညိတ်လိုက်သည်။

ကျန်းရီက ယခင် ကျန်းရီ ဖြစ်နေဆဲပင်……

ချင်ယန်တို့ ကလေးဘဝတွင် ကျန်းရီက အလွန် သစ္စာ ရှိသည်ဟု ခံစားခဲ့ရသည်။ ယနေ့လည်း ထိုအတိုင်းပဲ ရှိနေသေးသည်။

ငယ်သူငယ်ချင်းနှင့် ကွဲကွာ နေခဲ့သည်မှာ ကြာနေပြီ။ ယခု အခြေအနေမျိုးတွင် လူအများစုက ကျန်းရီကဲ့သို့ မဟုတ်ဘဲ ခံစားချက်များ လျော့ပါး နေလိမ့်မည်။

“အို….. မင်းက သခင်လေးနဲ့ ဖက်ပြိုင် ချင်သေးတယ်ပေါ့……”

"ကိုယ့်လူတို့ သူ့ကို မသတ်နဲ့"

ကောင်းတန်ယုက စပ်ဖြဲဖြဲ ပြုံးပြီး အမိန့်ပေးလိုက်သည်။

"ဟုတ်ကဲ့ပါ... သခင်လေး...."

ကောင်းတန်ယု၏ လူများက တပြိုင်နက်တည်း အော်ဟစ်လိုက်သည်။ ကျန်းရီကို လုံး၀ မကြောက်ပေ။ ရိုက်ဆိုပါက ရိုက်ပစ်လိုက်မည်သာ.....

ကျန်းရီ၏ ဆရာ၊ အကြီးအကဲ ဖန်က ကောင်းမိသားစုကို ပြဿနာ ရှာရန် သတ္တိ ရှိမည်လော.......

“နေပါအုံး”

ချင်ယန်က ပြောလိုက်သည်။

ကောင်းတန်ယု၏ လက်အောက် ငယ်သားများက ရပ်တန့်လိုက်ပြီး ကောင်းတန်ယုက ချင်ယန်ကို ကြည့်လိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.......

"ရှောင်ကောင်း ဟုတ်တယ်နော်...... မင်းကိုယ်မင်း ပြဿနာ မရှာနဲ့... ဒီလိုမှ မဟုတ်ရင် မကြာခင် တော်တော်လေး ကံဆိုး သွားလိမ့်မယ်.."

"ဒီကောင် စောက်ရူးပဲ...."

"ဒီလို စကားလောက်နဲ့ သခင်လေးက ကြောက်သွားမယ် ထင်နေတာလား..."

"ရိုက်စမ်းပါ... ဒီသခင်လေးကို သေတဲ့အထိ ရိုက်လိုက်လေ......"

ကောင်းတန်ယု၏ လေသံက အမှန်တကယ် အထင်သေးနေသည်။ သူ့ အမြင်အရ ချင်ယန်က သူ့ကို အဝေး ထွက်သွားစေရန် ဖြဲခြောက်ရုံ သက်သက်သာ ဖြစ်သည်။ ဒီနေရာတွင် တန်ခိုးရှင် အများကြီး ရှိနေသော်လည်း ချင်ယန်က သူ့ကို စော်ကားရန် မတတ်နိုင်ဘူးဟု ကောင်းတန်ယုက ထင်ထားသည်။

ထို့အပြင် ချင်ယန်နှင့် ကျန်းရီတို့က အရက်သောက်နေရာမှ အတူတူ ထွက်လာပြီး ကျန်းရီနှင့် စကား ပြောနေခဲ့သဖြင့် ချင်ယန်၏

ခွန်အားက သာမန်ထက်သာ သာလွန်နိုင်သည်ဟု ခန့်မှန်းထားသည်။

"မိုက်မဲတာပဲ....."

ရှောင်ကျူဝမ်တို့၏ သီးသန့် အခန်းထဲတွင် ထိုင်နေသော ကျန်းစွန်းရှန်းက တင်းမာစွာ ပြောလိုက်သည်။

ယခုလက်ရှိတွင် ချင်ယန်၏ အစောင့်တစ်ယောက် အနေဖြင့် ဒီနေရာကို လိုက်လာခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် အဝတ်အစားကို သာမန်သာ ဝတ်ဆင်ပြီး ပုံရိပ်

နှိမ့်ချကာ နေထိုင်နေခဲ့သဖြင့် ကောင်းတန်ယုက သူ့ကို လုံးဝ သတိမထားခဲ့မိပေ။

"မင်း သူ့ကို သတ်ချင်ရင်... ဒီအဘိုးကြီးကို အရင်ဆုံး လာသတ်လှည့်...."

"လူအိုကြီး... ဒီသခင်လေးက မလုပ်ရဲဘူး ထင်နေတာလား...... ကြည့်ရတာ ဒီလူအိုကြီးရဲ့ ပါးအရောင်ကို နည်းနည်းလောက် အရောင် တင်ပေးလိုက်မှ ဖြစ်မယ် ထင်တယ်....."

ကောင်းတန်ယုက မောက်မာစွာ ပြောလိုက်သည်။

သူစကား ပြောပြီးနောက် သူ့ဘေးမှ လူနှစ်ယောက်က သူ့လက်မောင်းကို တို့လိုက်ပြီး တုန်ယင်နေသော လေသံဖြင့်.......

"သခင်လေး...... ဒီလူကို ကြည့်ရတာ ကျန်းစွန်းရှန်း ဖြစ်မယ် ထင်တယ်.."

ကောင်းတန်ယု၏ ခန္ဓာကိုယ်က တုန်တက်သွားသည်။ ကျန်းစွန်းရှန်က အသက်ကြီးလွန်းသဖြင့် လွန်ခဲ့သော ဆယ်နှစ်ခန့် ကတည်းက မိသားစုထဲမှ အပြင် ထွက်ခဲ့သည်။ ယခုလက်ရှိတွင် ကောင်းတန်ယုက အသက် (၂၀) ပင်

မပြည့်သေးချေ။ ထို့ကြောင့် ကျန်းစွန်းရှန်းကို မြင်လည်း မမြင်ဖူးသလို သိလည်းမသိပေ။ သို့သော် ကျန်းစွန်းရှန်းဟူသော နာမည်က မိုးကြိုးပစ်သလို ကျယ်လောင် လွှန်းလှသည်။

ကျန်းစွန်းရှန်းက အဆင့် (၇) ဓမ္မကလေးငယ် အဆင့်သို့ ရောက်သွားပြီးနောက် ထိုသတင်းသည် ချင်ယန်တို့အဖွဲ့ လီလျူ သန့်ရှင်းမြို့ကို မရောက်ခင် ကတည်းက ကြိုရောက် နေခဲ့သည်။ ကျင်းယန်မြို့မှ မြို့သူမြို့သားများကလည်း ထိုသတင်းကို ဂုဏ်ယူ ဝမ်းမြောက်စွာ ဖြန့်ဝေ နေခဲ့ကြသည်။

“သခင်လေး... တကယ်ပဲ သခင်ကြီးရှန်းပါ....”

ထိုအချိန်တွင် ကျန်းစွန်းရှန်း၏ မျက်နှာကို မှတ်မိသည့် နောက်လူ တစ်ယောက်က အသံပို့လွှတ်ပြီး ထပ် ပြောလိုက်သည်။

ကောင်းတန်ယု၏ မျက်နှာက ဖြူဖျော့သွား၏။

‘ကျန်းစွန်းရှန်းရဲ့ ပါးကို နည်းနည်းလောက် အရောင် တင်ပေးမယ်လို့ ငါ ပြောလိုက်တာလား.’

‘လူအိုကြီးလို့လည်း ခေါ်လိုက်သေးတယ်...’

ကျန်းရီလည်း အနည်းငယ် အံ့အောမှင်သက်နေသည်။ ချင်ယန်က သခင်ကြီး ကျန်းစွန်းရှန်းနှင့် အမှန်တကယ် ပက်သက်နေသည်။ သို့သော် ဒီလူအုပ်ကို ချင်ယန်က ဦးဆောင်နေသည်ဟု ထင်ရသည်။

"အကြီးအကဲ မျိုးဆက်.... ဒီလူငယ်လေး အမှား လုပ်မိသွားပါတယ်.... ကျေးဇူးပြုပြီး ခွင့်လွှတ်ပေးပါ...."

ကောင်းတန်ယုက ကမန်းကတန်း တောင်းပန်လိုက်သည်။ ကျန်းစွန်းရှန်းက စိတ်နှလုံး

ကောင်းမွန်သည့် လူတစ်ယောက် ဖြစ်ကြောင်း သူ သိနေသည်။ သူ့ဘက်မှ အပြုအမူကို နှိမ့်ချလိုက်ပါက ပြဿနာ ကြီးကြီးမားမား မဖြစ်နိုင်ပေ။

ယခုလက်ရှိ ကျန်းစွန်းရှန်း ရောက်နေရသည့် အကြောင်းအရာကို ကောင်းတန်ယု မသိသေးပေ။ သို့သော် ချင်ယန်၏ ကိုယ်ရံတော် တစ်ယောက် အနေဖြင့် ချင်ယန်အား သတ်ပစ်မည်ဟူသော စကားကို ကျန်းစွန်းရှန်းက မည်ကဲ့သို့ သည်းခံနိုင်မည်နည်း.......

ကျန်းစွန်းရှန်းသည် သူ့အပေါ် အမှားလုပ်ပါက ခွင့်လွှတ် ပေးနိုင်သေးသည်။

သို့သော် ချင်ယန်ကို သတ်ချင်နေသည်။ ဒါက ကျန်းစွန်းရှန်းကို အမှန်တကယ် ဒေါသ ထွက်စေသည်။

"ရှောင်ချင်.... မင်း ဘယ်လို ထင်လဲ....."

ကျန်းစွန်းရှန်းက ချင်ယန်ကို ကြည့်ပြီး မေးလိုက်သည်။

သူက ချင်ယန်၏ ကိုယ်ရံတော် အဖြစ် လိုက်လာခဲ့သောကြောင့် ထုံးစံအတိုင်း ချင်ယန်၏ စကားကို နားထောင် ရလိမ့်မည်။

"ရှောင်... ရှောင်ချင်......"

ကျန်းစွန်းရှန်းဟူသော နာမည်က ကောင်းတန်ယုကို ကြောက်လန့်ပြီး ကိုယ်တပိုင်း သေသွား စေခဲ့သည်။ ယခုလက်ရှိတွင် ကျန်းစွန်းရှန်းက အဆင့် (၇) ဓမ္မကလေးငယ် နယ်ပယ် တန်ခိုးရှင် တစ်ယောက် ဖြစ်သည်။ သူကပင် ချင်ယန်ကို ရှောင်ချင်ဟု ခေါ်နေသည်။

ချင်ယန်က မည်ကဲ့သို့ အထောက်အထား ဖြစ်နေမည်နည်း.......

ယေဘူယျအားဖြင့် အဆင့် (၈) ဓမ္မခန္ဓာ နယ်ပယ် တန်ခိုးရှင်၏ မျိုးဆက်နှင့် အငယ်ကိုသာ ကျန်းစွန်းရှန်းက ထိုကဲ့သို့ ခေါ်လိမ့်မည်။

'အဆင့် (၈) ဓမ္မခန္ဓာ နယ်ပယ် တန်ခိုးရှင်ရဲ့ တိုက်ရိုက် မျိုးဆက်လား...'

'ကျန်းစွန်းရှန်းရဲ့ အဆင့်တက်လှမ်းမှုက သူနဲ့ ပက်သက် နေတာလား....'

ကောင်းတန်ယု၏ ခေါင်းထဲတွင် လားပေါင်းများစွာသော မေးခွန်းများ ပေါ်လာပြီး ခြေထောက် ပျော့ခွေ ကျသွားသည်။ ကြမ်းပြင်ပေါ် ဒူးထောက် ချလိုက်ကာ......

"ရှောင်ချင်..... အသက် ချမ်းသာပေးပါ.. အသက် ချမ်းသာပေးပါ...."

ကောင်းတန်ယုက ပြင်းပြင်းထန်ထန် ဒူးထောက် အရိုအသေ ပေးနေသည်။ ယခုလက်ရှိတွင် မျက်နှာ ပျက်ရမည့်အရေးကို ဂရု မစိုက်နိုင်တော့ချေ။

သူ့အဖေက လီလျူ ကောင်းကင်ဘုံ နန်းတော်၏ အကြီးအကဲ ဖြစ်သည်။ အနာဂါတ်တွင် သူ့အဖေက မဟာအကြီးအကဲ တစ်ယောက် ဖြစ်လာလိမ့်မည်ဟု သူ မျှော်လင့်ထားသည်။ သို့သော် မျှော်လင့်ရုံသာ ရှိသေးသည်။ နန်းတော်သခင်၊ လက်ထောက် နန်းတော် သခင်များနှင့် လီလျူ ကောင်းကင်ဘုံ နန်းတော်မှ မျိုးဆက်တိုင်းက ကြယ် (၈) ပွင့် အင်အားစုကို လျစ်လျူ မရှုဝံ့ပေ။

“အထဲကိုဝင်ပြီး စကား ပြောရအောင်....”

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောရင်း အခန်းထဲ ပြန်ဝင်သွားသည်။

ကောင်းတန်ယုက မတ်တပ် ပြန်ရပ်ပြီး တုန့်ငြိုးမရသော ကြောက်စိတ်များနှင့် အခန်းထဲ ဝင်လိုက်လာသည်။ သူ့လူများနှင့် သူ့အစောင့်များက အခန်းထဲ လိုက်မဝင်လာကြပေ။ သို့သော် ထွက်လည်း မထွက်သွားရဲပေ။

သီးသန့် အခန်းထဲသို့ ရောက်သောအခါ ကောင်းတန်ယုက ဒူးပြန်ထောက်ကာ ဆက်ပြီး အရိုအသေ ပေးနေသည်။

ကျန်းရှီအတွက် အလွန် ထူးဆန်းနေသည်။

'ချင်ယန်က အကောင်ကြီးကြီး ဖြစ်နေပြီလား....'

"ကောင်းတန်ယု... ဘာဖြစ်လို့ သူ့ကို ဖမ်းချင်တာလဲ...."

ချင်ယန်က လောင်လန်နာကို လက်ညှိုးထိုးပြရင်း မေးလိုက်သည်။

ကောင်းတန်ယုက မဖုံးကွယ်ထားရဲဘဲ......

"ရှောင်ချင်...... မှော်သွေးမျိုးဆက် ကြောင့်ပါ....."

"ငါ့အဖေက ပုဂ္ဂိုလ်ကြီး တစ်ယောက်ကို ကူညီပြီး သန်မာတဲ့ နတ်သူငယ် သွေးမျိုးဆက်နဲ့ နတ်သူငယ်တွေကို ရှာဖွေ နေပါတယ်။ ငါ့ဆီမှာ ရတနာတစ်ခု ရှိတယ်။ အဲ့ရတနာကို လက်ထဲမှ ကိုင်ပြီး ဒီနေရာ တစ်ဝိုက်မှာ လှည့်လည် သွားလာနေပါတယ်။ နေ့တိုင်း အချိန်ယူပြီး ဒီလိုမျိုး သွေးမျိုးဆက် ပါတဲ့လူတွေကို ရှာဖွေ ရပါတယ်..."

"ဒီနေရာကို ဖြတ်သွားတဲ့ အချိန်မှာ ရတနာက အာရုံခံလိုက်မိလို့ပါ...."

ချင်ယန်၏ မျက်လုံးက တောက်ပလာပြီး.....

“မင်း အဖေ ကူညီနေတဲ့ ပုဂ္ဂိုလ်ကြီးက ဘယ်သူလဲ.....”

ဒီကိစ္စ နတ်သူငယ် သိဒ္ဓိပုလဲနှင့် တစ်ခုခု ပက်သက် နေနိုင်သည်။

“ရှောင်ချင်..... အဲ့တော့ ငါလည်း မသိဘူး.. အဖေက လုံး၀ မပြောပြဘူး....”

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

"မင်းရဲ့ လက်အောက် ငယ်သား တစ်ယောက်ကို လွှတ်ပြီး မင်းအဖေကို လာခိုင်းလိုက်...."

"ဟုတ်ကဲ့....."

ကောင်းတန်ယုက ကမန်းကတန်း ပြန်ဖြေလိုက်သည်။

ချင်ယန်၏ နာမည်နှင့် ချင်ယန် အကြောင်းကို ရှင်းရှင်းလင်းလင်း မသိသော်လည်း ကျန်းစွန်းရှန်းက သူ့အဖေကို လာခဲ့ရန် တောင်းဆိုလျှင်ပင် သူ့အဖေက ဒီနေရာသို့ လာရလိမ့်မည်။

နာရီဝက်ခန့် ကြာပြီးနောက် ကောင်းတန်ယု၏ အဖေ ကောင်းဟောင်ခန်း ရောက်ရှိလာသည်။

ဖြောင်း.. ဖြောင်း.. ဖြောင်း......

ကောင်းဟောင်ခန်းက မည်သည့် စကားမှ မပြောရသေးခင် အရင်ဦးဆုံး ကောင်းတန်ယုထံ ပြေးဝင်သွားပြီး ပါး (၁၂) ချက်ခန့် ပိတ်ရိုက်ပစ်လိုက်သည်။ ပါးရိုက်ချက်များကြောင့် ကောင်းတန်ယု၏ မျက်နှာက ဖောင်းကားလာသည်။

"ရှောင်ချင်နဲ့ လူအိုကြီးရှန်းကို ဂါဝါရ ပြုပါတယ်..."

"ငါ့သားကို ကောင်းကောင်း မဆုံးမခဲ့မိဘူး။ တကယ်လို့ ကျန်းစွန်းရှန်းတို့က မကျေနပ်သေးရင် သူ့ကို သတ်လိုက်လို့ ရပါတယ်..."

ကောင်းဟောင်ခန်းက ခါးကွေးပြီး အရိုအသေ ပေးလိုက်သည်။

"ထားလိုက်ပါ..."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ကောင်းဟောင်ခန်းက ရောက် ရောက်ခြင်း သူ့သားကို ပါး (၁၀) ချက်ခန့် ပြေးရိုက်ခဲ့သည်။

ထို့ကြောင့် ကောင်းတန်ယုကို ဆက်လက် ပြဿနာရှာနေမည်ဆိုပါက ကောင်းဟောင်ခန်း စိတ်ထဲတွင် အမုန်းပွားနေမှာ အသေအချာပင်။ ထိုအခါ လီလျူကောင်းကင်ဘုံ နန်းတော်နှင့် ရန်စမီးများ အစပျိုးသွားလိမ့်မည်။ မလိုအပ်ဘဲ ရန်စ မထားခြင်းက အကောင်းဆုံး ဖြစ်သည်။

"ကျေးဇူး အများကြီး တင်ပါတယ်.... ရှောင်ချင်...."

ကောင်းဟောင်ခန်းက သက်ပြင်းချရင်း ပြောလိုက်သည်။

"အကြီးအကဲ ကောင်း.. လူတွေ... မဟုတ်သေးဘူး.. နတ်သူငယ် သွေးမျိုးဆက် ပါတဲ့ လူတွေကို ဘယ်သူက ဖမ်းခိုင်းတာလဲ..."

ကောင်းဟောင်ခန်းက အနည်းငယ် တွန့်ဆုတ်သွားသည်။

"ရှောင်ချင်... ထုတ်ပြောရတာ အဆင်မပြေလို့ပါ...."

ကောင်းဟောင်ခန်းက ပြောလိုက်သည်။

"ရှောင်ချင်.... မဟာရန်ကျုံးရဲ့ ဂိုဏ်သခင်လေးကို သိလား...."

ချင်ယန် မျက်မှောင် ကြုတ်သွား၏။

မဟာရန်ကျုံးကလည်း လီလျူ ကောင်းကင်ဘုံ နန်းတော်ကဲ့သို့ ကြယ် (၇) ပွင့် အင်အားစု ကြီးပင်.....

အကယ်၍ နတ်သူငယ် သိဒ္ဓိပုလဲက သူ့လက်ထဲတွင် ရှိနေမည် ဆိုလျှင် ပြန်ရရန် မလွယ်ကူနိုင်ပေ။

## အခန်း(၃၂၁) - ငါ့ညီလေး ပြန်ပေး...

"သခင်လေး.... ကောင်းဟောင်ခန်းနဲ့ တခြားလူတွေကို ဒီအတိုင်း လွှတ်ပေးလိုက်တာလား...... နောက်ကွယ်က လူက ဘယ်သူလဲဆိုတာတောင် သူတို့ မပြောရသေးဘူး...."

ရှောင်ကျူယင်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

ကောင်းဟောင်ခန်းနှင့် အခြားလူများက ထွက်သွားကြပြီ.......

ရှောင်ကျူဝမ်က တစ်ချက် ပြုံးလိုက်ပြီး.....

"ငတုံးမလေး... ကောင်းဟောင်ခန်းက ပါးစပ်က ထုတ်ပြောဖို့ အဆင်မပြေဘူး... ဒါပေမဲ့ သခင်လေးကို အသံပို့လွှတ်ပြီး ပြောခဲ့တယ်...."

"အော်... ဒီလိုလား...."

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်ပြလိုက်သည်။ နောက်ပိုင်းမှ စကားများကို

ကောင်းဟောင်ခန်းက အသံပို့လွှတ်ပြီး ပြောပြခဲ့ခြင်း ဖြစ်သည်။

"ချင်ယန်... ဒီကိစ္စက ငါ့အတွက် ကိုင်တွယ်ဖို့ ခက်ခဲလွန်းတယ်...."

"အခုလက်ရှိ ငါ့ရဲ့ အောင်မြင်မှု သေးသေးလေးနဲ့ မင်းကို ကူညီပေးနိုင်မယ်လို့ ထင်ခဲ့တာ ကံဆိုးတာပဲ.... အခုလက်ရှိ မင်းက ငါ့ထက် အများကြီး အခြေအနေ ပိုကောင်း နေသေးတယ်...."

ကျန်းရီ က မချိပြုံး ပြုံးရင်း ပြောလိုက်သည်။

ချင်ယန်က  တစ်ချက် ပြုံးလိုက်ပြီး....

"တကယ်တော့ ငါ့ အခြေအနေကလည်း အရမ်း ကောင်းနေတာ မဟုတ်ပါဘူး.. ဒါပေမဲ့ လူအိုကြီးရှန်းကို ကူပေးခဲ့မိတယ် ဆိုရုံလေးပါပဲ။ လူအိုကြီးရှန်းက လိုက်လာပြီး ငါ့ကို စောင့်ရှောက်ပေးတယ်.. ဒီလောက်ပါပဲ။ ကျန်းရီ မင်းက နယ်ခံ တန်ခိုးရှင်ဆိုတော့ ပတ်ဝန်းကျင် ကောင်းကောင်းလေးနဲ့ အိမ်သေးသေးလေး တစ်လုံး ဝယ်ချင်ရင် ဘယ်နေရာ ကောင်းလဲ...."

ကျန်းရီက ပြောစရာပင် မလိုသော အမူအရာနှင့်....

"ထုံးစံအတိုင်း လီလျူ ကျွန်းပဲပေါ့..."

လီလျူ သန့်ရှင်းမြို့က အလွန်ကြီးမားသည်။ မြို့ရေိယာက ကီလိုမီတာ သောင်းနှင့်ချီပြီး ကျယ်ဝန်းကာ ရေကန်များ၊ ရေဝိုင်းနေသော ကျွန်းများ စသည်ဖြင့် အများကြီး တည်ရှိနေသည်။ ထိုအထဲတွင် လီလျူကျွန်းက အတောက်ပဆုံး ဖြစ်သည်။

လီလျူကျွန်း၏ ဝိညာဉ်ချီက အခြား နေရာများထက် အနည်းငယ် ပိုမို သိပ်သည်းကာ ပတ်ဝန်းကျင်က အလွန် သာယာပြီး လှပနေသည်။ ထိုကျွန်းပေါ်တွင် နေထိုင်ကြသည့် လူများက အလွန် ချမ်းသာပြီး ပစ္စည်းတိုင်းက အလွန် ဈေးကြီးသည်။

"လီလျူကျွန်းမှာ မလိုချင်ဘူး...."

ချင်ယန်က ခေါင်းခါပြီး ပြန်ပြောလိုက်သည်။

လီလျူကျွန်းက ဘေးကင်းလုံခြုံမှု ကောင်းမွန်ပြီး အပြင်လူ အဝင်အထွက် အတွက် ခက်ခဲလွန်းသည်။

ချင်ယန်က လူများကို ဆေးကုသပေးပြီး အရင်အနှီးနှင့် အမြတ်အစွန်း အချို့ စုဆောင်းချင်သေးသည်။ အချို့လူများကို ကုသရန်အတွက် လီလျူကျွန်းက ချင်ယန် အတွက် အဆင်မပြေပေ။

ကျန်းရီက....

“တကယ်လို့ လီလျူကျွန်းမှာ မလိုချင်ရင် နေလကျွန်းလည်း အရမ်း ကောင်းတယ်။ ပတ်ဝန်းကျင် သာယာမှုကို ပြောရင် နေလကျွန်းက လီလျူကျွန်းထက် မနိမ့်ကျဘူး။ ဒါပေမဲ့ နေလကျွန်းရဲ့ ဝိညာဉ်ချီ သိပ်သည်းမှုက

နည်းနည်းလေး ပိုဆိုးတယ်။ နေထိုင်သူ အားလုံးရဲ့ အဆင့်အတန်းက လီလျူကျွန်းထက် နိမ့်ကျတယ်..”

“အပြင်လူတွေ ဝင်ထွက် သွားလာဖို့ အဆင်ပြေလား…”

ကျန်းရီက ခေါင်းညိတ်လိုက်ပြီး…..

“အရမ်း အဆင်ပြေတယ်….”

“နေလကျွန်းမှာ တန်ဖိုးကြီး ဆိုင်တွေ အများကြီးရှိလို့ နေ့စဉ်နေတိုင်း နေလကျွန်းကို တန်ခိုးရှင်တွေ အများကြီး လာတတ်တယ်။

စီးပွားရေး အရ ပြောမယ်ဆိုရင်တော့ နေလကျွန်းက လီလျူကျွန်းထက် အပုံကြီး သာတယ်....”

ချင်ယန်က ခေါင်းညိတ်လိုက်ပြီး.....

“ဒါဆိုလည်း နေလကျွန်းပဲပေါ့...”

တစ်နာရီခန့် ကြာပြီးနောက် ချင်ယန်တို့အဖွဲ့က နေလကျွန်းပေါ် ရောက်ရှိလာကြပြီး ဧရိယာ စတုန်ရန်း မီတာ (၂၀,၀၀၀) မှ (၃၀,၀၀၀) ကြားရှိသည့် အိမ်လေးတစ်လုံး ဝယ်ယူ ခဲ့ကြသည်။

အကယ်၍ ချင်ယန်သာ အသားစား မိုးမခပင်ကို စိုက်ထားမည်ဆိုလျှင် လျူဝမ် ( အသားစား မိုးမခပင်) က အိမ် တစ်အိမ်လုံးကို ကာကွယ်ပေးရန် ပြဿနာ မရှိပေ။ အချိန်တန်၍ ခွန်အား မြင့်တက်လာမည် ဆိုပါက အသားစား မိုးမခင်ပင် တိုက်ခိုက်ပြီး ကာကွယ်ပေးနိုင်သော အကွာအဝေးက ပိုမို ကျယ်ပြန့် လာလိမ့်မည်။

"ပြိုင်ပွဲစဖို့ ငါးရက် လိုသေးတယ်။ ဒီငါးရက် အတွင်းမှာ တန်ခိုးရှင်တွေရဲ့ ထောက်ပံ့မှုရအောင် ပိုကြိုးစား ရမယ်...."

ချင်ယန်၏ မျက်လုံးက တလက်လက် တောက်ပနေသည်။

"လူအိုကြီးရှန်း.... ကျေးဇူးပြီး ခဏလောက် လာခဲ့ပေးပါအုံး....."

ချင်ယန်က အသံပို့လွှတ်ပြီ လှမ်းပြောလိုက်သည်။

မကြာခင် ကျန်းစွန်းရှန်းက ချင်ယန်ထံ ရောက်ရှိလာသည်။

"လူအိုကြီးရှန်း မင်းက အသက်ရှင်နေတာ တော်တော်လေး ကြာနေပြီဆိုတော့ ရုပ်ပိုင်းဆိုင်ရာ ပြဿနာ ဖြစ်နေတဲ့ ယွမ်ဒန်နယ်ပယ် တန်ခိုးရှင်တွေ အများကြီး သိမှာပေါ့။ ဒီလိုမှ မဟုတ်လည်း အဲ့ တန်ခိုးရှင်တွေရဲ့ ဆွေးမျိုးသားချင်း တွေထဲမှာ တစ်ခုခု နာမကျန်း ဖြစ်နေတာတို့ တစ်ခုခုပေါ့...."

"ထုံးစံအတိုင်း သိတာပေါ့...."

ကျန်းစွန်းရှုးန်က အံ့အောသင့် နေသော လေသံနှင့်.....

"ရှောင်ချင်..... သူတို့ကို ဆေးကု ပေးချင်လို့လား..."

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး....

"ဒီနေရာမှာ အိမ်ဈေးတွေက တကယ်ပဲ မသက်သာဘူး။ ငါ့ဆီမှာ ပိုက်ဆံနည်းနည်း ရှိတယ် ဆိုပေမဲ့ အိမ်ဝယ်လိုက်တော့ ပိုက်ဆံအိတ်က တော်တော်လေး ပါးသွားတယ်။ ပိုက်ဆံ ပိုရှာရမယ်လေ။ အဲ့လူတွေထဲက စရိုက် မဆိုးတဲ့လူရှိရင် သူတို့ကို ပြောပြလိုက်ပါ...."

ချင်ယန်၏ သိုလှောင် လက်စွပ်ထဲတွင် ပိုက်ဆံ အများကြီး ရှိနေသေးသည်။ သို့သော် ယခုလက်ရှိတွင် သူက အဆင့် (၇) ဆေးများ သန့်စင်နိုင်နေပြီ။ အကယ်၍ အဆင့် (၇) အတွက် လိုအပ်သည့် ကုန်းကြမ်း ပစ္စည်းများကို ဝယ်ယူပြီး ကိုယ့်အတွက်ကိုယ် ဆေးသန့်စင်နေမည် ဆိုပါက ချင်ယန် ပိုက်ဆံက ကြာကြာခံမည် မဟုတ်ပေ။

မဖြစ်မနေ ငွေ ရှာရလိမ့်မည်။

ကျန်းစွန်းရှန်းက မျက်မှောင် ကြုတ်လိုက်ပြီး......

"ရှောင်ချင်.. ဒီကိစ္စမတိုင်ခင် ဆေးသန့်စင်ခြင်း လမ်းညွှန်မှုအဖွဲ့မှာ အကဲဖြတ်မှု ဝင်ဖြေလိုက်ရင် ပိုကောင်းမယ် ထင်တယ်။ မင်းရဲ့ အဆင့် (၅) ကြီးမြတ်သော ဆေးမဟာသခင် အဆင့်အတန်းက ပြင်ပ နယ်မြေမှာ အကဲဖြတ်ထားတာ.... အဲ့တံဆိပ်ကို ဒီနေရာမှာ အသိအမှတ် မပြုဘူး...."

"အဓိက ပြောချင်တာ မင်းက ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ရဲ့ အဖွဲ့ဝင် မဟုတ်ရင် ဆေးဆရာတချို့က မင်းကို မကျေမနပ် ဖြစ်သွားမှာ ငါ ကြောက်မိတယ်..."

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။ အသိအမှတ်ပြု လက်မှတ်လည်း လိုအပ် နေသေးသည်။

သို့သော်လည်း အကဲဖြတ်မှု ဖြေထားလျှင်ပင် အချန်တန်ပါက ဆေးဆရာများ မကျေမနပ် ဖြစ်လာကြလိမ့်မည်။ သူက ထိုကဲ့သို့ လုပ်လိုက်လျှင် လူတော်တော် များများ၏ အကျိုးစီးပွားကို တုတ်နှင့် ထိုးလိုက်သလို ဖြစ်သွားမှာ အသေအချာပင်။

ဥပမာ ပြောရလျှင် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် တစ်ယောက်က ကုသရေး ဆေးလုံးတစ်လုံး

ဝယ်ယူရန် ဆေးဘုရင် တစ်ယောက်ကို ရှာဖွေရလိမ့်မည်။ ချင်ယန်ကသာ ရောဂါကို အမြစ်ပြတ်အောင် ကုသပေးလိုက်မည် ဆိုပါက ထိုဆေးဘုရင်၏ အကျိုးစီးပွား ထိခိုက်သွားလိမ့်မည်။

စိတ်သဘောထား ပြည့်ဝသည့် ဆေးဘုရင်က အဆင်ပြေ သော်လည်း စိတ်သဘောထား ကျဉ်းမြောင်းသည့် ဆေးဆရာများက ချင်ယန်ကို ဒုက္ခပေးနိုင်မည့် နည်းလမ်းများ ရှာဖွေလာကြလိမ့်မည်။

အကယ်၍ လူနည်းမည် ဆိုပါက ပြဿနာ မရှိပေ။ လူများသွားမည် ဆိုပါက ကျန်းစွန်းရှန်းနှင့် အခြားလူများ ကူညီပေးလျှင်ပင် ပြဿနာ ရှိနေအုံးမည်။

"လူအိုကြီးရှန်း... ငါ ဆေးသန့်စင်ခြင်း လမ်းညွှန်မှုအဖွဲ့ဆီ သွားလိုက်အုံးမယ်။ လူတချို့ ရှာပေးဖို့ မင်းကို ဒုက္ခပေးရတော့မယ်...."

"ပထမ အသုတ်.. လူငါးယောက် ရအောင် ခေါ်လာခဲ့မယ်...."

ကျန်းစွန်းရှန်းက ခေါင်းညိတ်ပြီး ပြန်ပြောလိုက်သည်။ နှစ်ပေါင်း နှစ်ရာကျော် အသက်ရှင် နေထိုင်ခဲ့သဖြင့် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် တော်တော်များများနှင့် သိနေသည်။ ထို့အပြင် ယခုလက်ရှိတွင် အဆင့် (၇) ဓမ္မကလေးငယ် အဆင့် တန်ခိုးရှင် တစ်ယောက် ဖြစ်နေပြီ ဖြစ်သောကြောင့် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင်များကို စကား တစ်ခွန်းနှင့် လွှမ်းမိုးနိုင်သည်။ ထိုတန်ခိုးရှင် များကလည်း တက်တက်ကြွကြွ လိုက်လာ ကြလိမ့်မည်။

.........

ချင်ယန်က ရုပ်ရင့်အောင် ရုပ်ဖျက်ပြီးနောက် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ထဲ ဝင်သွားပြီး အဆင့် (၆) ဆေးဘုရင် အကဲဖြတ်မှုကို လွယ်လွယ်ကူကူ ဖြတ်ကျော်ခဲ့ကာ အဆင့် (၆) ဆေးဘုရင် တံဆိပ် ရရှိလာခဲ့သည်။

'အဆင့် (၇) ဆေးဘုရင် အဆင့်တော့ မေ့ထားအုံးမှ။ ဆေးဘုရင်က ဒီနေရာမှာ မရှားဘူး ဆိုပေမဲ့ အဆင့် (၇) ဆေးဘုရင်ဆိုရင် အရမ်း ထင်ပေါ် သွားလိမ့်မယ်...'

ချင်ယန်က ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့မှ ထွက်လာရင်း စိတ်ထဲမှ တိုးတိုးလေး ရေရွတ်လိုက်သည်။

ထို့နောက် ချင်ယန်က ကုန်စည် ရောင်းချရေး ခရိုင်သို့ သွားခဲ့သည်။ မလိုအပ်သော ရတနာအချို့ကို ရောင်းချခဲ့ပြီး ဝိညာဉ်ဆေးပစ္စည်း အချို့ ဝယ်ယူခဲ့သည်။

အဆင့် (၇) ဆေး သန့်စင်ရန် ထိုကုန်ကြမ်း ပစ္စည်းများကို အသုံးပြုပါက သူ့လေ့ကျင့်မှု အရှိန်ကို များစွာ မြှင့်တင်ပေးနိုင်သည်။

“ဒီက မောင်လေး... ခဏ နေပါအုံး...”

“မင်းက ပစ္စည်းတွေ အများကြီး ဝယ်ထားတော့ မင်းကို (VIP) ကဒ် ပေးမယ်။ ဒီ (VIP) ကဒ်နဲ့ဆိုရင် မနက်ဖြန်ည ကျင်းပမယ့် ပေါင်မိသားစုရဲ့ ရှားပါး လေလံပွဲကို တက်ရောက်နိုင်တယ်....”

ချင်ယန်က လှည့်ပတ် ဝယ်ယူပြီးနောက် အလွန် ခမ်းနားသော ဆိုင်ထဲမှ ပြန်ထွက်ရန် လုပ်လိုက်စဉ် အပေါ်ထပ်မှ ကောင်မလေး တစ်ယောက် ပြုံးရွှင်သော မျက်နှာနှင့် ဆင်းလာပြီး ပြောလိုက်ခြင်းပင်။

ချင်ယန်၏ ခန္ဓာကိုယ်က တောင့်တင်းသွားသည်။

ဒီ မိန်းကလေးက သူ့မှတ်ဉာဏ်ထဲတွင် နက်နက်ရှိုင်းရှိုင်း မှတ်မိနေသော ပေါင်ရို ပင်.....

ပေါင်ရိုက သူ့ထက် (၂) နှစ်ငယ်ပြီး စုရှယုထက် (၂) နှစ်ကြီးသဖြင့် ယခုလက်ရှိတွင် သူမအသက်က (၁၄) နှစ် ရှိနေသည်။

ပေါင်ရို၏ မျက်နှာက အရုပ်မလေး တစ်ခုကဲ့သို့ ဆွဲဆောင်မှု ရှိလွန်းလှသည်။

အထူးသဖြင့် ကျောက်မြတ် ရတနာ နှစ်ခုကဲ့သို့ တောက်ပနေသည့် သူမ မျက်လုံးများပင်......

'ပေါင်ရိုက ဘာဖြစ်လို့ ဒီရောက်နေတာလဲ...'

'လူငယ် သိုင်းပညာ ညီလာခံမှာ ပါဝင်ဖို့လား...'

ချင်ယန်၏ ခံစားချက်များ ရှုပ်ထွေးသွားသည်။

ပေါင်ရိုကို အသက်ရှင်လျက် မြင်လိုက်ရသည့်အတွက် အလွန် ဝမ်းသာ သွားမိသည်။ သို့သော် ဒီဘဝတွင် ပေါင်ရိုအတွက် ဇတ်သိမ်း မကောင်းမည်ကို အလွန် ကြောက်နေမိသည်။

"မောင်လေး... ငါက အရမ်းလှ နေလို့လား... .ငါ့ကို စွဲနေပြီလား..."

"ကံဆိုးတာက နင်က ငါ့အကြိုက် မဟုတ်ဘူး.. ဟီးဟီး...."

ပေါင်ရို၏ အသံက ဆည်းလည်းသံကဲ့သို့ သာယာလွန်းလှသည်။

"မင်းက ရင်သားမရှိ၊ တင်သားမရှိဘဲ ကလေး လိုချင်နေတာလား..... ဒါမျိုးတွေ ငါ မစားဘူး.... (VIP) ကဒ်လည်း မယူဘူး.. ရှားပါး လေလံပွဲလည်း မလာဘူး...."

ချင်ယန်က စကား ပြောပြီးသည်နှင့် လှည့်ထွက်သွားသည်။

ပေါင်ရိုက ထိုနေရာမှာပင် ကြက်သေ သေပြီး ကျန်ခဲ့သည်။ ထိုနောက် ဒေါသ ထွက်လာသော မျက်လုံးများနှင့် ချင်ယန်ကို စိုက်ကြည့်လိုက်ပြီး....

"လူဆိုး.. လူယုတ်မာကောင်.... ငါ့အဘိုးနဲ့ မင်းကို ရိုက်ခိုင်းမယ်..."

'ငါ့မှာ ရင်သားနဲ့ တင်သား မရှိတာ မဟုတ်ဘူး..."

"နည်းနည်းလေး သေးနေတာ..."

"ဒါပေမဲ့ ငါက အသက်ကြီး လာအုံးမှာ...."

ပေါင်ရိုက ပါးစပ် ပွစိပွစိ ရေရွတ်ရင်း သူမရင်ဘက်ကို ပြန်ငုံ့ ကြည့်လိုက်သည်။

"နင့်ကို မောင်လေးလို့ ခေါ်လိုက်လို့ နင့်ရဲ့ မောင်လေးလည်း တစ်ဝက်ပဲ ရှိပါစေလို့ ကျိန်ဆဲတယ်..."

ထိုနေရာနှင့် မီတာ အနည်းငယ် ဝေးသော နေရာတွင် ချင်ယန်က ပေါင်ရို၏ ကျိန်ဆဲသံကို ရုတ်တရက် ကြားလိုက်ပြီး မျက်လုံးပြူးသွားသည်။

"သွားပါပြီ..."

'ငါက ပေါင်ရိုနဲ့ ဆက်ဆံရေး မကောင်းအောင် တမင်သက်သက် လုပ်ဖို့ပဲ တွေးနေမိတာ ။ ပေါင်ရိုမှာ ကျိန်ဆဲခြင်း နတ်ရတနာ ရှိနေတာ မေ့နေတယ်'

ချင်ယန်သည် ငိုချင်သော်လည်း မျက်ရည်မကျနိုင် ဖြစ်နေသည်။ ပေါင်ကြွားကို ငုံ့ကြည့်စရာပင်မလို ပြဿနာ ရှိနေပြီ.......

တစ်ချိန်တုန်းက ပေါင်ရိုတွင် ကျိန်ဆဲခြင်းနတ်ရတနာ ပိုင်ဆိုင်ခဲ့သည့် အကြောင်းကို ချင်ယန်သိထားခဲ့သည်။ ထိုနတ်ရတနာက တစ်ခါတစ်လအလုပ်မဖြစ်သည်မှလွဲ၍ အကျိုး အသက်ရောက်မှုကအလွန် ကောင်းမွန်လှသည်။

ပေါင်ရိုက ထိုကဲ့သို့ နတ်ရတနာမျိုးကိုမလိုချင်ပေ။ ပေါင်မိသားစုတွင် ပိုက်ဆံ မရှားပေ။

နောက်ပိုင်းတွင် သူမက သူမ၏ နတ်ရတနာကို ပြောင်းလဲ ပစ်ခဲ့သည်။

ထိုနတ်ရတနာက ပေါင်ရို၏ ကျိန်ဆဲခြင်း နတ်ရတနာလောက် မကောင်းသော်လည်း မူလ နတ်ရတနာထက် အများကြီး ပိုမို တည်ငြိမ်သည်။

"ဘောပဲ....."

ချင်ယန်က အိမ်သာတစ်ခု အမြန် ရှာလိုက်သည်။ စုရှယုနှင့် ကုတင်ပေါ်တွင် လူးလိမ့်နေသည့် မြင်ကွင်းကို မြင်ယောင် စိတ်ကူး

ကြည့်လိုက်သောအခါ သူ့ညီလေးက ထောင်မတ်လာသည်။

သို့သော်လည်း ကြီးထွားလာသည့် ညီလေး အရွယ်အစားကို ကြည့်ပြီး ချင်ယန် ငိုချင်လာသည်။

အမှန်တကယ်ပင် တစ်ဝက် သေးသွားခဲ့သည်။

ပေါင်ရိုက သူ၏ ချမ်းသာမှုတစ်ဝက်ကို လျှော့ချ ပစ်လိုက်ပြီ....

"စိတ်လျှော့.. စိတ်လျှော့...."

ချင်ယန်က အသက် ခပ်ပြင်းပြင်းလေး ရှူပြီး စိတ်တည်ငြိမ်အောင် လုပ်လိုက်သည်။ ထို့နောက် အသေးစိတ် ထပ်မံ စစ်ဆေးလိုက်သည်။ စစ်ဆေးမှု ရလဒ်ကြောင့် ချင်ယန်၏ မျက်နှာ အမူအရာက ပိုမို ရှုပ်ဆိုးသွားသည်။

'ပေါင်ရိုရဲ့ ကျိုန်းဆဲခြင်း ရတနာကြောင့် ငါ့ညီလေး နောက်တစ်ကြိမ် ပြန်မကြီးလာမှာ ကြောက်မိတယ်..'

ချင်ယန်၏ သုံးသပ်ချက်အရ ဓမ္မကလေးငယ် အဆင့် မရောက်မခြင်း ပေါင်ရို၏ ကျိန်စာအား မချေဖျက်နိုင်မည်ကို စိုးရိမ်ရသည်။

ပေါင်ရို၏ ကျိန်ဆဲခြင်း နတ်ရတနာ၏ သက်ရောက်မှု နှုန်းက အပုံတစ်သောင်းပုံ တစ်ပုံအောက်သာ ရှိမည်ဟု ခန့်မှန်းရသည်။

သို့သော် ပြင်းထန်သော တိုက်ခိုက်မှု ဖြစ်သွားမည် ဆိုပါက ပေါင်ရို၏ ကျိန်ဆဲခြင်း နတ်ရတနာက အဆင့် (၈) တန်ခိုးရှင် တစ်ယောက်ကိုပင် သေဆုံး သွားစေနိုင်သည်။

အကယ်၍ ပေါင်ရိုက ချင်ယန်အား သေပါစေဟု ကျိန်ဆဲလိုက်လျှင် ယခုလက်ရှိတွင် ချင်ယန်က အလောင်းတစ်လောင်း ဖြစ်နေမည်ကို စိုးရိမ်ရသည်။

## အခန်း(၃၂၂) - ကံဆိုးလွန်းသော ချင်ယန်...

"အပုံတစ်သောင်းပုံ တစ်ပုံလေ... ငါက ဘာဖြစ်လို့ ဒီလောက်တောင် ကံဆိုး ရတာလဲ...."

"နေပါအုံး..... ပေါင်ရိုက နတ်ရတနာ အကြောင်း မသိနိုင်သေးဘူး။ နိုထလာတာ မကြာသေးလို့ မသိလောက်သေးဘူး...."

ချင်ယန်က သူ့ဘာသာသူ ပြန်လည် ရေရွတ်လိုက်သည်။

ပေါင်ရို၏ နတ်ရတနာ၊ ပထမဦးဆုံး နိုးထလာသည့် အချိန်တွင် ကျိန်စာ သက်ရောက်မှုက (၁၀၀) ရာခိုင်နှုန်း ရှိနေသည်။ ချင်ယန်သည် ပြန်လည် မမွေးဖွားခင်က ခြေလှမ်းတစ်ဝက် အုပ်စိုးသူ နယ်ပယ် အထိ ရောက်ခဲ့သဖြင့် ထိုအချက်နှင့် ပက်သက်ပြီး ရှင်းရှင်းလင်းလင်း သိနေသည်။

ချင်ယန်သည် သူ့ဥက နာကျင်လာသည်ဟု ယောင်ဝါးဝါးလေး ခံစားလိုက်ရသည်။

ယခု လက်ရှိတွင် သူ့ကျင့်ကြံခြင်း အဆင့်က ယွမ်ဟို င်နယ်ပယ်သာ ရှိသေးသည်။ ခမ္မကလေးငယ် နယ်ပယ် ရောက်ရှိရန် အချိန်မည်မျှ ကြာအုံးမလဲ ဆိုသည်ကို သူကိုယ်တိုင်ပင် မသိချေ။

ချင်ယန်သည် လောင်လန်နာနှင့် အခြားလူများကို လှည့်ပတ် ကစားရန် မစဉ်းစားထားသလို စုရှယုက အသက် (၁၂) သာ ရှိသေးသဖြင့် သူ့ညီလေး အသုံးချရမည့် နေရာက ယာယီ မရှိသေးသော်လည်း ယောကျ်ားတစ်ယောက် အနေဖြင့် ထိုအဖြစ်ကို လက်မခံနိုင်ပေ။

"သခင်လေး. ဘာဖြစ်လာလို့လဲ..."

ချင်ယန်က ပြန်ရောက်လာသည်နှင့် မည်းမှောင်နေသော မျက်နှာ အမူအရာဖြင့် ဆေးသန့်စင်သည့် အခန်းထဲ ဝင်သွားသဖြင့် ရှောင်ကျူဝမ်နှင့် အခြားလူများက အံ့အောသင့်နေကြသည်။

ချင်ယန်က လူသတ်သည့် အခါ မျက်နှာ အမူအရာ အေးစက် နေသော်လည်း ရှောင်ကျူဝမ်နှင့် အခြားလူများ အမြင်တွင် ချင်ယန်၏

စိတ်နေသဘောထား အလွန် ကောင်းနေသေးပြီး မည်သည့် ဒေါသကိုမှ မပြသခဲ့ဖူးပေ။

ယခု တစ်ကြိမ်တွင် ချင်ယန်က ကြောက်စရာကောင်းသော မျက်နှာ အမူအရာနှင့် ပြန်ရောက် လာခဲ့သည်။

"ငါလည်း မသိဘူး..."

"အစ်မကြီးလောင်... သခင်လေးကို သွားကြည့် လိုက်ပါလား..."

ရှောင်ကျူဝမ်၊ ရှန်းယုလင်းနှင့် အခြားလူများက အနည်းငယ် စိုးရိမ် နေကြသည်။

လောင်လန်နာက ခတ္တမျှ တုံ့ဆိုင်း သွားပြီးနောက် ဆေးသန့်စင်ခြင်း အခန့်တံခါး ရှေ့သို့ လျှောက်သွားပြီး ခဏကြာအောင် အော်ခေါ် နေသော်လည်း အခန်းတံခါးက လုံးဝ မပွင့်လာပေ။

အခန်းထဲတွင် ချင်ယန်က ခေါင်းငုံ့ပြီး ပေါင်ကြားထဲကို ပြူးပြဲ စစ်ဆေးနေကာ တစ်နာရီ၊ နှစ်နာရီခန့် အဖြေရှာခဲ့သော်လည်း သူ့ညီလေးက သေးငယ်မြဲ သေးငယ် နေသေးသည်။

"ပေါင်ရို၊ ပေါင်ရို.... ဒီဘဝမှာ အကြွေးတွေ ပြန်သိမ်း နေတာလား.."

ချင်ယန်က ခါးသီးစွာ ရေရွတ်လိုက်သည်။

အကယ်၍ ကျိန်ဆဲသည့်လူက အခြား မိန်းကလေး တစ်ယောက်သာ ဆိုပါက ပန်းပွင့်က အဘယ်ကြောင့် နီရလဲဆိုသည်ကို တစ်ဖက်လူ သိသွားအောင် ဆုံးမ ပေးလိုက်သည်။

ယခုမူ ပေါင်ရို ဖြစ်နေသဖြင့် မည်ကဲ့သို့ လုပ်ရက်မည်နည်း.....

"ဒါပဲ.. ဒါပဲ.... ဓမ္မကလေးငယ်အဆင့် အမြန်ဆုံး ရောက်အောင် လုပ်ရမယ်...."

ချင်ယန်က အသက် ခပ်ပြင်းပြင်းလေး ရှူပြီး ရေရွတ်လိုက်သည်။ နည်းလမ်း မရှိပေ။ ပြန်ကြီးလာအောင် လုပ်ရန် အခြား နည်းလမ်း မရှိပေ။

.........

လီလျူ ကျွန်းပေါ်ရှိ ရဲတိုက်ကြီး တစ်ခုတွင်....

"အဘိုး..... ငါ့ရဲ့ နတ်ရတနာက ထူးဆန်းတယ်လို့ ခံစားရတယ်။ ဒါပေမဲ့ ငါ့ နတ်ရတနာက ဘာလဲ ဆိုတာ မသိဘူး...."

"အဘိုး... တစ်ချက်လောက် ကြည့်ပေးပါအုံး....."

ပေါင်ရိုက သူမအဘိုး ပေါင်ယန်ရှင်းထံ ရောက်နေသည်။ ပေါင်ယန်ရှင်းက သူ့မျိုးဆက်တွင် အဆင့် (၅) ဖြစ်သော်လည်း ပင်ကိုယ်ပါရမီ အလွန် ကောင်းမွန်သည်။ သူ၏ ကျင့်ကြံခြင်း အဆင့်က ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၅) သို့ ရောက်နေသည်။

"ရိုရို.... မင်း နတ်ရတနာက ဘယ်တုန်းက နှိုးလာခဲ့တာလဲ...."

ပေါင်ယန်ရှင်းက အမှန်တကယ် အံ့အောသင့်နေသည်။

"ပြီးခဲ့တဲ့ တစ်နာရီက... အဘိုး တစ်ချက်လောက် ကြည့်ပေးပါအုံး...."

"ငါ့ နတ်ရတနာက ဘာလဲ ဆိုတာ သိချင်တယ်.."

ပေါင်ရိုက အမှန်တကယ် ချွဲနွဲ့ပြီး ပြောလိုက်သည်။

ပေါင်ယန်ရှင်းက တစ်ချက် ပြုံးလိုက်ပြီး

"ရှိရှိ.... သမီးရဲ့ နတ်ရတနာ သိပ်မကောင်းဘူး ဆိုလည်း စိတ်မပျက်နဲ့.... အချိန်တန်ရင် နတ်ရတနာ ပြောင်းလဲပေးဖို့ နည်းလမ်း ရှာပေးမယ်.. စိတ်မပူနဲ့ ကြားလား....."

နတ်ရတနာက ပြောင်းလဲ နိုင်သော်လည်း လူအနည်းငယ်ကသာ ပြောင်းလဲ ပေးနိုင်သည်။

ထို့အပြင် ဈေးနှုန်းကလည်း အလွန် မတရား မြင့်မားလွန်းသည်။

ပေါင်မိသားစု၏ ငွေကြေး အင်အားက အံ့အောစရာ ကောင်းသော်လည်း အမာခံ အဖွဲ့ဝင်များသာ ထိုကဲ့သို့ ဆက်ဆံမှုမျိုးကို ရရှိကြသည်။

"အဘိုး.. ဘာလဲဆိုတာ အရင်ဆုံး သိရအောင် လုပ်ပေးပါအုံး...."

"ကောင်းပြီလေ...."

ပေါင်ယန်ရှင်းက သူ့ သိုင်းဝိညာဉ်ကို ဆင့်ခေါ်လိုက်သည်။ သူ့ သိုင်းဝိညာဉ်က အံ့အောစရာ ကောင်းသော မျက်လုံး သုံးလုံး ဘီလူးကြီးပင်။

ယခုလက်ရှိတွင် ၎င်း၏ အရပ်က သုံးမီတာသာ ရှိသည်။ အကယ်၍ လိုအပ်ပါက မီတာ ရာနှင့်ချီပြီး မြှင့်တင်နိုင်သည်။ ဒါက ၎င်း၏ ပြီးပြည့်စုံသော တိုက်ပွဲဝင် ပုံစံပင်.....

ပေါင်ယန်ရှင်း၏ မူလ သိုင်းဝိညာဉ်က ထိုသိုင်းဝိညာဉ် မဟုတ်သော်လည်း ပေါင်မိသားစု၏ ချမ်းသာ ကြွယ်ဝမှုဖြင့် ပေါင်ယန်ရှင်းက ထိုသိုင်းဝိညာဉ်နှင့် အစားထိုးခဲ့ခြင်း ဖြစ်သည်။

ပေါင်ယန်ရှင်း၏ သိုင်းဝိညာဉ်က အားကောင်းပြီး နတ်ရတနာကလည်း သန်မာသည်။

သွေးမျိုးဆက်ကလည်း အားမနည်းပေ။ နှစ်ပေါင်း တစ်သောင်းကျော် အမွေ ဆက်ခံလာသည့် ပေါင်မိသားစု၏ ကျင့်ကြံခြင်း ကျင့်စဉ်ကလည်း ကောင်းမွန်သည်။ ထို့ကြောင့် ပေါင်ယန်ရှင်း၏ ကျင့်ကြံခြင်း အဆင့်က ဓမ္မကလေး နယ်ပယ် အဆင့် (၅) ရှိသော်လည်း အမှန်တကယ် တိုက်ခိုက်ရေး အစွမ်းက သာမန် ဓမ္မကလေးငယ် အဆင့် (၈) တွင် ရှိနေသည်။

"ကောင်းကင် မျက်လုံး ဖွင့်...."

ပေါင်ယန်ရှင်း၏ အတွေး တစ်ချက်နှင့် ဘီလူးကြီး၏ တတိယ မျက်လုံးက ပွင့်လာပြီး သန်းရှင်းသော အဖြူရောင် အလင်းက ပေါင်ရို၏ နဖူးပေါ် ကျရောက်သွားသည်။

မိနစ်ဝက်ခန့် ကြာပြီးနောက် ပေါင်ယန်ရှင်း၏ မျက်နှာပေါ်တွင် အံ့အောသင့်နေသော အမူအရာ ပေါ်လာသည်။

“အဘိုး.. ငါ့ရဲ့ နတ်ရတနာက ဘာလဲ....”

ပေါင်ရိုက အမှန်တကယ် မျှော်လင့်နေသည်။

မိသားစုက ထောက်ပံ့သည့် အရင်းအမြစ်များကလည်း အကန့်အသတ် ရှိနေသည်။ အစောပိုင်းတွင် အစွမ်းထက်သော နတ်ရတနာ နိုးထလာမည် ဆိုပါက အရင်းအမြစ်များကို ချွေတာနိုင်ပြီး အခြား နည်းလမ်းကို အသုံးပြု နိုင်လိမ့်မည်။

"မြေးလေးရဲ့ နတ်ရတနာက ကျိန်စာတိုက်တာပဲ..."

"ဒီနတ်ရတနာ နိုးထနေတာ ဆယ်ရက်၊ လဝက်လောက် ရှိနေပြီ။ အရင်က အသုံး မပြုခဲ့ဘူး.. အခုမှ သုံးလိုက်တာ မဟုတ်လား.....

ပေါင်ယန်ရှင်းက ပြောလိုက်သည်။

ပေါင်ရိုက အူကြောင်ကြောင် မျက်နှာ အမူအရာလေးနှင့်....

"ကျိန်စာလား.. ဘယ်သူ့ကိုမှ မကျိန်ပါဘူး.."

"အာ...."

ပေါင်ရိုက တစ်ခုခုကို ရုတ်တရက် တွေးမိပြီး လှပသော သူမ၏ မျက်လုံးများက ပြူးထွက်သွားသည်။ ပေါင်ရို၏ မှတ်ဉာဏ်ထဲတွင် လူတစ်ယောက်ကို ကျိန်ဆဲလိုက်သည့် အကြောင်းအား ရှင်းရှင်းလင်းလင်း မှတ်မိလိုက်သည်။

"အဘိုး... ထိရောက်မှု ရှိတာလား..."

ပေါင်ရို၏ အသံက အမှန်တကယ် အားနည်းနေသည်။ သူမ၏ မျက်နှာ အမူအရာ အနည်းငယ် ထူးဆန်းနေသော်လည်း

တော်တော်လေး ကြင်နာတတ်သေးသည်။ ယခင် ချင်ယန်က ရန်လိုနေခဲ့သဖြင့် ကျိန်ဆဲခဲ့မိသည်။ သို့သော် ကျိန်စာက အမှန်တကယ် အကျိုးသက်ရောက်ပြီး ချင်ယန်၏ ညီလေးက တစ်ဝက်ခန့် သေးသွားမည် ဆိုပါက ပေါင်ရိုက အမှန်တကယ် စိတ်မကောင်း ဖြစ်သွားမိလိမ့်မည်။

ပေါင်ယန်ရှင်းက ခေါင်းခါလိုက်ပြီး..

"ငါလည်း မသိဘူး..."

"ရှိရှိ.... နတ်ရတနာ တော်တော်များများ ငါ မြင်ဖူးတယ်။ ဒါပေမဲ့ မြေးလေးရဲ့ ကျိန်ဆဲခြင်း နတ်ရတနာက အရမ်း ထူးခြားတယ်...."

ပေါင်ရှိက အူကြောင်ကြောင် အမူအရာလေးနှင့်....

"အဘိုး.. ဘာပြောချင်တာလဲ...."

ပေါင်ယွန်ရှင်းက ခဏမျှ စဉ်းစားပြီးနောက်.....

"ဒီလိုပဲ ပြောရမယ်...... နတ်ရတနာနဲ့ ကျိန်စာ စွမ်းရည်က တားမြစ် စွမ်းရည် အမျိုးအစားထဲ ပါဝင်တယ်။ ကျင့်ကြံခြင်း အဆင့် မြင့်တက်လာတာနဲ့

အမျှ အဆက်မပြတ် အားကောင်း လာလိမ့်မယ်။ မင်းကျိန်စာရဲ့ ကြောက်စရာ စွမ်းအားက ဆက်တိုက် ဖြစ်နေတာတော့ မဟုတ်ဘူး”

“မြေးလေးရဲ့ ကျင့်ကြံခြင်း အဆင့်တူတဲ့ လူတစ်ယောက်လို့ ယူဆလိုက်.... ကျိန်စာရဲ့ တားမြစ်စွမ်းအားက အဆတစ်ရာ ပိုမို ပြင်းထန်လာလိမ့်မယ်။ ဒါပေမယ့် ဒီလို အဆတစ်ရာ ပိုမို ပြင်းထန်တဲ့ ဖြစ်နိုင်ချေက အပုံတစ်သောင်းပုံ တစ်ပုံထက် နည်းတယ်...”

"ဒါပေါ့ ဒီဖြစ်နိုင်ချေက အရမ်းနည်းလွန်းတယ်...."

"တကယ်လို့ တစ်ဖက်လူရဲ့ ခွန်အားက အားမနည်းဘူး။ မြေးလေးရဲ့ ကျိန်စာသက်ရောက်မှုကလည်း နိမ့်ကျနေမယ် ဆိုရင် အကျိုး သက်ရောက်မှု မရှိနိုင်ဘူး.... အဲ့လူကလည်း သမီးကို လာမရှာဘူး ဆိုတော့ အဆင်ပြေနေတာပဲ ဖြစ်ပါလိမ့်မယ်..."

ပေါင်ရှိ သက်ပြင်းချလိုက်ပြီး...

"ဒါဆို တော်ပါသေးရဲ့..."

"အဲ့လူဆိုး... ငါ့ကို ထပ်ပြောရဲသေးရင် တခြားနည်းလမ်းတွေနဲ့ ကျိန်ဆဲ ပစ်လိုက်မယ်.... ဟွန့်.."

ပေါင်ရိုက လက်သီး သေးသေးလေး ဖော့ယမ်းရင်း ပြောလိုက်သည်။

"အဘိုး... ဒါဆိုရင် ကျိန်ဆဲခြင်း နတ်ရတနာက အစွမ်းထက်တာလား.. အစွမ်း မထက်တာလား...."

ပေါင်ယန်ရှင်းက သက်ပြင်း ချလိုက်ပြီး....

"ပုံမှန်ပဲ..... ထိချက် အလွန် ပြင်းထန်တဲ့ အချိန်ဆိုရင်တော့ တားမြစ် စွမ်းအား အလွန်

မတရား ပြင်းထန်လိမ့်မယ်။ အဘိုးလိုအဆင့် တန်ခိုးရှင် တစ်ယောက်ကို ကျိန်ဆဲပြီး သတ်ပစ်နိုင်တယ်။ ဒါပေမဲ့ ထိချက် ပြင်းထန်တဲ့ အခွင့်အရေးက နည်းပါးလွန်းတယ်။ မြေးလေးရဲ့ နတ်စွမ်းအင်နဲ့ ဆိုရင် တစ်နေ့မှာ သုံးကြိမ်ပဲ အသုံးပြုနိုင်တယ်..”

“နေ့တိုင်း အသုံးပြုမယ် ဆိုရင်တော့ တစ်နှစ်မှာ အကြိမ် တစ်ထောင်လောက်ပဲ အသုံးပြုနိုင်မယ်..”

“ပြီးတော့ နတ်ရတနာရဲ့ ထိချက် ပြင်းထန်မှုက အဆင့် တစ်ရာထက် ပိုမမြင့်နိုင်ဘူး။ အဲ့

အဆတစ်ရာကလည်း နှစ်တစ်ရာမှာ တစ်ကြိမ် မဖြစ်နိုင်ဘူး..”

“ပြီးတော့ ကျိန်စာ အကွာအဝေးကလည်း ကန့်သတ်ချက် ရှိတယ်။ ကျိန်စာတိုက်ရင် စိတ်ဝိညာဉ် ခွန်အား ကုန်ဆုံးလိမ့်မယ်။ နေ့တိုင်း သုံးဖို့က ဘယ်လိုမှ လက်တွေ့မကျဘူး။ ဒါကြောင့် တစ်နှစ်အတွင်းမှာ ရိုရို အသုံးပြုနိုင်တဲ့ ကျိန်စာ အရေအတွက်က အခါ တစ်ရာ ဘယ်တော့မှ ကျော်မှာ မဟုတ်ဘူး။ ပြောချင်တာက

အပြင်းထန်ဆုံး ထိချက်က နှစ်တစ်ထောင် အတွင်း မဖြစ်နိုင်ဘူး...”

“အရမ်း ဆိုးတာပဲ....”

ပေါင်ရိုက တိုးတိုးလေး ရေရွတ်လိုက်သည်။

အကယ်၍ ချင်ယန်သာ ဒီနေရာတွင် ရှိနေမည် ဆိုပါက ထိုင်ငို နေလိမ့်မည်။

အမှန်တကယ်ဆို ပေါင်ယန်ရှင်း ပြောသည့် စကားက လုံလုံလောက်လောက် မတိကျပေ။ သူမ၏ ကျိန်စာ စွမ်းအားက သူမ၏ တိုက်ခိုက်ရေး

အစွမ်းထက် အဆ တစ်သောင်း ပိုမို ပြင်းထန်သည်။ အကယ်၍ သာမန်ကျိန်စာ စွမ်အားက အဆတစ်ရာဆိုလျှင် အပြင်ထန်ဆုံး ကျိန်စာစွမ်းအားက အဆ တစ်သိန်းအထိ ရှိလာနိုင်သည်။ ဒါက သာမန်ကျိန်စာထက် အဆပေါင်း များစွာ ပိုမို ပြင်းထန်သည်။

အပြင်းထန်ဆုံး ထိချက်က အပုံတစ်သောင်းပုံ တစ်ပုံပင် မပြည့်သော်လည်း ထိုကဲ့သို့ ပြင်းထန်သော ထိချက်က ချင်ယန်အပေါ် ကျရောက်နေပြီ ဖြစ်သည်။

"ရှိရှိ.... အဘိုးရဲ့ သုံးသပ်ချက် အရတော့ နတ်ရတနာ နိုးနိုးခြင်းမှာ ပထမဦးဆုံး အသုံးပြုတဲ့ ကျိန်စာစွမ်းအားက အပြင်းထန်ဆုံး ထိရောက်မှု ဖြစ်ဖို့ အခွင့်အလမ်း များနေတယ်..."

"တကယ်လို့ တစ်ဖက်လူက မင်းဆီ ပြန်လာရင် လျှော်ကြေး ကောင်းကောင်း ပေးလိုက်ပါ..."

"ငါတို့ မိသားစုက သန်မာတယ် ဆိုပေမဲ့ အားနည်းတဲ့ လူတွေကို အနိုင် မကျင့်ရဘူး"

ပေါင်ယန်ရှင်းက သတိ ပေးလိုက်သည်။

"ဟုတ်ကဲ့ပါ.. အဘိုး...."

ပေါင်ရိုက လိမ္မာစွာ ခေါင်းညိတ်လိုက်သည်။

## အခန်း(၃၂၃) - လူနာများကို စတင် ကုသခြင်း

မျက်စိတစ်မှိတ်အတွင်း နှစ်ရက် ကုန်သွားသည်။

"နောက်ဆုံးတော့ အဆင့် တက်သွားပြီ..."

ချင်ယန်၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာပြီး အံ့မှိုင်းနေသော စိတ်ခံစားချက်လည်း အနည်းငယ် ပိုမို ကောင်းမွန်လာသည်။

သို့သော် အဆင့် တက်သွားသည့်လူက ချင်ယန်က မဟုတ်ပေ။

လျူဝမ်ပင်......

ယခင်က လျူဝမ်သည် အကျဉ်းချ ကျောက်တုံးကို မြို့ချသဖြင့် ကျင့်ကြံခြင်းအဆင့် မြင့်တက်ခဲ့သေးသည်။ ယခုအခါ လျူဝမ်က အဆင့် (၇) ဓမ္မကလေးငယ် နယ်ပယ်သို့ ရောက်ရှိသွားသည်။

ချင်ယန် ဝယ်ယူထားသော အိမ်တော်က ကြီးမားခြင်း မရှိသော်လည်း ခြံဝင်းထဲတွင် ရေကန် တစ်ခု ရှိနေသေးသည် ။ ယခုလက်ရှိတွင် ချင်ယန်က ရေကန် ဘေးနား ရောက်နေသည်။

ချင်ယန်က လျူဝမ်ကို ထုတ်ပေးလိုက်ပြီး....

"လျှူဝမ်၊ ဒီမှာ အမြစ်တွယ်နေ။ အခုချိန်ကစပြီး မင်း တာဝန်က ဒီအိမ်ကြီး တစ်ခုလုံးကို ကာကွယ်ဖို့ပဲ။ ငါက မင်းကို အရှိန်အဟုန်နဲ့ တိုးတက်လာအောင် လုပ်ပေးမယ်..."

မိုးမခပင်၏ အကိုင်းအခက်များက လျင်မြန်စွာ ကျယ်ပြန့်လာပြီး မကြာခင် ဆယ်မီတာကျော် မြင့်သော မိုးမခပင် တစ်ပင်က ရေကန်းဘေးနားတွင် ပေါ်လာသည်။

သစ်ရွက်များက ကျောက်စိမ်းရောင် သမ်းနေသည်။ မိုမခပင်၏ အသွင်အပြင်ကြောင့်

ရေကန်ပတ်လည် ရှုခင်းက ပိုမို ကြည့်ကောင်းလာသည်။

"လျှူဝမ်.. မင်းရဲ့ အမြစ်စနစ်က ဒီအိမ်ကြီး အောက်မြေ တစ်ခုလုံးကို ဖြန့်ကျက်ထား.... ရှောင်ကျူဝမ်နဲ့ တခြားလူတွေ အမိန့်ပေးရင် တတ်နိုင်မျှ အမြန်ဆုံး လှုပ်ရှား..."

"နားလည်လား..."

မိုခမပင်၏ အကိုင်းအခက်များက လေထဲတွင် တွန့်လူးပြီး ကခုန် နေကြသည်။

“အရမ်း ကောင်းတယ်...”

ချင်ယန်က ခေါင်းညိတ်လိုက်သည်။

လျူဝမ်၏ အမြစ်စနစ်က လျင်မြန်စွာ ပျံ့နှံ့သွားပြီး စတုရန်း ဇရိယာ ကီလိုမီတာ နှစ်သောင်းကျော် ကျယ်ဝန်းသည့် ခြံဝင်း တစ်ခုလုံးသို့ ပျံ့နှံ့သွားသည်။ အကယ်၍ ရန်သူက ဒီအိမ်ကို တိုက်ခိုက်လာမည် ဆိုပါက မိုမခပင်၏ အမြစ်များက မြေကြီးထဲမှ ချက်ချင်း တိုးထွက်လာပြီး ရန်သူကို လျင်မြန်စွာ တိုက်ခိုက်နိုင်သည်။

လျှူဝမ်၏ ကာကွယ်မှုနှင့် ဆိုလျှင် ရန်သူက အိမ်ထဲ ခိုးဝင်ချင်လျှင်ပင် မည်သို့မျှ မဖြစ်နိုင်ချေ။

"ချင်ယန်.. ငါတို့က ဒီနေရာမှာ ခဏလောက် နေကြမှာလား...."

လောင်လန်နာက ချင်ယန်ထံ ရောက်လာပြီး မေးလိုက်သည်။

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

လျှူဝမ်က ဒီနေရာတွင် အမြစ်တွယ် နေသော်လည်း နောင်တစ်ချိန်တွင် နေရာ ပြောင်းနိုင်သေးသည်။ သို့သော် နေရာတစ်ကြိမ် ပြောင်းလိုက်တိုင်း လျှူဝမ်က ဒဏ်ရာ ကြီးကြီးမားမား ရသွားတတ်သည်။

အစောင့်အရှောက် မိုးမခပင်က နေရာတကာ အလွယ်တကူ ခေါ်ဆောင် သွားနိုင်သော နတ်ဆိုး သားရဲများကဲ့သို့ မဟုတ်သောကြောင့် သတ်မှတ် ထားသော နေရာတစ်ခုကို ကာကွယ်ရာတွင်

အဆင့်တူ နတ်ဆိုးသားရဲများထက် အများကြီး ပို အစွမ်းထက်သည်။

ယခင်က ချင်ယန်၏ ယွမ်ဒန် နယ်ပယ် အဆင့် (၉) ယန္တရားသားရဲကို ထောင်ကွမ်ယွီက ယွမ်ဒန်နယ်ပယ် အဆင့် (၈) အစောင့်အရှောက် မွန်းစတားအပင်နှင့် တားဆီး ထားနိုင်ခဲ့သည်။

'အကျဉ်းချ ကျောက်တုံးက မိုမခပင်ရဲ့ ဉာဏ်ရည်ကို မြှင့်တင် ပေးနိုင်တယ်…"

'မိုးမခပင် အစာချေဖျက်ပြီးတဲ့ အချိန်ထိ စောင့်ရမယ်။ အဲ့အချိန်ကျမှ မိုးမခပင်ကို သင့်တော်တဲ့ ကျင့်စဉ် တချို့ သင်ပေးရမယ်....'

ချင်ယန်၏ စိတ်ထဲတွင် ထိုအတိုင်း တွေးထားသည်။ လျူဝမ်၏ ခွန်အား ပိုမို အားကောင်းလာမည် ဆိုပါက နောက်တစ်ချိန်တွင် လျူဝမ်က ချင်ယန်အတွက် အလွန် အရေးပါ လာလိမ့်မည်။

"ချင်ယန်... အရင်က နင်....."

"ဒီအကြောင်း မပြောနဲ့....."

ချင်ယန်က စိတ်ဓါတ်ကျနေသော ပုံစံနှင့် လက်ခါပြလိုက်သည်။

“ချင်ယန်. ဘာပြဿနာ ဖြစ်နေလို့လဲ.. ငါတို့ကို ပြောပြလေ.... ငါတို့အားလုံး နင့်အတွက် နည်းလမ်းရှာဖို့ ကူညီ ပေးနိုင်တယ်.....”

လောင်လန်နာက မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

ချင်ယန်၏ မျက်နှာ အမူအရာက ဝမ်းချုပ်နေသကဲ့သို့ သုန်မှုန်နေသည်။

'ဘယ်လို ပြောပြရမှာလဲ..'

လောင်လန်နာနှင့် အခြား မိန်းကလေးများကို ' ငါ့ ဂျိုဂျိုက တစ်ဝက် သေးသွားတယ်' ဟု ပြောပြရမည်လော.......

အကယ်၍ ပြောပြလိုက်မည် ဆိုလျှင် လောင်လန်နာနှင့် အခြား မိန်းကလေးများက မည်ကဲ့သို့ တွေးကြမည်နည်း....

ရုတ်တရက် အတွေးပေါက် သွားနိုင်သည်။

သူမတို့၏ သွေးဆောင် ဖျားယောင်းမှုက အသုံးမဝင်သည်မှာ ဆန်းတော့ မဆန်းပေ။ ချင်ယန်၏ ကိုယ်ပိုင် လက်နက်တွင် ပြဿနာ ရှိနေခြင်းသာ.....

ထိုအခါ ချင်ယန်ကို ပဲမြစ်လေးဟု စနောက်ကြလိမ့်မည်။

အကယ်၍ သူမတို့ကို ပွင့်ပွင့်လင်းလင်း ထုတ်ပြောလိုက်မည် ဆိုပါက သူ့ကို ကျိန်ဆဲခဲ့သည့် ပေါင်ရှိအား အဘယ်ကြောင့် ပြဿနာ မရှာသနည်းဟု သံသယ ဖြစ်လာကြလိမ့်မည်။

ထိုအကြောင်းကို လုံးဝ မရှင်းပြနိုင်ပေ။

"မင်းတို့ ငါ့ကို မကူညီပေးနိုင်ဘူး.."

"ထားလိုက်ပါ... အချိန်တန်ရင် သူ့အလိုလို အဆင်ပြေ သွားလိမ့်မယ်..."

ချင်ယန်က လေးနက်စွာ ပြောလိုက်သည်။

လောင်လန်နာက ချင်ယန်ကို သေသေချာချာ စိုက်ကြည့်လိုက်ပြီး.....

"နင်က တကယ်ပဲ မဖြေရှင်းနိုင်ဘူးလား...."

"အနည်းဆုံး အဆင့် (၈) ဆေးကျောရာဇ် ဖြစ်မှ လုပ်နိုင်မှာ..."

လောင်လန်နာက ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။ ထိုရှူထောင့်နှင့် ပက်သက်လျှင် သူမတို့လည်း ဘာမှ မလုပ်ပေးနိုင်ပေ။ ချင်ယန်အတွက် အဆင့် (၈) ဆေးကျောရာဇ် တစ်ယောက်ကို ရှာဖွေပေးနိုင်မည့် စွမ်းရည်မျိုးက သူမတို့တွင် မရှိပေ။

"ဒါဆိုလည်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်...."

"ဒါနဲ့ စကားမစပ်.... လူအိုကြီးရှန်း ပြန်ရောက်နေတာ (၂) နာရီလောက် ရှိနေပြီ။ သူ စောင့်နေသေးတယ်။ သူနဲ့တွေ့ဖို့ လိုတယ် မဟုတ်လား...."

ချင်ယန်က ခေါင်းညိတ်လိုက်ပြီး....

"တွေ့မယ်.."

မကြာခင် ကျန်းစွန်းရှန်းက ချင်ယန့်ရှေ့ ရောက်လာသည်။

"လူအိုကြီးရှန်း... မင်း ပင်ပန်းသွားပြီ...."

ကျွန်းစွန်းရှန်းက ပြုံးလိုက်ပြီး....

“ရှောင်ချင်.. မင်းပြောတဲ့အတိုင်း လူငါးယောက်ရွေးထားပြီးပြီ.... သူတို့ရဲ့ စရိုက် က မဆိုးဘူးလို့ ငါ ပြောနိုင်တယ်။ တကယ်လို့ သူတို့ကို ကူညီလိုက်မယ်ဆိုရင် ရှောင်ချင်အတွက် အသုံးဝင်မယ်လို့ ငါ အာမခံတယ်...”

“အင်း....”

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

"လူအိုကြီးရှန်း.... သူတို့ကို ဒီခေါ်လာလို့ ရပြီ...."

"ဟုတ်ကဲ့ပါ... ရှောင်ချင်...."

ကျန်းစွန်းရှန်းက လူငါးယောက် ဝင်လာနိုင်အောင် အမြန် စီစဉ်ပေးလိုက်သည်။ ချင်ယန်တို့ အိမ်ထဲကို ရာထားလုံးများနှင့် တိုက်ရိုက် ဝင်လာသောကြောင့် ချင်ယန်တို့မှ လွဲ၍ အပြင်လူများသည် သူတို့က မည်သူ ဆိုသည်ကို မသိနိုင်ကြပေ။

တန်ခိုးရှင် ငါးယောက်လုံးက ချင်ယန်ရှေ့ ရောက်နေကြသည်။

"ရှောင်ချင်ကို ဂါဝါရ ပြုပါတယ်..."

ထိုလူ ငါးယောက်က ဂါဝါရသာ ပြုလိုက်ရသော်လည်း စိတ်ထဲ အောက်သက်သက် ဖြစ်နေသည်။ ကျန်းစွန်းရှန်း၏ စရိုက်က အလွန် ကောင်းမွန်သော်လည်း ဒီချာတိတ်လေး ချင်ယန်က သူတို့ကို အမှန်တကယ် ကူညီနိုင်ပါမည်လော.....

"ရပါတယ်...."

"မင်းတို့ သုံးယောက်က ပြဿနာ နည်းနည်း ရှိပေမဲ့ ကျန်တဲ့နှစ်ယောက်က အသေးအဖွဲလေးပဲ။ ဒီဂျူနီယာကို လိုအပ်လို့လား...."

ချင်ယန်က တန်ခိုးရှင် ငါးယောက်ကို ကြည့်ပြီး ပြောလိုက်သည်။ သူတို့ထဲမှ တစ်ယောက်က တစ်ယောက်ကို တစ်ချက် ကြည့်ရုံနှင့် မြင်နိုင်သော်လည်း ကျန်တစ်ယောက်ကိုမူ သေသေချာချာ စစ်ဆေးကြည့်ရန် လိုအပ် နေသေးသည်။

တန်ခိုးရှင် ငါးယောက်၏ မျက်လုံးများက တောက်ပလာသည်။ ကျန်းစွန်းရှန်းက မပြောလျှင်ပင် ခြေအနေကို တစ်ချက် ကြည့်ရုံနှင့်

သိနေသဖြင့် မမျှော်လင့်ချက် အနည်းငယ် ရှိလာကြသည်။

"မင်းတို့ နှစ်ယောက်ကို ငါကိုယ်တိုင် ကုသပေးမယ်။ မင်းရဲ့ ပြဿနာက သေးသေးလေးပဲ။ အတွင်း ဒဏ်ရာက အရေးတကြီး လိုအပ်နေတဲ့ ပြဿနာ မဟုတ်ဘူး..."

ချင်ယန်က သူတို့ထဲမှ နှစ်ယောက်ကို လက်ညှိုးထိုးပြီး ပြောလိုက်သည်။

ချင်ယန်က စကားပြောနေရင်း တံဆိပ်ထုတ်ပြီး ရင်ဘတ်ပေါ် တပ်ဆင်လိုက်သည်။ သံသယ

ဖြစ်နေမည် စိုး၍ ယခုကဲ့သို့ ဝတ်ဆင်ထားခြင်းက ပိုကောင်းသည်။

“ဆေးဘုရင်....”

တန်ခိုးရှင် ငါးယောက်လုံး၏ မျက်လုံးထဲတွင် စိတ်လှုပ်မှုများ ပေါ်လာပြီး ချင်ယန်ကို ပိုမို ယုံကြည်လာကြသည်။

ကျန်းစွန်းရှန်း၏ အမူအရာကမူ အေးအေးဆေးဆေး ရှိနေသည်။ ချင်ယန်က ဆေးဘုရင် အဆင့် ရှိလိမ့်မည်ဟု သူက သိနေသည်။

ဆေးဘုရင် အဆင့်ထက် ကျော်လွန်နေသည့် ဖြစ်နိုင်ချေကလည်း မနည်းပေ။

"ဟုတ်ကဲ့ ရှောင်ချင်....."

မကြာခင် သူတို့ နှစ်ယောက်က ထွက်သွားကြသည်။

"မင်းက ငါနဲ့လိုက်ခဲ့.... ကျန်တဲ့လူတွေက အပြင်မှာ စောင့်နေပါ....."

ချင်ယန်က တန်ခိုးရှင် ငါးယောက်ထဲမှ တစ်ယောက်ကို လက်ညှိုးထိုးပြပြီး ပြောလိုက်သည်။

ထိုတန်ခိုးရှင်၏ ရုပ်ရည် အခြေအနေနှင့် ဝတ်စားဆင်ယင်မှုက ကြည့်ကောင်းသည်။

ထိုတန်ခိုးရှင်က ဆေးကုသရန် ငွေးကြေးအမြောက်အများ အကုန်ကျခံပြီး ဆေးဘုရင်သုံးယောက်နှင့် တွေ့ခဲ့သော်လည်း ဆေးဘုရင်သုံးယောက်လုံးက သူတို့အတွက် မည်သည့်ပြဿနာမှ မရှိကြောင်း ပြောကြား ခဲ့ကြသည်။

"ဆရာ....."

အတွင်းခန်းထဲ ဝင်သွားသည်နှင့် ကူဒေါင်ရှီက ကမန်းကတန်း မတ်တပ်ထရပ်ပြီး အရိုအသေ ပေးလိုက်သည်။

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

ပါလာသော တန်ခိုးရှင်ကမူ မျက်လုံး ပြူးနေသည်။ ကူဒေါင်ရှီကို သူသိသည်။ ဆေးဘုရင်များထဲတွင် ကူဒေါင်ရှီက အလွန် အစွမ်းထက်သည်။ တစ်ချိန်တုန်းက သူ့ကို ကုသပေးရန် ကူဒေါင်ရှီနှင့် ပြသချင် ခဲ့သည်။

သို့သော် သူ့အလှည့်ရောက်ရန် တန်စီ နေတုန်းသာ ရှိသေးသည်။ နောက်ထပ် (၂) နှစ်ပြည့်မှ သူ့အလှည့် ရောက်လိမ့်မည်။

"ဆေးဘုရင်ကူ... ရှောင်ချင်က...."

ကူဒေါင်ရှီက ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

"ဒေါင်ဖန်ဟွမ် မင်း ကံကောင်းတယ်...... မင်း ပြဿနာက ငါ့ဆရာဆီ ရောက်သွားရင် ပြဿနာ မဟုတ်တော့ဘူး....."

"ဆေးဘုရင်ကူ..... ရှောင်ချင်က တကယ်ပဲ မင်းဆရာလား..."

ဒေါင်ဖန်ဟွမ်က မယုံကြည်နိုင်ဘဲ အသက်ပင် မရှူနိုင် ဖြစ်နေသည်။

"ငါက ဆရာရဲ့ ဂုဏ်ထူးဆောင် တပည့်လေး တစ်ယောက်ပါ...."

ကူဒေါင်ရှီက ချောင်းတစ်ချက် ဆိုးလိုက်ပြီး....

“အို ဟုတ်ပြီ။ မင်း ပေါက်ကရ စကားတွေ ပြောနေတာ များနေပြီ… မြန်မြန်လုပ် ဆရာ့ဆီ သွားအစစ်ဆေး ခံလိုက်…”

ဒေါင်ဖန်ဟွမ်က ပို၍ပင် တုန်လှုပ်သွားသည်။

အစွမ်းထက်သော ဆေးဘုရင်ကူ၏ ချင်ယန်က ဂုဏ်ထူးဆောင် တပည့် အမှန်တကယ် ဖြစ်နေသည်။ ဒါက ကြောက်စရာ နည်းနည်းကောင်းနေသည်။

“ရှောင်ချင်.. မင်းကို ဒုက္ခ ပေးရတော့မယ်….”

ဒေါင်ဖန်ဟွမ်က အရိုအသေ ပေးလိုက်ပြီး သူ့ အမူအရာက ပိုမို လေးစားလာသည်။

မကြာခင် ဒေါင်ဖန်ဟွမ်က ကုတင်ပေါ် လဲချလိုက်သည်။ ချင်ယန်က ဒေါင်ဖန်ဟွမ်၏ လက်ကောက်ဝတ်ကို ကိုင်ကာ သွေးခုန်နှုန်း စစ်ဆေးနေသည်။ မိနစ် အနည်းငယ် ကြာသောအခါ ချင်ယန်က လက်ပြန်လွှတ် လိုက်သည်။

"တစ်ခုခု တွေ့လား....."

ချင်ယန်က ကူဒေါင်ရှီကို မေးလိုက်သည်။

ကူဒေါင်ရှီကလည်း ဒေါင်ဖန်ဟွမ်၏ သွေးခုန်နှုန်းကို စစ်ဆေးထားသည်။

"ဆရာ... ကြည့်ရတာ ပြဿနာ မရှိဘူး.."

ကူဒေါင်ရှိက စဉ်းစားမရသော လေသံနှင့်.....

"သွေးစွမ်းအင် လုံလောက်တယ်။ ယွမ်ချီ စီးဆင်းမှုကလည်း ပြဿနာ မရှိဘူး။ ပြီးတော့ ခန္ဓာကိုယ်ထဲက ဒန်တယ်မှာလည်း ပြဿနာ မရှိဘူး"

ချင်ယန်က ခေါင်းခါလိုက်ပြီး......

"ကြည့်ရတာ မင်းက ဒီရှုထောင့်မှာ ပိုကြိုးစားဖို့ လိုသေးတယ်..."

"ပြဿနာ တစ်ခုခု ရှိလားလို့ သူ့နှလုံးခုန်နှုန်းကို သေသေချာချာ စစ်ဆေးကြည့်..."

"ဟုတ်ကဲ့ ဆရာ......"

ကူဒေါင်ရှီက နောက်တစ်ကြိမ် စစ်ဆေးလိုက်သည်။ ဒီတစ်ကြိမ်တွင် ဒေါင်ဖန်ဟွမ်၏ နှလုံးကို စစ်ဆေးခဲ့ပြီး မိနစ် အနည်းငယ် အတွင်းမှာပင် သဲလွန်စတစ်ခုကို အမှန်တကယ် တွေ့ရှိခဲ့သည်။ ကြည့်ရသည်မှာ ဒေါင်ဖန်ဟွမ်၏ နှလုံးတွင်

တစ်ခုခု ဖြစ်နေသည်။ သို့သော် ဘာလဲဆိုသည်ကို ကူဒေါင်ရှီက တိတိကျကျ မသိပေ။

ဒေါင်ဖန်ဟွမ်က စိုးရိမ် ပူပန်နေသော အကြည့်များနှင့် ချင်ယန်ကို ကြည့်လိုက်ပြီး.....

“ရှောင်ချင်... ငါ့ ပြဿနာက ဘာလဲဆိုတာ မသိဘူးလား... ရှောင်ချင်က ငါ့ပြဿနာကို ကူညီ ဖြေရှင်း ပေးနိုင်တာနဲ့ ငါ့အသက်ကို မင်းဆီ ရောင်းပါ့မယ်။ ရှောင်ချင်က တစ်ခုခု လိုချင်လို့ ငါ့ဆီမှာ ရှိနေသရွေ့ လုံးဝ မငြင်းပါဘူး....”

ဤ ပြဿနာက ဒေါင်ဖန်ဟွမ်ကို အချိန်အတော်ကြာအောင် ဒုက္ခပေး နေခဲ့သည်။

ချင်ယန်က ဒေါင်ဖန်ဟွမ်ကို ကိုယ်ချင်းစာသော မျက်လုံးများနှင့် ကြည့်လိုက်ပြီး.....

"ဒေါင်ဖန်ဟွမ်.. မင်းဇနီးနဲ့ သမီးတွေ အားလုံး သေသွားပြီ မဟုတ်လား... လွန်ခဲ့တဲ့ ခုနှစ်နှစ်၊ ခြောက်နှစ်လောက်က သေသွားတာ..."

"ဒီနှစ်ပိုင်းအတွင်း တစ်လကို တစ်ရက်၊ နှစ်ရက်လောက် မင်းနှလုံးက အရမ်းနာနေပြီ..

ဒါပေမဲ့ ရှာလိုက်ရင်လည်း ဘာပြဿနာမှ မတွေ့ဘူး...”

“ဟုတ်တယ်... ဟုတ်တယ်”

ဒေါင်ဖန်ဟွမ်က ခေါင်းညိတ်လိုက်သည်။

ချင်ယန်က စက္ကန့် အနည်းငယ်ခန့် တိတ်ဆိတ်သွားပြီးနောက်.......

“ဒေါင်ဖန်ဟွမ်.. မင်းကို ကုသ ပေးနိုင်တယ်. ကျေးဇူးပြုပြီး ဘာရောဂါလဲလို့ တိတိကျကျ မမေးနဲ့...”

"ရှောင်ချင်.. ငါ သိချင်တယ်..."

"ငါ့ဇနီး၊ သမီးတွေနဲ့ ပက်သက်နေလား.."

ဒေါင်ဖန်ဟွမ်၏ ခန္ဓာကိုယ်က တုန်ယင်နေပြီး....

"ရှောင်ချင်.. တကယ်လို့ ငါ့မှာ ရန်သူရှိရင် ငါသိထားတာ ပိုကောင်းတယ်....။ ဒါမှ လက်စား ပြန်ချေနိုင်မှာ...."

ချင်ယန်က လေးနက်သော အမူအရာနှင့်.....

"တစ်ဖက်လူက မင်းကို အရမ်း မုန်းတီးနေတဲ့ပုံပဲ....."

"တဖက်လူက မင်းဇနီး မင်းသမီးတွေရဲ့ သွေး အနှစ်သာရကို သုံးထားတယ်။ အလောင်းနဲ့ တခြား အရာတွေကို နှလုံးစား အဆောင်လို့ ခေါ်တဲ့ ယုတ်ညံ့တဲ့ အဆောင်နဲ့ သန့်စင်ထားတယ်။ သူတို့ မသေခင်မှာ ပြင်းပြင်းထန်ထန် ဝေဒနာ ခံစား ခဲ့ရလိမ့်မယ်။ နှလုံးစား အဆောင်ကို မင်းအပေါ် အသုံးပြုတဲ့ အချိန်မှာ မင်း နာကျင်ရတဲ့ ခံစားမှုက သူတို့နာကျင်ခဲ့ရတဲ့ ခံစားမှုပဲ......"

ဒေါင်ဖန်ဟွမ်၏ မျက်နှာက ဖြူဖျော့သွားသည်။

"ဒီအဆောင်မျိုးက သာမန်လူတွေ မဆွဲနိုင်ဘူး...."

"တစ်ဖက်လူက အဆင့် (၆) အဆောင် ဘုရင်အဆင့် ရောက်နေပြီ.... အဆင့် (၆) အဆောင်ဘုရင် တွေတောင် အဲ့အဆောင်ကို သန့်စင်ဖို့ တော်တော်လေး ခက်ခဲတယ်"

## အခန်း(၃၂၄) - သူတော်စင် သခင်မ....

“ငါ့ဇနီးနဲ့ ငါ့ သမီးတွေက သူတို့ မသခင် ဒီလိုမျိုး နာနာကျင်ကျင် ခံစား ခဲ့ရတာပေါ့......”

“ရှောင်ချင်... ကျေးဇူး တင်ပါတယ်.....”

“မကုတော့ဘူး.. ငါ သေသွားရင်တောင် ဒီနာကျင်မှုကို သိမ်းထားသွားမယ်.. ဒီနာကျင်မှုက ငါ့ကို လက်စားချေဖို့ တိုက်တွန်း ပေးလိမ့်မယ်....”

ဒေါင်ဖန်ဟွမ်က အံကြိတ်ပြီး သွားကြားထဲမှ လေသံနှင့် ပြောလိုက်သည်။

ချင်ယန်က ခေါင်းခါလိုက်ပြီး....

“ဒေါင်ဖန်ဟွမ်... မင်းဇနီးနဲ့ မင်းသမီးတွေက မင်း ဒီလိုဖြစ်နေတာ သိရင် သူတို့ ပျော်မယ်လို့ မင်းထင်လား....... ။ ဒီနှစ်ပိုင်းအတွင်း မင်းတိုးတက်မှုက အများကြီး နှေးကွေး သွားတယ်ဆိုတာ မင်း သိတယ် မဟုတ်လား။ ဒီပုံစံအတိုင်း ဆက်သွားနေရင် ခမ္မကလေးငယ် နယ်ပယ်ကို လုံးဝ မရောက်နိုင်ဘူး.....”

“တစ်ဖက်လူက မင်းကို ဒီလိုနာကျင်မှုမျိုး ခံစားစေချင်တယ်.. ဒါကို မင်းက တစ်ဖက်လူ ဖြစ်စေချင်တဲ့ အတိုင်း နေမယ်ဆိုတော့ ဘယ်လောက်တောင် မိုက်မဲ လိုက်သလဲ….”

“ပြီးတော့ မင်းက ဓမ္မကလေးငယ် နယ်ပယ် မရောက်ရင် လက်စားချေနိုင်မှာ မဟုတ်ဘူး…”

ဒေါင်ဖန်ဟွမ်က နားကျည်းနေသော လေသံနှင့်……

“ရှောင်ချင်.. ငါက ယွမ်ဒန် နယ်ပယ် အဆင့် (၉)မှာ ပိတ်မိနေတာ တော်တော်လေး ကြာနေပြီ…..

ခမ္မကလေးငယ် နယ်ပယ် တက်ဖို့ မျှော်လင့်ချက် ရှိသေးလား...

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

“ဒီနှစ်တွေအတွင်း မင်း ခံစားခဲ့ရတဲ့ နာကျင်မှုက အလကား မဟုတ်ဘူး။ ဒီနာကျင်မှုကြောင့် မင်းရဲ့ စိတ်စွမ်းအားက မင်းမှာရှိတဲ့ ကျင့်ကြံခြင်း အဆင့်ထက် အများကြီး ကျော်လွန်နေပြီ။ ငါ့မှာ နည်းလမ်းရှိတယ်.. တကယ်လို့ မင်းသာ မဆုတ်မနစ် ကြိုးစားမယ်ဆို ခမ္မကလေးငယ် နယ်ပယ် ရောက်နိုင်တယ်.....”

ဒေါင်ဖန်ဟွမ်၏ မျက်လုံးက တောက်ပလာပြီး……

“ရှောင်ချင်.. ကျေးဇူးပြုပြီး ပြောပြပေးပါ။ ခမ္မာကလေးနယ်ပယ် ရောက်လို့ လက်စားချေပြီးရင် ရှောင်ချင်အတွက် တစ်သက်လုံး တာဝန် ထမ်းဆောင်ပေးမယ်….”

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်….

“အစီအရင် ဖွဲ့စည်းပြီး အပ်စိုက် ပေးလိုက်ရင် မင်းခန္ဓာကိုယ်ထဲက စွမ်းအားတွေ ဆူပွက်လာလိမ့်မယ်….. မင်းသာ နှစ်ရက်လောက်

တောင့်ခံနိုင်ရင် ဓမ္မကလေးငယ် နယ်ပယ်ကို သေချာပေါက် ရောက်လိမ့်မယ်။ တကယ်လို့ မတောင့်ခံနိုင်ရင်တော့ လမ်းခုလတ်မှာ သေသွားလိမ့်မယ်....”

“ဒီဖြစ်စဉ်အတွင်း မင်းခံစားရမယ့် နာကျင်မှုက အခု မင်းခံစားနေရတဲ့ နာကျင်မှုထက် ပိုဆိုးလိမ့်မယ်..”

“သေမလား.... အဆင့် တက်မလားဆိုတာ မင်း ရွေးချယ်မှုပဲ...”

"အဆင့်တက်နိုင်ချေက လေးပုံ၊ တစ်ပုံလောက် ရှိတယ်.. သေနိုင်ချေက လေးပုံ၊ သုံးပုံ ရှိတယ်။ မင်း စဉ်းစားပြီးရင် ငါ့ကိုပြော....."

ဒေါင်ဖန်ဟွမ်က လေးနက်သော အမူအရာနှင့်...

"ရှောင်ချင်.... စဉ်းစားနေစရာ မလိုဘူး... အဆင့်တက်ဖို့ ရွေးတယ်။ ဒီနှစ်တွေ အတွင်း နာကျင်မှုကို ခံစားပြီး ငါ့ကိုယ်ငါ အပြစ်တင်နေခဲ့တယ်။ အခု အဆင့် တက်ကိုတက်ပြီး ရန်သူကို အပိုင်းပိုင်း ဖြစ်အောင် ခုတ်သတ်ပစ်မယ်....."

"ရန်သူက ဘယ်သူလဲဆိုတာ မင်း သိလား...."

ဒေါင်ဖန်ဟွမ်က အံကြိတ်လိုက်ပြီး သွားကြားထဲမှ လေသံနှင့်......

“ဖြစ်နိုင်ချေ (၈၀) ရာခိုင်နှုန်း ရှိတဲ့ လူတစ်ယောက် ရှိတယ်။ ဟုတ်တယ် .. အဲ့ကောင်ပဲ.. သွေးနတ်ဘုရားဂူက သွေးနတ်ဆိုး လမ်းစဉ်ကို အဓိက ကျင့်ကြံတဲ့လူပဲ.... အဲ့အချိန်တုန်းက ဒီကောင်ရဲ့ ကျင့်ကြံခြင်း အဆင့်က ယွမ်ဒန်နယ်ပယ် အဆင့် (၉) ပဲ ရှိသေးတယ်.....။ ငါက သူ့ရဲ့ ကောင်းတဲ့အရာကို ဖျက်ဆီးပြီး သူ့ကို ပြစ်ဒဏ် ပေးခဲ့တယ်။

ဒီနာကျင်မှုက ထာဝရ အသက်ရှင်နေမယ်လို့ သူ့ကို ပြောခဲ့သေးတယ်.....”

“သွေးနတ်ဆိုး လမ်းစဉ်......”

ချင်ယန်၏ မျက်လုံးထဲတွင် အေးစက်သော အလင်းရောင်များ ပေါ်လာသည်။

ဒီကောင်က သူ့ ခန္ဓာကိုယ်ထဲမှာလည်း ပိုးကောင်တစ်ကောင် ချန်ထား ခဲ့သေးသည်။

သွေးနတ်ဘုရား ဂူတွင် ဂူသခင်(၂) နှင့် ဂူသခင် (၃) သေဆုံး သွားခဲ့ပြီ... သွေးနတ်ဆိုး လမ်းစဉ်ကို ကျိန်းသေပေါက် သတ်ရမည်။

"ဒေါင်ဖန်ဟွမ်.. မင်းယုံကြည်မှု ခိုင်မာနေသရွေ့ မင်း အဆင့်တက်နိုင်မယ်လို့ ငါယုံကြည်တယ်..."

ချင်ယန်က တစ်နာရီခန့် အချိန်ပေးပြီး အစီအရင်တစ်ခု ဖွဲ့စည်းလိုက်သည်။ ဒေါင်ဖန်ဟွမ်ကို အစီအရင်ထဲ ထည့်သွင်းပြီး အပ်စိုက် ပေးလိုက်သည်။

"အား..............."

ဒေါင်ဖန်ဟွမ်၏ ကြောက်စရာ ကောင်းသော စူးစူးဝါးဝါး အော်ဟစ်သံများ ထွက်ပေါ်လာသည်။ သူ့ ခန္ဓာကိုယ်ပေါ်တွင်လည်း သွေးကြောများ ထောင်ထွက် နေသဖြင့် မြင်ရ၊ ကြည့်ရသည်မှာ ကြောက်စရာ ကောင်းနေသည်။

"ဒေါင်ဖန်ဟွမ်... မင်းကို ဘယ်သူမှ မကူညီနိုင်ဘူး.."

"နောက်နှစ်ရက် ကြာရင် မင်းဘာသာမင်း လမ်းလျှောက် ထွက်လာခဲ့......။ ဒီလိုမှ မဟုတ်ရင် မင်းအလောင်း ငါ လာကောက်မယ်။ ဒါနဲ့

စကားမစပ် တကယ်လို့ မင်းသေသွားရင် မင်းအလောင်းကို သစ်ပင်အတွက် မြေသြဇာ လုပ်လိုက်မယ်။ ဒါက မင်းကို ကုသပေးတဲ့ ငါ့ ကုသကြေးပေါ့....”

ချင်ယန်က အသံလုံ အစီအရင် ခင်းကျင်းပြီးနောက် ဒေါင်ဖန်ဟွမ်ကို တစ်ယောက်တည်း ထားခဲ့ကာ လေ့ကျင့်ရေး အခန်းထဲမှ ပြန်ထွက်လာသည်။ အခန်းထဲမှ အပြင်ရောက် သွားသောအခါ ကြောက်စရာ

ကောင်းသည် အော်ဟာစ်သံများကို မကြားရတော့ပေ။

ဒေါင်ဖန်ဟွမ်၏ ပြဿနာက အခက်ခဲဆုံးပင်။ ထိုအတူ အဆင့် (၇) ဓမ္မကလေးငယ် နယ်ပယ် ရောက်ရှိရန် အလားအလာ ရှိသည့် တစ်ဦးတည်းသော လူလည်း ဖြစ်နေသေးသည်။

အခြား တန်ခိုးရှင် နှစ်ယောက်တွင် တစ်ယောက်က ယွမ်ဒန်နယ်ပယ် အဆင့် (၇) ဖြစ်ပြီး ကျန်တစ်ယောက်က ယွမ်ဒန်နယ်ပယ် အဆင့် (၈) ဖြစ်သည်။

နှစ်နာရီ ကြာပြီးနော် ချင်ယန်က သူတို့၏ ပြဿနာကို ဖြေရှင်း ပေးလိုက်သည်။

"ရပါတယ်.. ငါ့ဘက်က လုပ်သင့်လုပ်ထိုက်တာ လုပ်လိုက်တာပါ...."

"ကျေးဇူး အများကြီး တင်ပါတယ်.. ရှောင်ချင်....."

တန်ခိုးရှင် နှစ်ယောက်က သူတို့၏ ပြဿနာများကို ဖြေရှင်းပြီးသွားသည့် အတွက် အလွန် စိတ်လှုပ်ရှား နေကြသည်။ ဒီပြဿနာက သူတို့ကို အချိန် တော်တော်ကြာအောင်

ဒုက္ခပေးခဲ့ပြီး ကျင့်ကြံခြင်း အဆင့် တိုးတက်မှုကိုလည်း နှေးကွေး စေခဲ့သည်။

"တိုင်ပင်ခ ပေးမလား... ဒါမှမဟုတ် ငါ့ကို သုံးနှစ် ကူညီပေးမလား.... မင်းတို့ဘာသာ မင်းတို့ ရွေးချယ်ကြ"

တန်ခိုးရှင် နှစ်ယောက်က တစ်မျက်နှာ တစ်ယောက် ကြည့်ပြီးနောက် ချင်ယန်ကို အရိုအသေ ပေးလိုက်ကာ.....

“ရှောင်ချင်… ငါတို့က ရှောင်ချင်အတွက် သုံးနှစ် အလုပ် လုပ်ပေးချင်ပါတယ်။ ဒီထက် ပိုကြာရင်တောင် အဆင်ပြေပါတယ်…”

သူတို့ ဒဏ်ရာ လုံးဝ ပျောက်ကင်းသွားသည့်အပြင် ချင်ယန်၏ တိုင်ပင်ခကလည်း ဈေးမကြီးပေ။ ယခုနှစ် အတွင်းတွင် ကိစ္စအများကြီး လုပ်စရာ မလိုသည့် အကြောင်းကို ထိုတန်ခိုးရှင် နှစ်ယောက်က သိနေကြသည်.

ထို့အပြင် ချင်ယန်၏ စွမ်းရည်က သန်မာလွန်းသဖြင့် သူ၏ နောက်ခံ အင်အားက

အလွန် ကြောက်စရာ ကောင်းလိမ့်မည်။ ထို့ကြောင့် ချင်ယန်အတွက် အလုပ် လုပ်ပေးခြင်းက အလွန် ကောင်းမွန်သော ကိစ္စပင်။

"ဒီလိုဆိုရင် အကြီးအကဲ ရှန်းကို သွားရှာလိုက်.... အကြီးအကဲရှုးန်က မင်းတို့အတွက် စီစဉ် ပေးလိမ့်မယ်...."

ချင်ယန်က လက်ဝှေ့ ယမ်းပြပြီး ပြောလိုက်သည်။

"ဟုတ်ကဲ့..."

ထိုတန်ခိုးရှင် နှစ်ယောက် ထွက်သွားကြသည်။ မကြာခင် နောက်ထပ် တန်ခိုးရှင် အငယ်လေး နှစ်ယောက်နှင့် ထပ် တွေ့လိုက်သည်။ သို့သော် သူတို့ထဲတွင် လူငယ်လေး တစ်ယောက်မှ မပါပေ။ လူလတ်ပိုင်းများ ဖြစ်ကြကာ သူတို့၏ ခွန်အားကလည်း ကောင်းမွန်ကြပြီး သူတို့၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင် နယ်ပယ်တွင် ရှိနေကြသည်။

ထိုလူလတ်ပိုင်း တန်ခိုးရှင် နှစ်ယောက်၏ ပြဿနာ ခက်ခဲခြင်း မရှိသဖြင့် ချင်ယန်က အလွယ်တကူ ဖြေရှင်းလိုက်သည်။

သူတို့က အခြား ဆေးဆရာများနှင့် တွေ့ခဲ့သော်လည်း သူတို့၏ ပြဿနာကို မဖြေရှင်း ပေးနိုင်ခဲ့ကြပေ။ အဓိကအားဖြင့် အသိပညာ ပြဿနာကြောင့် ဖြစ်သည်။ ချင်ယန်၏ အသိပညာ ဗဟုသုတက သူတို့ထက် အများကြီး ပိုမို ကျယ်ပြန့် နေသောကြောင့်ပင်။

သူ့ကို ကြည့်ပါက ရှေးဟောင်း အမွေအနှစ် တစ်ခုနှင့်ပင် တူနေသေးသည်။

တန်ခိုးရှင် အချို့က ရှေးဟောင်း အမွေအနှစ်များ ထဲဝင်ပြီး ရှေးဟောင်း နည်းစနစ်များကြောင့် ထိခိုက် ဒဏ်ရာ ရခဲ့ကြခြင်းပင်။ သို့သော် ယနေ့ခေတ် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင်များက ထိုအကြောင်းကို နားမလည်ကြပေ။

ချင်ယန် အတွက်ကမူ အလွန် ရိုးရှင်းလွန်းသည်။

“ကျေးဇူး အများကြီး တင်ပါတယ်… ရှောင်ချင်….”

သူတို့ လေးယောက်လုံးက လေးစားစွာ နှုတ်ဆက် လိုက်ကြသည်။

ချင်ယန်က သူတို့ကို ရွေးချယ်ခွင့် ပေးခဲ့ပြီး သူတို့ လေးယောက်လုံးက ချင်ယန်အတွက် သုံးနှစ် အလုပ် လုပ်ပေးရန် သဘောတူခဲ့ ကြသည်။ ချင်ယန်ကမူ ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင် နှစ်ယောက်ကို လက်မခံခဲ့ပေ။

ယခုလက်ရှိတွင် ချင်ယန်က သာမန် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များကို အနည်းငယ် အထင်သေးနေသည်။

ရှောင်ကျူယင်၊ ရှန်းယုလင်းနှင့် အခြားသူများက ယွမ်ဟူ နယ်ပယ်တွင် ရှိသော်လည်း သူတို့၏ ပင်ကိုယ် ပါရမီက အားကောင်းကြသည်။ အချိန်တန်၍ ကောင်းကင်ဘုံ သွေးသစ်ခွကို အသုံးပြုလိုက်ပါက အချိန်တိုလေး အတွင်းမှာပင် ယွမ်ဟိုင် နယ်ပယ်သို့ ရောက်ရှိသွားရန် ပြဿနာ မရှိပေ။ နောင်တစ်ချိန်တွင် ယွမ်ဒန်နယ်ပယ် သို့မဟုတ် ဓမ္မကလေးငယ် နယ်ပယ်ကိုပင် တက်လှမ်းရန် ပြဿနာ မရှိပေ။

"လူအိုကြီးရှန်း မင်းတို့က စိတ်ချပြီး အသုံးပြုနိုင်မယ်လို့ ထင်တဲ့ တခြား အုပ်စုတွေကို ရှာနိုင်တယ်"

"ဒုတိယအသုတ် စုဆောင်းပြီးရင်တော့ ငွေပဲ ရှာတော့မယ်..."

ချင်ယန်က အမိန့် ပေးလိုက်သည်။

ကျန်းစွန်းရှန်းနှင့် အခြားလူများက ချက်ချင်း လှုပ်ရှား လိုက်ကြသည်။ ယခု လက်ရှိတွင် သူတို့အဖွဲ့ထဲ၌ လူငါးယောက် ရှိနေပြီး

လူတစ်ယောက်က အခြား လူတစ်ယောက်ကို ခေါ်လာရန် တာဝန်ယူ ထားကြသည်။

သို့သော်လည်း ချင်ယန်က သူတို့အုပ်စု တစ်ခုတည်းကိုသာ စုဆောင်း ထားသေးပြီး တွေ့ကရာလူကို လက်မခံခဲ့ပေ။

"သူဌေး... သခင်လေး ကျန်းရီ အလည် ရောက်နေပါတယ်...."

ဟွာဝမ်ရိုက သတင်းပို့ လိုက်သည်။

မကြာခင် ချင်ယန်နှင့် ကျန်းရီတို့က ညှော်ခန်းထဲတွင် တွေ့လိုက်ကြသည်။ ကျန်းရီက စိတ်လှုပ်ရှားနေသော အမူအရာနှင့် ချင်ယန်ကို ကြည့်လိုက်ပြီး....

"လီလျို ကောင်းကင်ဘုံ နန်းတော်က သူတော်စင် သခင်မ ရွေးတော့မယ်... ပင်ကိုယ် ပါရမီအပေါ် မူတည်တယ် ဆိုပေမဲ့ ရုပ်ရည်က အဓိကကျတယ်။ လီလျို ကောင်းကင်ဘုံ နန်းတော်က သူတော်စင် သခင်မ ရွေးချယ်ပွဲ ကျင်းပတော့မယ်..

ပြောချင်တာက လီလျူ သန့်ရှင်းမြို့ကို အလှလေးတွေ အများကြီး လာတော့မယ်...”

“ချင်ယန်.. ဘယ်လိုလဲ မင်း စိတ်ပါနေပြီ မဟုတ်လား..”

ကျန်းရီက ထိုအကြောင်း ပြောနေရင်း ချောင်တစ်ချက် ဟန့်လိုက်ပြီး...

“ချင်ယန်.. မင်းကို တစ်ခုလောက် ပြောရအုံးမယ်.. မင်းမျက်လုံးက တော်တော်လေး မွဲတာပဲ။ မင်းဘေးနားက အိမ်ဖော်တွေ အားလုံးက သာမန် ရုပ်ရည်တွေချည်းပဲ...”

"ဒါပေမဲ့ ခန္တာကိုယ်ကတော့ တော်တော် မိုက်တယ်...."

ဒီနေရာတွင် ရှောင်ကျူဝမ်နှင့် အခြားလူများက အမှန်တရားကို ဖုံးကွယ် ထားကြသည်။ ကျန်းရီသည် သူမတို့က မည်ကဲ့သို့ပုံစံ ဆိုသည်ကို မသိပေ။

"စိတ်မဝင်စားဘူး...."

ချင်ယန်က ခေါင်းခါ လိုက်သည်။ လောင်လန်နာနှင့် ဟွာဝမ်ရိုတို့၏ ရုပ်ရည်က လီလျူ သန့်ရှင်းမြို့မှာပင် ထိပ်တန်း အဆင့် ရှိကြသည်။

အခုလက်ရှိ၌ ချင်ယန်ရှေ့တွင် လှပသော မိန်းမတစ်ယောက် ရှိနေလျှင်ပင် မည်သည့် စိတ်ကူးမှ မရှိချေ။

အကယ်၍ သူက ထိုမိန်းကလေးကို အိပ်ယာပေါ် လှဲချလိုက်ပြီး တစ်ဖက်လူက ပဲမြစ်လေးဟု ထအော်လျှင် သူသာ အသည်းကွဲ ရလိမ့်မည်။

အကယ်၍ ထိုသတင်းသာ ပျံ့နှံ့သွားမည် ဆိုပါက.....

"ဟော့ရောင် မင်းက ဒီလိုကိစ္စတွေ စိတ်မဝင်စားဘူး ဆိုတော မင်း....."

ကျန်းရှီ ကျောတွန့်သွားသည်။

ချင်ယန်က ဒေါသထွက်သွားပြီး....

"ယောင်လို့တောင် မစဉ်းစားနဲ့.. ယောက်ျားတွေကို မင်းပဲ ချစ်...."

ကျန်းရှီက ကျယ်လောင်စွာ အော်ရယ်လိုက်ပြီး....

"ငါ့အကြိုက်က ပုံမှန်ပဲ။ မင်းကို ပြောလိုက်မယ်.. ငါ့ရည်စားက စောက်ရမ်းလန်းတယ်။ ဟားဟား.. ဒီတစ်ခေါက် သူတောင်စင် သခင်မတောင် ဖြစ်လာ နိုင်သေးတယ်။ သူမလည်း

စာရင်း သွင်းပြီးပြီ။ လီလျူ ကောင်းကင်ဘုံ နန်းတော်ရဲ့ သူတော်စင် သခင်မ ဖြစ်လာနိုင်တယ် ထင်တယ်”

ချင်ယန် မျက်နှာ ပျက်သွား၏။

“ကျန်းရှီ... မင်းရည်းစား စာရင်း သွင်းနေတာကို တားလိုက်အုံး....”

ချင်ယန်က လေးလေးနက်နက် ပြောလိုက်သည်။

“ဘာဖြစ်လို့လဲ......”

ကျန်းရှီက ချင်ယန်ကို မေးခွန်း ထုတ်လိုက်သည်။

"ချင်ယန်.... လီလျူ ကောင်းကင်ဘုံ နန်းတော်မှာ သူတော်စင် သခင်မရဲ့ အဆင့်အတန်းက တော်တော်လေး မြင့်တယ်။ လီလျူ ကောင်းကင်ဘုံ နန်းတော်က တစ်ခါရွေးတိုင်း သူတော်စင် သခင်မ အယောက် (၃၀) ရွေးတယ်။ အဲ့ထဲမှာ လူအနည်းငယ်ကပဲ ဒုတိယ မျိုးဆက် သူတော်စင် သခင်မ ဖြစ်လာကြတာ.. ဒါဆိုရင်တောင် တော်တော်လေး ကောင်းနေပြီ....."

"တတိယ မျိုးဆက် သူတော်စင် သခင်မရဲ့ အဆင့်အတန်းက အကြီးအကဲနဲ့ အတူတူပဲ။

စတုတ္ထမျိုးဆက် သူတော်စင် သခင်မက မဟာ အကြီးအကဲနဲ့ အဆင့်အတန်း တူတယ်။ ပဥ္စမမျိုးဆက် သူတော်စင် သခင်မက နန်းတော်သခင်နဲ့ အဆင့်အတန်း တူတယ်.....”

“သူတော်စင် သခင်မ တစ်ယောက် ဖြစ်လာရင် အရင်းအမြစ် အများကြီး ရနိုင်တယ်။ တကယ်လို့သာ ဒုတိယမျိုးဆက် သူတော်စင် သခင်မနဲ့ မျိုးဆက်သုံးခု သူတော်စင် သခင်မ ဖြစ်လာရင် အရင်းအမြစ်တွေ ပို ရလာလိမ့်မယ်....”

ချင်ယန်က တော်တော်လေး မျက်မှောင်ကြုတ်နေသည်။

ထိုပြဿနာက ကျန်းရီကို ရှင်းပြ၍ မကောင်းပေ။

## အခန်း(၃၂၅) - ဘာ... ချူယွီက သူစင်တော်စင် သခင်မ ဝင်ရွေးမယ်

လီလျူ ကောင်းကင်ဘုံ နန်းတော်က လမ်းမှန် အင်အားစု ဖြစ်သော်လည်း လမ်းမှန် အင်အားစုတိုင်းက လူကောင်းများ မဟုတ်ကြပေ။ တစ်နည်း ပြောရမည်ဆိုလျှင် လူကောင်း များတွင်လည်း အဆိုးဘက်ခြမ်း ရှိနေသည်။

လီလျူ ကောင်းကင်ဘုံ နန်းတော်သခင်၊ ကျန်ကျူပင်က အများအားဖြင့်တော့ လူကောင်း တစ်ယောက် ဖြစ်သည်။

သို့သော် ကျန်ကျူပင်၏ ကျင့်ကြံခြင်း ကျင့်စဉ်က အလွန်ထူးခြားပြီး သူက ရာဂစိတ် ပြင်းထန် လွန်းသည်။

အစ ပထမတွင် ယောကျ်ားများ ရာဂစိတ် ပြင်းထန်ခြင်းက ပုံမှန်သာ ဖြစ်သည်။ လီလျူ ကောင်းကင်ဘုံ နန်းတော်သခင်က အဆင့် (၈) တန်ခိုးရှင် ဖြစ်သဖြင့် မိန်းမ အများကြီး ရှိခြင်းက

ပုံမှန်သာ ဖြစ်သည်။ သို့သော် ကျန်ကျူပင် အနည်းငယ် ကြောက်သူတော် ကြွက်သူခိုး ဆန်သည်။ အပေါ်ယံတွင် သူက တစ်လင်၊ တစ်မယားစနစ် ကျင့်သုံးပြီး ကိုယ့်မိန်းမကို အလွန်ချစ်တတ်သော ယောကျ်ား တစ်ယောက် ဖြစ်သည်။

ထိုကိစ္စတွင် ကျန်ကျူပင်က မောင်းမဆောင် ဖွင့်ပြီး အမျိုးသမီးများနှင့် ဝိုင်းကြီး ပတ်ပတ် ကစားနေပါက သူပြသထားသော သူ့ပင်ကိုယ်စရိုက်နှင့် မကိုက်ညီပေ။

ချင်ယန် ပြန်လည် မမွေးဖွားခင်က ကျန်ကျူပင်၏ လျှို့ဝှက်ချက်ကို ရှာတွေ့ခဲ့သည်။ လီလျူ ကောင်းကင်ဘုံ နန်းတော်က သူတော်စင်သခင်မများကို ငါးနှစ်တစ်ကြိမ် ရွေးချယ်ပြီး ကျန်ကျူပင်က ထို အမျိုးသမီးများနှင့် ကစား နေခဲ့ခြင်းပင်။

ငါးနှစ်ပြည့်ပြီး ကစားရတာ ငြီးငွေ့လာပါက အသစ်ထပ် ပြောင်းသည်။ အကယ်၍ သဘောကျသေးပါက ဒုတိယ မျိုးဆက် သူတော်စင်သခင်မ ဖြစ်လာစေပြီး ဆက် ကစားလိုက်သည်။

ဒုတိယ မျိုးဆက် သူတော်စင် သခင်မများတွင် မကြိုက်တော့သည့် အမျိုးသမီးများကို ဖြုတ်လိုက်ပြီး နှစ်သက်သေးသည့် အမျိုးသမီးများကို တတိယ မျိုးဆက် သူတော်စင် သခင်မများ ဖြစ်လာစေသည်။

ကစားရင်း ပင်ပန်း၍ မသေပါက ကျန်းကျူပင်က ပြန်လည် ကောင်းမွန်အောင် ကုသ ပေးလိုက်သည်။ ထို့နောက် ဒီ အဖြစ်အပျက်များကို လုံးဝ မေ့သွားအောင် စိတ်ညို့ လိုက်သဖြင့် ထို အမျိုးသမီးများက သူတော်စင် သခင်မများ မဟုတ်တော့သော်လည်း ဘာမှ မသိတော့ပေ။

နောင်တစ်ချိန်တွင် သူမတို့က လက်ထပ်ကြမည် ဖြစ်ပြီး သူမတို့၏ ယောက်ျားများက ဘာမှမသိဘဲ နွားလုံးလုံး ဖြစ်လာကြသည်။

ဒါက လုံးဝကို နွားမရှုံ့ပိတ် ယူရသော အဖြစ်အပျက်ကြီးပင်။

အစပိုင်းတွင် ချင်ယန်က ထိုကိစ္စကို လုံးဝ လျစ်လျူရှုထားသည်။ ကျန်ကျူပင် ကစားရတာ ကြိုက်ခြင်းက သူ့ကိစ္စသာ ဖြစ်ပြီး ချင်ယန်အလုပ် မဟုတ်ပေ။

သို့သော် ကျန်းရီ၏ ချစ်လှစွာသော ရည်စားက သူတော်စင် သခင်မ ဖြစ်သွားမည်ဆိုလျှင် မကောင်းပေ။

ချင်ယန်က လှည်းကျိုး ထမ်းနေရသော ကျန်းရီကို မမြင်ချင်ပေ။

သို့သော် ထုတ်ပြောရန် တကယ် မလွယ်ကူပေ။

ကျန်းရီက လီလျူ ကောင်းကင်ဘုံ နန်းတော်၏ အဖွဲ့ဝင်တစ်ယောက် ဖြစ်ပြီး လီလျူ ကောင်းကင်ဘုံ နန်းတော်၏ အမာခံတပည့် တစ်ယောက်လည်း

ဖြစ်နေသေးသည်။ နန်းတော် သခင်အား အလွန် လေးစားနေမည်ကို သူ ကြောက်နေမိသည်။

သူနှင့် ကျန်းရီက ကလေးဘဝက ကစားဖော် ဖြစ်၍ ထိုအချိန်က ဆက်ဆံရေး ကောင်းခဲ့သော်လည်း မတွေ့ဖြစ်သည်မှာ နှစ်ပေါင်း အတော် ကြာနေပြီ……

ယခုလက်ရှိတွင် အကယ်၍ ကျန်ကျူပင် မကောင်းကြောင်း ပြောလိုက်မည် ဆိုပါက ကျန်းရီ လုံးဝ မယုံနိုင်ဘူးဟု ခန့်မှန်းရသည်။

ထို့အပြင် ကျန်ကျူပင်က စိတ်သဘာထား ပြည့်ဝပြီး နှလုံးရည်၊ လက်ရုံးရည် ပြည့်စုံသော ခေါင်းဆောင် တစ်ယောက်အဖြစ် အပြည့်အဝ ပုံဖော် ထားလိမ့်မည်။

ကျန်ကျူပင်၏ ဦးဆောင်မှုအောက်တွင် လီလျူ ကောင်းကင်ဘုံ နန်းတော်က အများကြီး အင်အား ကောင်းလာပြီး လီလျူ ကောင်းကင်ဘုံ နန်းတော်မှ လူများကို ပိုမို ကောင်းမွန်စွာ ဆက်ဆံ လာကြသည်။

"ချင်ယန်.. ပြဿနာ တစ်ခုခု ရှိလို့လား...."

ကျန်းရီက ချင်ယန်ကို နောက်တစ်ကြိမ် ထပ်မေးလိုက်သည်။

ချင်ယန်က မျက်မှောင် ကြုတ်လိုက်ပြီး…

"ကျန်းရီ၊ မင်းငါ့ကို ယုံရင် မင်းရည်စားကို သူတော်စင် သခင်မ မရွေးချယ်ခိုင်းနဲ့…."

ကျန်းရီက မချိပြုံး ပြုံးလိုက်ပြီး…..

"ချင်ယန်……… ငါမင်းကို ယုံပါတယ်… ဒါပေမဲ့ ခိုင်လုံတဲ့ အကြောင်းပြချက် မရှိရင် ငါ

ကောင်မလေးကို နှုတ်ထွက်ခိုင်းဖို့ မဖြစ်နိုင်မှာ ကြောက်မိတယ်...”

“ငါ့ကောင်မလေးရဲ့ အိမ် အခြေအနေက မကောင်းဘူး။ သူ့ရဲ့ ပင်ကိုယ် ပါရမီက တော်တော်လေး ကောင်းတယ်။ တကယ်လို့ သူတော်စင် သခင်မ ဖြစ်လာရင် အရင်းအမြစ် အများကြီး ရပြီး အခုလက်ရှိထက် အများကြီး တိုးတက် လာလိမ့်မယ်....”

“ဒီ အခွင့်အရေးကို စောင့်မျှော်နေမှာပဲ ကြောက်မိတယ်..”

"ချင်ယန်… ထုတ်ပြောဖို့ အဆင်မပြေလို့လား…"

ချင်ယန်က အသံပို့လွှတ် လိုက်ပြီး….

"ကျန်းရီ.. ငါ သိထားတဲ့ လျှို့ဝှက်ချက် တစ်ခု ရှိတယ်။ လီလျူ ကောင်းကင်ဘုံ နန်းတော်ရဲ့ ထိပ်ဆုံးလူက စိတ်ကူး တစ်ခုခုနဲ့ သူတော်စင် သခင်မတွေကို တောင်ဆိုခဲ့တာ။ အချိန်တွေလည်း ကြာနေပြီ… ပြောပြရတာ တော်တော် ခက်တယ်…… မင်းရည်စား ယုံကြည် လက်ခံလာအောင် ကြိုးစားပါ…."

ကျန်းရီ၏ မျက်နှာ အမူအရာက အနည်းငယ် ရှုပ်ဆိုးလာပြီး.....

"ချင်ယန်.. သူတော်စင် သခင်မကို ဘယ်လို စုဆောင်းပြီး ဘယ်သူ ခေါ်တာလဲဆိုတာ မင်း သိလား.. ငါတို့ နန်းတော်သခင်ကွ။ ငါတို့ နန်းတော်သခင်က ဒီလို လူမျိုး မဟုတ်တာ သေချာတယ်...."

"ချင်ယန်.. ဒီအကြောင်း.... မင်း ဘယ်က ကြားလာတာလဲတော့ မသိဘူး.... ဒါပေမဲ့ မင်းကြားလာတဲ့ အရာက မှားနေပြီ....."

"ဒီနေ့ ငါ ဘာမှ မကြေားခဲ့ဘူး.. နှုတ်ဆက်ခဲ့ပါတယ်…'

ကျန်းရီက ဒေါသတကြီး ထွက်ခွာသွားသည်။

ကျန်ကျူပင်က ထိုရှုထောင့်မှ လွဲ၍ အခြား ကဏ္ဍများ၌ အလွန်း ကောင်းမွန်သည်။ ထို့ကြောင့် လီလျူ ကောင်းကင်ဘုံ နန်းတော်တွင် ကျန်းရီ အပါအဝင် လူတိုင်းက ကျန်ကျူပင်ကို အမှန်တကယ် လေးစား ကြည်ညိုကြသည်။

ချင်ယန်က ကလေးဘဝ ကစားဖော် ဖြစ်သော်လည်း ကျန်းရီက ချင်ယန် ပြောသည့်စကားကို လက်မခံနိုင်သေးပေ။

"ငါ့ဘက်ကတော့ ပြောသင့်တာ ပြောပြီးပြီ.... ယုံတာ၊ မယုံတာ မင်း အပိုင်းပဲ...."

"ရည်စား တစ်ယောက်က ဘာမှ မဟုတ်ပေမဲ့ မယား တစ်ယောက်ဆိုရင်တော့...... တကယ်လို့သာ ကျန်းရီ၏ ရည်းစားက သူတော်စင် သခင်မအဖြစ် အမှန်တကယ် ရွေးချယ်ခံရင် အကြိုက်ဆုံး တစ်ယောက် ဖြစ်သွားမှာ ငါ ကြောက်မိတယ်..

ချင်ယန်က ခေါင်းခါပြီး ရေရွတ်လိုက်သည်။

"သခင်လေး.. သခင်လေး...."

ကျန်းရီ ထွက်သွားပြီး သိပ်မကြာခင် ရှောင်ကျူယင်၏ စိတ်လှုပ်ရှားနေသော အသံက လူမရောက်ခင် အရင် ရောက်လာသည်။ ထို့နောက် ရှောင်ကျူယင်၊ ရှောင်ကျူဝမ်၊ ဝေ့ရှစ်ယွင် နှင့် ရှန်းယုလင်းတို့ မိန်းကလေးက လေးယောက်က ချင်ယန် ရှေ့ ရောက်လာကြသည်။ သူမတို့ လေးယောက်က မြို့ထဲ အလည် ထွက်သွားကြသည်။

"အရမ်း စိတ်လှုပ်နေပါလား.. ဘာလဲ ပိုက်ဆံ ကောက်ရလို့လား…"

ချင်ယန်က တစ်ချက်ပြုံးပြီး ပေါ့ပေါ့ပါးပါး မေးလိုက်သည်။

ရှောင်ကျူးယင်က ဝမ်းသာ ပျော်ရွှင်နေသော လေသံနှင့်…..

"သခင်လေး.. ငါတို့ ဘယ်သူနဲ့ တွေ့ခဲ့တယ် ထင်တယ်….'

"မင်းတို့ အရမ်း စိတ်လှုပ်ရှားအောင် လုပ်နိုင်တယ် ဆိုတော့ အသိမိတ်ဆွေတွေပဲ ဖြစ်မှာပေါ့.... ချူရန်တို့လား..."

ရှောင်ကျူဝမ်က အနည်းငယ် ပြုံးလိုက်ပြီး.....

"သခင်လေး... ငါတို့ ချူယွီနဲ့ပဲ တွေ့ခဲ့တာ။ ချူယွီရဲ့ ခွန်အားက အရင်ထက် ပိုကောင်းလာပြီ။ အခု ယွမ်ဟူနယ်ပယ် ဖြစ်နေပီ။ အရင်ကထက်လည်း အများကြီး ပိုလှလာတယ်။ ဒါနဲ့ စကားမစပ် နင့်မှာ နောက်တစ်ကြိမ် အခွင့်အရေး ရှိသေးတယ်နော်...."

"ဘာ အခွင့်အရေးလဲ..."

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး ပြန်ပြောလိုက်သည်။

ချူယွီ၏ ခွန်အား တိုးမြင့်လာခြင်းက ချင်ယန်အတွက် ထူးဆန်းသည့် အရာ မဟုတ်ပေ။ သူတို့ မောင်နှမကို ယင်၊ ယန် ဘီလူး နှစ်ကောင်က ခေါ်ဆောင်သွားခြင်း ဖြစ်သည်။ ယင်၊ ယန် ဘီလူး နှစ်ကောင်က အဆင့် (၈) တန်ခိုးရှင်များပင်.....

အဆင့် (၈) တန်ခိုးရှင်များတွင် အရင်အမြစ် အများကြီး ရှိနေပြီး ချူယွီတွင် ယခင် ကတည်းက

အခြေခံ အုတ်မြစ် ရှိနေသောကြောင့် ချူယွီကို ယွမ်ဟူနယ်ပယ် ရောက်သွားအောင် ကူညီပေးရန် မခက်ပေ။

"သခင်လေး... လီလျူ ကောင်းကင်ဘုံ နန်းတော်က သူတော်စင် သခင်မ ရွေးချယ်နေတာ မင်း သိလား.."

"တကယ်လို့ အခြေအနေ ကောင်းရင် ချူယွီက လီလျူကောင်းဘုံ နန်းတော်ရဲ့ သူတော်စင် သခင်မ တစ်ခါတည်း ဖြစ်လာနိုင်တယ်။ သူမရဲ့ အနာဂါတ်က တောက်ပနေပြီ..."

ရှောင်ကျူယင်က ပြုံးနေရင်း ပြောလိုက်သည်။

ချင်ယန်က မျက်နှာက ကွက်ခနဲ ပျက်သွားပြီး…

"ဒါကို အခွင့်အရေးလို့ မင်းတို့က ပြောနေတာလား…"

"ချူယွီက အခု ဘယ်မှာလဲ…."

ချင်ယန်၏ မျက်နှာ အမူအရာက အမှန်တကယ် ရုပ်ဆိုးနေသည်

ရှောင်ကျူဝမ်နှင့် အခြားလူများက ဇဝေဇဝါ မျက်လုံးများနှင့် ချင်ယန်ကို ကြည့်နေကြသည်။

ဝေ့ရှစ်ယွင်က......

"သခင်လေး.. ဒီကိစ္စမှာ ပြဿနာ တစ်ခုခု ရှိလို့လား.... လီလျူ ကောင်းကင်ဘုံ နန်းတော်ရဲ့ သူတော်စင် သခင်မ ဖြစ်လာဖို့ လိုအပ်ချက် အရမ်း များတယ်။ ဒုတိယမျိုးဆက် သူတော်စင် သခင်မ ဖြစ်သွားတဲ့ အချိန်တောင် ဖယ်ထုတ်ခံရတယ်။ ဒါပေမဲ့ ငါးနှစ်အတွင်း ရရှိမယ့် အရင်းအမြစ်က မက်လောက်စရာပဲ...."

"ချူယွီ ဘယ်မှာလဲ...."

"သူတော်သခင်မ ရာထူး စစ်ဆေးတဲ့ တာဝန်ခံ အကြီးအကဲက ချူယွီကို ခေါ်သွားတယ်။ ဒီလိုမှ မဟုတ်ရင် ငါတို့နဲ့ အတူတူ ပြန်လိုက်လာတယ်...."

ချင်ယန်၏ မျက်မှာ အမူအရာ မည်းမှောင်နေသည်။

ချင်ယန်က ကျန်းရီကို စည်းရုံးသော်လည်း ကျန်းရီ၏ ချစ်သူ သူတော်စင် သခင်မ ဖြစ်သွားမည့် အရေးကို အမှန်တကယ် ဂရုမစိုက်ပေ။ အချိန်တန်၍ ကျန်းရီက မည်သည့် ဂိုးပဲသွင်းသွင်း သူ့ကိစ္စ မဟုတ်ပေ။

သို့သော် ချူယွီက သူတော်စင် သခင်မ ဖြစ်သွားမည့် အရေးကို ချင်ယန် ဂရုစိုက်သည်။

ချူယွီက ချူရန်၏ ညီမအရင်း ပင်.......

ချူရန်က ချင်ယန်၏ အကောင်းဆုံး ညီအစ်ကို.....

ကျန်းရီနှင့် ချင်ယန်တို့က ကလေးဘဝ ကစားဖော်များ ဖြစ်ခဲ့ကြသော်လည်း ချင်ယန် ပြန်လည် မမွေးဖွားခင်က ရေစက်ကုန်ခဲ့ပြီး တစ်ကြိမ်မှ ပြန်မတွေ့ ဖြစ်ခဲ့ပေ။

သို့သော် ချူယွီနှင့် ချင်ယန်တို့က ယခုလက်ရှိတွင် ကောင်းမွန်သော ဆက်ဆံရေး ရှိနေသည်။ မီးတွင်းထဲ ချူယွီ ခုန်ချမည့် အရေးက သူက လက်ပိုက်ပြီး ကြည့်မနေနိုင်ပေ။ အစ်ကို တစ်ယောက်အနေဖြ င့် မည်သို့မှ လက်မခံနိုင်ပေ။

"ဘာဖြစ်လို့ အကဲဖြတ်မှုကို တိုက်ရိုက် အောင်သွားတာလဲ..."

"ချူယွီက အများကြီး ပိုလှလာလို့လား...."

ချင်ယန်က ခါးသီးစွာ ပြုံးပြီး မေးလိုက်သည်။

ချူယွီသည် ယခင်ကတည်းက လှပသော်လည်း လီလျူ ကောင်းကင်ဘုံ နန်းတော်က ရွေးချယ်သွားပြီ ဖြစ်သဖြင့် အများကြီး ပိုလှလာလိမ့်မည်။

"အများကြီး ပို လှလာတယ်"

"ငါတို့ တွေ့တွေ့ခြင်း တုန်းကဆိုရင် လူမှားသွားမှာစိုးလို့ လှမ်းတောင် မနှုတ်ဆက်ရဲဘူး...."

ရှောင်ကျူယင်က...

"သခင်လေး... ချူယွီက လီလျူ ကောင်းကင်ဘုံ နန်းတော်ရဲ့ သူတော်စင် သခင်မ ဖြစ်သွားရင် ပြဿနာ ရှိလို့လား...."

ချင်ယန်က မျက်မှောင် ကြုတ်လိုက်ပြီး....

"လူတချို့ အတွက်တော့ ပြဿနာ မဟုတ်ဘူး။ သူတို့က သိရင် ပိုတောင် ပျော်နေအုံးမယ်။ ဒါပေမဲ့ ချူယွီက အဲ့အကြောင်း သိရင် သူတော်စင် သခင်မအဖြစ် အရွေးခံမှာ မဟုတ်ဘူး။ မင်းတို့က ချူယွီနဲ့ စကား ပြောခဲ့တယ်ဆိုတော့ ချူရန် အခု ဘယ်မှာလဲ...."

ရှောင်ကျူဝမ်က.......

" ချူရန်က ဒီမှာ မရှိဘူး..."

"သူတို့ မောင်နှမ နှစ်ယောက်ကို ခေါ်သွားတဲ့ စီနီယာ နှစ်ယောက်က ချူရန်ကို လျှို့ဝှက် နေရာတစ်ခုဆီ ခေါ်သွားတယ်။ နှစ်၊ သုံးလလောက် နေမှ ပြန်ထွက်လာဖို့ ခန့်မှန်းထားတယ်...."

ချင်ယန်က စိတ်ထဲမှ ကြိတ်ပြီး သက်ပြင်း ချလိုက်သည်။

အကယ်၍ ယင်၊ ယန် ဘီလူးနှစ်ကောင်သာ ဒီနေရာတွင် ရှိနေမည် ဆိုပါက ချူယွီကို ကယ်တင်ရန် လွယ်ကူသည်။ သူတို့ကလည်း အဆင့် (၈) တန်ခိုးရှင်များ ဖြစ်နေကြသည် မဟုတ်ပါလား။

သူ့ခွန်အားနှင့် ဆိုလျှင် ချူယွီကို ကယ်တင်ရန် ခက်ခဲနေသည်။

လီလျူ ကောင်းဘုံ နန်းတော်က ကြီးမားသော ဘီလူးကြီး ဖြစ်ပြီး ကျန်ကျူပင်ကလည်း အဆင့် (၈) ဓမ္မခန္ဓာ တန်ခိုးရှင် ဖြစ်နေသေးသည်။

ချင်ယန်၏ ယခုလက်ရှိ အထောက်အထားနှင့် ခွန်အားက ကျန်ကျူပင်နှင့် အလှမ်း ဝေးကွာနေသေးသည်။

# အခန်း(၃၂၆) - ချူယွီကို ပြန်လည် ခေါ်ထုတ်ခြင်း....

"ကျန်းစွန်းရှန်းကို လွှတ်လိုက်ရင်လည်း...... မဖြစ်သေးဘူး..."

" ဒေါင်ဖန်ဟွမ်ကလည်း အဆင့်မတက် သေးဘူး"

ချင်ယန်က အနည်းငယ် ကူကယ်ရာ မဲ့နေသည်။ သူတို့၏ ကျင့်ကြံခြင်း အဆင့်နှင့်ဆိုလျှင် ချူယွီကို ပြန်ခေါ် လာနိုင်သည်။

ချင်ယန်က ဆေးဘုရင် အဆင့်အတန်းကို အားကိုးပြီး သူတစ်ယောက်တည်း သွားလျှင် အလုပ် မဖြစ်ပေ။

“သူတော်စင် သခင်မ ရွေးချယ်မှုကို ဘယ်သူ တာဝန် ယူထားတာလဲ....”

ချင်ယန်က မေးလိုက်သည်။

“သခင်လေး..... အကြီးအကဲ ဝမ်ဖူ ပါ.... အခုထက်ထိတော့ ဒီကိစ္စကို အကြီးအကဲ ဝမ်ဖူ တာဝန်ယူထားပါတယ်”

"အကြီးအကဲ ဝမ်ဖူက ထိပ်တန်း အကြီးအကဲ ဆယ်ယောက်ထဲမှာ ပါတယ်"

ချင်ယန် မျက်မှောင် ကြုတ်သွားသည်။

အကယ်၍ အကြီးအကဲ ဝမ်ဖူက ဒီကိစ္စတွင် တာဝန်ခံ ဖြစ်နေပါက အကြီးအကဲ ဝမ်ဖူက အတွင်းပိုင်း ကိစ္စကို ကျိန်းသေပေါက် သိလိမ့်မည်ဟု ချင်ယန်က ယုံကြည်နေသည်။ အကြီးအကဲ ဝမ်ဖူက ကျန်ကျူပင်၏ ထိန်းချုပ်မှု အောက်တွင် ရှိနေနိုင်သည်။

ချင်ယန်က ကောင်းဟောင်ခန်းကို လွှတ်လိုက်လျှင် ကောင်းမလားဟု တွေးခဲ့သေးသည်။ သို့သော် အလုပ် မဖြစ်နိုင်ပေ။

ကောင်းဟောင်ခန်းက ထိပ်တန်း အကြီးအကဲ ဆယ်ယောက်ထဲတွင် မပါဝင်ပေ။ သူ့ အဆင့်အတန်းက ဝမ်ဖူထက် နိမ့်ကျနေပြီး ဝမ်ဖူက ကျန်ကျူဟွမ်ကို နက်နက်ရှိုင်းရှိုင်း ယုံကြည်နေသည်။

ဝမ်ဖူ အနေနှင့် ကောင်းဟောင်ခန်းကို ဤမျှ မျက်နှာပေးမည် မဟုတ်ပေ။

"ပေါင်ရိုဆီပဲ သွားရတော့မှာလား..."

ချင်ယန်က စိတ်ထဲတွင် မချိပြုံး ပြုံးလိုက်သည်။

ပေါင်ရိုက ဒီနေရာတွင် ရှိနေသဖြင့် သူ့အဘိုးကလည်း ဒီနေရာတွင် ရှိနေနိုင်သည်။

ပေါင်ရို၏ အဘိုး ပေါင်ယန်ရှင်းက အလွန်အစွမ်းထက်သည်။ ပို၍ အရေးကြီးသည်မှာ ပေါင်မိသားစုက လီလျူ ကောင်းကင်ဘုံနန်းတော်ထက် ပိုမို အင်အား ကောင်းနေသည်။

အကယ်၍ ပေါင်ရိုတွင် ကူညီပေးချင်စိတ် ရှိပါက ပေါင်ယန်ရှင်းပင် အရှေ့ ထွက်လာစရာ မလိုပေ။ ပေါင်ရို၏ မျက်နှာနှင့် လူ ကယ်နိုင်သည်။

ယခင်တုန်းက ပေါင်ရိုနှင့် အဆက်အသွယ် လုပ်ရန် စိတ်ကူး မရှိခဲ့ပေ။ ထို့ကြောင့် ချင်ယန်က ပေါင်ရိုထံသွားရန် အနည်းငယ် ဝန်လေး နေမိခင်းပင်။

"တော်ပြီကွာ... ကိစ္စက အသည်းအသန် ဖြစ်နေပြီ...."

"အချိန် နှောင်းသွားရင် ချူယွီ တစ်ခုခု ဖြစ်သွားနိုင်တယ်..."

ချင်ယန်က အလောတကြီး ထွက်ခွာသွားသည်။

ချင်ယန်က ပေါင်ရှိုနှင့် တွေ့ဆုံခဲ့ဖူးသည့် ဆိုင်ကို ရောက်သွားရန် အချိန်သိပ် မကြာလိုက်ပေ။ ထိုနေရာတွင် ပေါင်ရှို ရှိနေလိမ့်မည်ဟု ချင်ယန်က ခန့်မှန်းထားသည်။

ချင်ယန်က ပေါင်ရှို အကြောင်းကို ကောင်းကောင်း သိနေသည်။

အကယ်၍ သူမ၏ နတ်ရတနာ နိုးထလာရုံသာ ရှိသေးပါက သူမ အသုံးပြုပြီးသည်နှင့် နတ်ရတနာကို ခံစားမိလိမ့်မည်။ သူမ အဘိုးကလည်း သန်မာသဖြင့် သူမ နတ်ရတနာက ဘာလဲဟု သူမအဘိုးကို

မေးလိမ့်မည်။ အကယ်၍ ချင်ယန်ကို ပြင်းပြင်းထန်ထန် ကျိန်ဆဲသွားမိမှန်း သိသွားပါက ပေါင်ရိုသည် ထွက်ပြေးမည့် အစား ဒီနေရာတွင် စောင့်နေနိုင်သည်။

ချင်ယန်က ဒီဘက်ခြမ်းသို့ ရောက်လာသည်နှင့် ပေါင်ရို၏ အငွေ့အသက်ကို ချက်ချင်း ခံစားလိုက်ရသည်။

"မင်း.. မင်း..."

"မင်း လာရဲသေးတယ် ဟုတ်လား...."

ပေါင်ရိုကလည်း ချင်ယန်ကို လျင်မြန်စွာ တွေ့ရှိသွားပြီး သူမ ပေါ်လာသည်။

သူမက ခက်ထန်သော အကြည့်နှင့် ချင်ယန်ကို ကြည့်နေသော်လည်း သူမ မျက်ဝန်းထဲတွင် ချင်ယန်အတွက် စိုးရိမ် ပူပန်နေသည့် အရိပ်အယောင်ကို မြင်နေရသည်။

"တခြားနေရာမှာ စကား ပြောရအောင်"

ချင်ယန်က လေးနက်စွာ ပြောလိုက်သည်။

ပေါင်ရိုက စိတ်မလုံသော လေသံနှင့်....

"မင်း ဘာပြောချင်လို့လဲ...."

"ကျိန်စာ...."

ချင်ယန်က မျက်လုံးပြူးပြီး ပြောလိုက်သည်။

ပေါင်ရိုက ထိန်ချုပ်မှု အနည်းငယ် လွတ်ကင်းသွားပြီး မျက်နှာ ကွက်ခနဲ ပျက်သွား၏။ ချင်ယန်က ယခုကဲ့သို့ ပြောလာပြီ ဖြစ်သဖြင့် ချင်ယန်ကို ကျိန်ဆဲခဲ့သော သူမကျိန်စာက အောင်မြင်သွားဖွယ် ရှိနေသည်။

"အပေါ်ထပ် တက်ပြီး ပြောကြမယ်..."

ပေါင်ရိုက လှေကားပေါ်သို့ လျှင်မြန်စွာ တက်သွားသည်။

ချင်ယန်က နောက်မှ လိုက်သွားသည်။

ပေါင်ရိုက စွာတေးတေး အမူအရာနှင့်....

"နင့်ကို ဒီလို ပြောပါလို့ ဘယ်သူက တောင်းဆိုလို့လဲ.... ငါက နင့်ကို ကြင်နာမှုနဲ့ (VIP) ကဒ်ပေးတယ်။ ဒါကို နင့်က ဟွန့်....... ငါ့ကျိန်စာက မင်းကို ကြာကြာ မှတ်မိစေရုံပဲ ရှိတယ်။ အချိန်တန်ရင် ကျိန်စာအစွမ်းက အလိုလို ပျောက်သွားလိမ့်မယ်....."

ပေါင်ရိုက ဒီအကြောင်း ပြောနေရင်း အနည်းငယ် ထူးဆန်းသော အမူအရာနှင့် ချင်ယန်ကို ကြည့်လိုက်သည်။ အကယ်၍ သူမ ကျိန်စာ အောင်မြင်သွားမည် ဆိုပါက ချင်ယန်၏ ညီလေးက တစ်ဝက်သာ ရှိတော့မည်ကို သူမ သိနေသည်။

ချင်ယန်က မည်းမှောင်နေသော မျက်နှာ အမူအရာနှင့်......

"မင်းရဲ့ နတ်ရတနာက သာမန် ကျိန်ဆဲခြင်း နတ်ရတနာ မဟုတ်ဘူး။ မင်းရဲ့ နတ်ရတနာကို

ပထမဦးဆုံး အသုံးပြုလို့ (၁၀၀) ရာခိုင်နှုန်း ထိချက်ပြင်းနေတယ်.....”

ပေါင်ရိုက ဘာပြောရမှန်း မသိဘဲ ချင်ယန်ကိုသာ စိုက်ကြည့်နေသည်။

အကယ်၍ ထိုကဲ့သို့သာ ဆိုလျှင် ချင်ယန်၏ လက်ကျန် ဘဝ တလျှောက်လုံး......

“ငါ.... ငါ... နင့်ကို ကုသပေးဖို့ တစ်ယောက်ယောက် ရှာပေးမယ်.....”

ပေါင်ရိုက လေသံ တိုးတိုးလေးနှင့်.....

"နင့်ကို အပြည့်အဝ သက်သာ ပျောက်ကင်းအောင် ကုသ ပေးပြီးရင် လျှော်ကြေးငွေ ပေးမယ်လေ...... ငါ့ကို ဒီလို မိုက်မိုက်ရိုင်းရိုင်း ပြောပါလို့ ဘယ်သူက ပြောလို့လဲ. ဟွန်း..."

ချင်ယန်က လေးနက်သော အမူအရာနှင့်......

"ငါ မကုသချင်ဘူး။ မင်းနဲ့ မိတ်မဖွဲ့ချင်ဘူး။ မင်းငါ့ကို ကိစ္စ တစ်ခုတော့ လုပ်ပေးရမယ်.....။ နောက်ပိုင်းကျရင် ငါတို့တွေ တစ်ယောက်နဲ့ တစ်ယောက် ထပ် မတွေ့ကြတော့ဘူး....."

“ဟွန့် .. နင်က တွေ့ချင်ပါတယ်လို့ ပြောရင်တောင် ငါကလည်း မတွေ့ချင်ပါဘူး....”

“မသိဘူး မင်းငါ့ကို အရမ်း တွေ့ချင်နေတယ် ထင်တာ....”

“ခွေးကောင်....”

ထို့နောက် ပေါင်ရိုက အမှန်တကယ် ဂုဏ်ယူနေသော လေသံနှင့်....

“ပြော... ငါ ဘာလုပ် ပေးရမလဲ.....”

ချင်ယန်က....

"ငါ့ဆီမှာ လီလျူ ကောင်းကင်ဘုံ နန်းတော်ရဲ့ သူတော်စင် သခင်မ ဖြစ်သွားတဲ့ သူငယ်ချင်း တစ်ယောက် ရှိတယ်။ သူ့ကို သူတော်စင် သခင်မ မလုပ်ခိုင်းဘဲ ပြန်ခေါ်ထုတ်ပေးဖို့ တောင်းဆို ချင်တယ်...."

ပေါင်ရိုက မျက်မှောင် ကြုတ်သွားပြီး....

"ဘာဖြစ်လို့ မင်းက ဒီလောက် ဆိုးတာလဲ။ သူတော်စင် သခင်မ ဖြစ်လာတယ်ဆိုတာ မင်း သူငယ်ချင်းအတွက် ကောင်းတဲ့ကိစ္စလေ။ မင်းက သူ့ကို သူတော်စင် သခင်မ မဖြစ်စေချင်ဘူးဆိုတော့

သူ့ အနာဂါတ်ကို ဖျက်ဆီး လိုက်တာပဲ။ ဒီတစ်ခုတော့ မလုပ်ပေးနိုင်ဘူး.. နောက်တစ်ခု ပြောင်းလိုက်....”

ချင်ယန်က အသံပို့လွှတ် လိုက်ပြီး......

“လီလျူ ကောင်းကင်ဘုံ နန်းတော်ရဲ့ နန်းတော်သခင်၊ ကျန်ကျူပင်က တခြား ကိစ္စတွေမှာ အရမ်းကောင်းတယ်။ ဒါပေမဲ့ အမျိုးသမီးတွေနဲ့ လိင်ဆက်ဆံရတာ မတရား ကြိုက်တယ်။ သူက အများသူဌာ ရှေ့မှာ အလှမယ် ပြိုင်ပွဲ လုပ်ပြီး အမျိုးသမီးတွေ ရွေးချယ်တဲ့ ကိစ္စကို ငါ့စိတ်ထဲမှာ နည်းနည်းမှ ဘဝင်မကျဘူး.... ရွေးချယ်ထားတဲ့

သူတော်စင် သခင်မတွေကို အချိန်တန်ရင် ကစားလိမ့်မယ်။ ဒါက လုံးဝ မကောင်းဘူး။ ငါ သူငယ်ချင်းကလည်း ဒါကိုသိရင် လုံးဝ သဘောတူမှာ မဟုတ်ဘူး.....”

ပေါင်ရိုက ချင်ယန်ကို ထိတ်လန့်တကြား ကြည့်လိုက်သည်။

အကယ်၍ ချင်ယန် ပြောခဲ့သည့် စကားသာ ပျံ့နှံ့သွားပါက ကြီးမားသော လှုပ်ခတ်မှုကြီး တစ်ခု ဖြစ်လာနိုင်သည်။

"လူယုတ်မာ... နင် ဘာတွေ ပြောနေတယ် ဆိုတာ နင်သိလား..."

"နန်းတော်သခင် ကျွန်ကျူပင်က အဲ့ဒီလို လူမျိုး မဖြစ်နိုင်ဘူး....."

ပေါင်ရိုကလည်း အသံပို့လွှတ်ပြီး ပြောလိုက်သည်။ ဒီအခန်းထဲတွင် အသံလုံ အစီအရင် မခင်းကျင်း ထားသောကြောင့် သာမန်အတိုင်း ပြောလိုက်မည် ဆိုလျှင် တစ်ယောက်ယောက် ကြား သွားနိုင်သည်။

"ကျန်ကျူပင်နဲ့ ပက်သက်တဲ့ ကိစ္စကို ငါက လက်လွှတ်စပယ် မပြောရဲဘူး....."

"ပေါင်ရို... ငါ့ကို ကူညီမှာလား. မကူညီဘူးလား ဆိုတာပဲ တိုက်ရိုက်ပြော....."

ပေါင်ရိုက မျက်မှောင် ကြုတ်လိုက်ပြီး...

"တကယ်လို့ မင်းပြောတဲ့ ကိစ္စသာ မှားနေရင် တခြားလူ တစ်ယောက်ရဲ့ အနာဂါတ်ကို ထိခိုက် သွားနိုင်တယ်...."

ချင်ယန်က လက်ထဲတွင် သိုလှောင် လက်စွပ် တစ်ကွင်း ပေါ်လာပြီး.....

"ဒီထဲမှာ လေ့ကျင့်ရေး အရင်းအမြစ်တွေ အများကြီး ရှိတယ်။ တကယ်လို့ သူမကို ထိခိုက်တယ်လို့ ထင်ရင် ဒါကို ပေးလိုက်....."

ပေါင်ရိုက သိုလှောင် လက်စွပ်ကို စစ်ဆေးပြီးနောက် ခေါင်းညိတ် လိုက်သည်။

"ကောင်းပြီလေ... ဒီလိုဆိုရင် နင့်ကို ကူညီပေးမယ်....."

"အချိန်တန်လို့ ဒီကိစ္စ ပြီးပြတ်သွားရင် ငါ့ဆီ နောက်တစ်ကြိမ် ထပ်မလာနဲ့....."

ပေါင်ရိုက မျက်စောင်းထိုးပြီး ပြောလိုက်သည်။

ချင်ယန်က ခေါင်းညိတ်လိုက်သည်။

ပေါင်ရိုက လူအနည်းငယ် ခေါ်ပြီး လျင်မြန်စွာ ထွက်ခွာသွားသည်။ ထုံးစံအတိုင်း ချင်ယန်လည်း လိုက်ပါသွားသည်။

ချင်ယန်နှင့် အခြားသူများက သူတော်စင် သခင်မ စုဆောင်းနေသည့် နေရာသို့ ရောက်ရှိရန် အချိန်

သိပ်မယူလိုက်ရပေ။ အလွန် စည်းကား တက်ကြွနေပြီး မိန်းမလှလေး အများကြီး ရှိနေသည်။

လီလျူ သန့်ရှင်းမြို့မှ သတင်းကြားသည့် အမျိုးသမီး တော်တော်များများ ရောက်နေကြသည်။ ထို သတင်းကြားသောအခါ ရပ်ဝေးမှ အမျိုးသမီးများလည်း ရောက်လာ ကြသည်။

မြင့်မြတ်သော အဆင့်အတန်းကို သာမန် လူတစ်ယောက်က ရရှိရန် မလွယ်ကူပေ။ သို့သော် ဒီနေရာတွင် အလွယ်တကူ ပေါင်းကူးနိုင်သဖြင့်

မရေမတွက်နိုင်သော အမျိုးသမီးများ ရောက်ရှိနေကြခြင်းပင်။

"အကြီးအကဲ ဝမ်ဖူ...... ငါ့မိသားစုရဲ့ အမျိုးသမီးလေးက မင်းကို တွေ့ချင်နေတယ်...."

ပေါင်မိသားစုဝင် တစ်ယောက်က ဝမ်ဖူကို သွားတွေ့ပြီး ပြောလိုက်သည်။ သူ့ရင်ဘက်ပေါ်မှ တံဆိပ်ကိုမြင်လျှင် ဝမ်ဖူ၏ မျက်လုံး သူငယ်အိမ်က အနည်းငယ် ကျုံ့ဝင်သွားသည်။

ပေါင်မိသားစု လား....

"ရပါတယ်...."

မကြာခင် ဝမ်ဖူက ပေါင်ရိုနှင့် တွေ့ဆုံနေသည်။ ချင်ယန်က ပေါင်ရို၏နောက်တွင် မတ်တပ်ရပ်နေသည်။

"အမျိုးသမီးလေး ပေါင်ရို.... ဘာဖြစ်လို့ ငါ့ကိုရှာတာလဲ မသိဘူး..."

ပေါင်ရိုက သူတော်စင် သခင်မ အဖြစ် ရွေးချယ်ခံရန် လာသည်ဟု ဝမ်ဖူက မထင်ပေ။ ပေါင်မိသားစုက လီလျူ ကောင်းကင်ဘုံ

နန်းတော်ထက် ပိုမို အင်အား ကောင်းသည်။ နည်းနည်း ကောင်းနေခြင်း မဟုတ်ပေ။

"အကြီးအကဲ ဝမ်ဖူ.... လူတစ်ယောက် တောင်းချင်လို့ပါ....."

"သူမက သူတော်စင် သခင်မအဖြစ် ရွေးချယ် ခံထားရရုံပဲ ရှိသေးတယ်။ နာမည်က ချူယွီ....."

ပေါင်ရိုက ရယ်မောလိုက်ပြီး......

"အကြီးအကဲ ဝမ်ဖူ.. ပြဿနာ မရှိဘူး မဟုတ်လား...."

ဝမ်ဖူက ကြိတ်ပြီး မျက်မှောင် ကြုတ်သွား၏။ သူတော်စင် သခင်မ ဖြစ်ပြီးမှ ပြန်ထွက်သွားရန် တောင်းဆိုသည့် အဖြစ်အပျက်မျိုး တစ်ခါ မဖြစ်ခဲ့ဖူးပေ။

"အမျိုးသမီးလေး ပေါင်ရို၊ အကြောင်းပြချက် ပြောလို့ ရမလား...."

ပေါင်ရိုက......

"အကြီးအကဲ ဝမ်ဖူ.... သူမကို ငါ့နောက် လိုက်စေချင်လို့ပါ။ ဒါပေမဲ့ သူမက လီလျူ ကောင်းကင်ဘုံ နန်းတော်ရဲ့ သူတော်စင် သခင်မ

ဖြစ်သွားလို့ စကားပြောချိန် မရလိုက်ဘူး။ အကြီးအကဲ ဝမ်ဖူက ကူညီပေးမယ် မဟုတ်လား... သူတော်စင် သခင်မ ဖြစ်ချင်တဲ့ လူတွေ အများကြီးပါ... နောက်ထပ် ထပ်ရှာလို့ ရပါတယ်...."

"ဒါမှ မဟုတ်လည်း လျှော်ကြေး ပေးမယ်လေ..."

"အမျိုးသမီးလေး ပေါင်ရိုက အတည်ပေါက်ကြီး ပြောနေပါပြီ။ လျှော်ကြေး ပေးစရာ မလိုပါဘူး။ အမျိုးသမီးလေး ပေါင်ရိုနောက် လိုက်စေချင်စေတဲ့ ကိစ္စ ကောင်းချီး တစ်ခုပါပဲ။ ငါတို့ လီလျူ ကောင်းကင်ဘုံ နန်းတော်မှာ သူတော်စင် သခင်မ

ဖြစ်ရတာထက် ပိုကောင်းပါတယ်။ အမျိုးသမီးလေး ပေါင်ရိ... သူမကို ခေါ်လိုက်အုံးမယ်...."

"ကျေးဇူး တင်ပါတယ်။ အကြီးအကဲ ဝမ်ဖူ....."

ဝမ်ဖူ အမိန့်ပေးလိုက်ပြီး မကြာခင် ချူယွီက ချင်ယန်တို့ အရှေ့တွင် ပေါ်လာရန် အချိန် သိပ်မကြာလိုက်ပေ။

ချင်ယန်၏ မျက်လုံးက တောက်ပလာသည်။ အမှန်တကယ်ပင်.. ချူယွီက အများကြီး ပိုလှလာသည်။

အသက် ကြီးလာ၍ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာခြင်းက တစ်ချက်၊ ကျင့်ကြံခြင်းက နောက်တစ်ချက်.... တတိယ အချက်မှာ ချူယွီက စိတ်ဝိညာဉ်အရည် စိမ်ခဲ့ခြင်း ဖြစ်လိမ့်မည်။

“ချင်ယန်....”

ချူယွီက အမှန်တကယ် အံ့အော သင့်သွားသည်။

ဝမ်ဖူ၏ မျက်လုံးထဲတွင် အလင်းရောင် တစ်ခု ဖြတ်ခနဲ လက်သွား၏။

ချူယွီက ပေါင်ရိုက သိပုံ မရသော်လည်း ချင်ယန်ကို သိနေသည်။ ချူယွီကို ထွက်သွား စေချင်သည့်လူက ပေါင်ရို မဟုတ်ဘဲ ချင်ယန် ဖြစ်နေမည်ကို သူ ကြောက်မိသည်။

"အကြီးအကဲ ဝမ်ဖူ... ငါတို့တွေ အရင် ထွက်သွားတော့မယ်...."

"အမျိုးသမီးလေး ပေါင်ရို... ဖြည်းဖြည်း သွားပါ...."

ချင်ယန်နှင့် အခြားသူများ ထွက်သွားကြပြီး ဝမ်ဖူက လီလျူ ကောင်းကင်ဘုံ နန်းတော်ကို

ကမန်းကတန်း ပြန်သွားသည်။ ဒီကိစ္စအား နန်းတော်သခင်ထံ အမြန်ဆုံး သတင်းပို့ရန် လိုအပ်နေသည်ဟု သူ့စိတ်ထဲမှ ခံစားနေရသောကြောင့်ပင်။

## အခန်း(၃၂၇) - နှုတ်ပိတ်ခ

"ပေါင်မိသားစုက သမီး.... ဝမ်ဖူ.. မင်းအမြင်က ဘယ်လိုလဲ....."

ကျန်းကျူပင်က မျက်မှောင် ကြုတ်ပြီး မေးလိုက်သည်။

ဝမ်ဖူက လေးစားသော လေသံနှင့်.....

"နန်းတော်သခင်... ကြည့်ရတာတော့ ပေါင်ရိုက ချင်ယန်လို့ ခေါ်တဲ့ တစ်ယောက်ကို ကူညီပေးနေတဲ့

ပုံပဲ။ ချင်ယန်က ချူယွီကို နန်းတော် သခင်မ မဖြစ်စေချင်ဘူး... တစ်ခုခုကို သိနေမလားလို့ တွေးမိတယ်...”

ကျန်းကျူပင်၏ မျက်လုံးက တလက်လက် တောက်ပနေသည်။ အကယ်၍ ချင်ယန်သာ ဒီကိစ္စကို သိနေပါက အနည်းငယ် လေးနက်သွားလိမ့်မည်။

ထိုသတင်း ထွက်သွားပါက သူ၏ စရိုက် ပုံရိပ်ကောင်းက ချက်ချင်း ပြိုကျ သွားလိမ့်မည်။

ကျန်ကျူပင်ကဲ့သို့ လီလျူ ကောင်းကင်ဘုံ နန်းတော်သခင် တစ်ယောက်က မည်သူ့ကိုမှ ဂရုမစိုက်ဘဲ အမျိုးသမီးများကို စားသုံးနိုင်သည်။ သူကိုယ်တိုင်ကလည်း အဆင့်(၈) ဓမ္မခန္ဓာ နယ်ပယ် တန်ခိုးရှင် တစ်ယောက် ဖြစ်နေသည်။

သို့သော် ကျန်ကျူပင်က သူ့မျက်နှာနှင့် သူ့ဂိုဏ်းသိက္ခာကို ပိုမို အလေးထားသည်။

"ဝမ်ဖူ… အဲ့ ချင်ယန်ကို လိုက်ကြည့်ထား.."

"သူနဲ့ ပက်သက်တဲ့ အချက်အလက်တွေ အကုန်လုံး ငါ လိုချင်တယ်…"

ကျန်ကျူပင်က လေးနက်စွာ ပြောလိုက်သည်။

“ဟုတ်ကဲ့ပါ.... နန်းတော်သခင်...”

ဝမ်ဖူက သတင်း စုံစမ်းရန် ချက်ချင်း ထွက်သွားသည်။

လီလျူ သန့်ရှင်းမြို့က လီလျူ ကောင်းကင်ဘုံ နန်းတော်၏ ပိုင်နက်ပင်။ ထို့ကြောင့် လီလျူ ကောင်းကင်ဘုံ နန်းတော်က လီလျူ သန့်ရှင်းမြို့တွင် အာဏာစက် ပြင်းထန်လွန်းသည်။ ချင်ယန်၏ အကြောင်းကို စုံစမ်းရန် အချိန် သိပ်မယူလိုက်ရပေ။

ဥပမာ - ချင်ယန်က ကျန်းစွန်းရှန်းနှင့် အတူ ဒီနေရာသို့ ရောက်လာခဲ့သည်။

ကျန်းစွန်းရှန်းက ချင်ယန်၏ ကိုယ်ရံတော် လုပ်ချင်နေသည်။

ဝမ်ဖူက ချင်ယန်တို့ နေထိုင်နေသည့် နေရာကို တွေ့ရှိခဲ့သလို ကျန်းရီနှင့် ချင်ယန်တို့က ဆက်ဆံရေး ကောင်းမွန်နေသည်ကိုလည်း ရှာတွေ့ခဲ့သည်။

“ထိုင်....”

ဝမ်ဖူက ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။ သူ့ရှေ့တွင် ကျန်းရီက စိုးရိမ် ထိတ်လန့်နေသော အမူအရာနှင့် ထိုင်နေသည်။

"ကျန်းရီ၊ မင်းက ငါတို့ လီလျူ ကောင်းကင်ဘုံ နန်းတော်ရဲ့ အမာခံ တပည့်ပဲ။ ငါတို့ လီလျူ ကောင်းကင်ဘုံ နန်းတော်အပေါ် (၁၀၀) ရာခိုင်နှုန်း သစ္စာ ရှိတယ် မဟုတ်လား..."

ကျန်းရီက ခေါင်းညိတ်လိုက်သည်။

ဝမ်ဖူက.....

"ကျန်းရီ၊ မင်းနဲ့ ချင်ယန်တို့ရဲ့ ဆက်ဆံရေးက ဘယ်လိုလဲ...... ချင်ယန်အကြောင်း မင်း ဘယ်လောက် သိလဲ...."

ကျန်းရီက အနည်းငယ် တုံ့ဆိုင်း သွားပြီးနောက်.....

"ချင်ယန်နဲ့ ကျွန်တော်က ကလေးဘဝက ကစားဖော် တွေပါ။ အဲအချိန်တုန်းက ကျွန်တော်တို့ရဲ့ ဆက်ဆံရေး ကောင်းခဲ့တယ်။ ကျွန်တော် ခုနှစ်သား အရွယ်မှာ လမ်းခွဲ ပြီးကတည်းက ထပ် မတွေ့ဖြစ်တော့ဘူး။ ငါတို့ရဲ့

ဓာတိက ချမ်ဂျူး ကျွန်းဆွယ်မှာရှိတဲ့ တန်ထန် အင်ပါယာမှာပါ....”

“ချင်ယန်ရဲ့ အဘိုးက တန်ထင် အင်ပါယာရဲ့ ဝန်ကြီးချုပ်။ ဒီထက် ပိုပြီး မသိတော့ပါဘူး။ ဒီနှစ်အတွင်းက သူ့ရဲ့ အခြေအနေ အကြောင်းကိုလည်း ချင်ယန်က မပြောခဲ့လို့ မသိပါဘူး....”

ဝမ်ဖူက ကျန်းရီကို စိုက်ကြည့်လိုက်ပြီး.....

“ကျန်းရီ.. ချင်ယန်က မင်းကို ပုံမှန် မဟုတ်ဘဲ... ထူးဆန်တဲ့ စကားတွေ ပြောခဲ့သေးလား...”

ကျန်းရီသည် မမျှော်လင့်ထားသဖြင့် အံ့အောသင့်သွားသည်။

အပေါ်ယံတွင် ကျန်းရီက သူ့မျက်နှာကို တည်ငြိမ်အောင် အတတ်နိုင်ဆုံး ကြိုးစားနေသည်။ သို့သော်လည်း ဝမ်ဖူက နှစ်ပေါင်း နှစ်ရာနီးပါး အသက်ရှင်ခဲ့သည် မြွေခွေးအိုကြီး တစ်ကောင်ပင်။ အလွန် ရင့်ကျက်ပြီး မျက်လုံးက စူးရှသည်။ ကျန်းရီက အနည်းငယ်သာ မှုပျက် သွားသော်လည်း ဝမ်ဖူက သတိထားမိနေဆဲ ဖြစ်သည်။

"ဘာမှ မရှိပါဘူး...."

ကျန်းရီက ခေါင်းခါလိုက်သည်။

"အင်း...."

ကျန်းရီက ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်ပြီး......

"ကျန်းရီ... အဘိုးအိုက မင်းကို လူတစ်ယောက်နဲ့ တွေ့ရအောင် ခေါ်သွားမယ်...."

ဆယ်မိနစ် ကြာပြီးနောက်......

ကျန်းရီက ကျန်ကျူပင် ရှေ့ ရောက်နေပြီး သူ့နှလုံး တစ်ခုလုံး ငလျင် လုပ်သကဲ့သို့ တုန်ခါနေသည်။

သာမန်အားဖြင့် ဆိုလျှင် ကျန်းရီသည် ကျန်ကျူပင်ကို တွေ့လိုက်ပါက စိတ်လှုပ်ရှားပြီးရင်း စိတ်လှုပ်ရှား နေလိမ့်မည်။ ယခုလက်ရှိတွင် အနည်းငယ် စိုးရိမ်နေသည်။

"ဒီလူကို ကြည့်စမ်း....."

ကျန်ကျူပင်က လေးနက်စွာ ပြောလိုက်သည်။ သူက အဆင့် (၈) ဓမ္မခန္ဓာ ကျင့်ကြံခြင်း အဆင့်နှင့်

ကျန်းရီကို စိတ်ညှို့လိုက်ရာ ကျန်းရီ၏ မျက်လုံးများ ငေးငိုင်ပြီး အသိစိတ် လွတ်သွားသည်။

"ကျန်းရီ.. ချင်ယန်က မင်းကို မပြောသင့်တဲ့ စကားတွေ.... ဘာတွေ ပြောလိုက်လဲ..."

ကျန်းရီက ငေးငေးငိုင်ငိုင် အမူအရာနှင့်........

"ချင်ယန်က ငါ့ချစ်သူကို သူတော်စင် သခင်မ မလုပ်ခိုင်းဖို့ စည်းရုံးခဲ့တယ်။ ဘာဖြစ်လို့လဲလို့ သူ့ကို မေးလိုက်တော့ လီလျူ ကောင်းကင်ဘုံ နန်းတော်ရဲ့ ထိပ်ပိုင်း အုပ်ချုပ်သူတွေက စိတ်ကူးတချို့နဲ့ အမျိုးသမီးတွေကို ရွေးချယ် နေတယ်လို့

ပြောပါတယ်။ ဒီကိစ္စတွေက အခုမှ ဖြစ်တာ မဟုတ်ဘူး.. တော်တော်လေး ကြာနေပြီလို့ ပြောပါတယ်.....”

ကျန်းကျူပင်၏ မျက်နှာ အမူအရာက သုန်မှုန် နေသည်။

“မင်းက ဘယ်လို ပြန်ဖြေလိုက်လဲ.....”

“ငါ စိတ်ဆိုးခဲ့တယ်။ နန်းတော်သခင်က ဒီလို လူမျိုး မဟုတ်ဘူးလို့ ပြန်ပြောခဲ့တယ်.....”

ကျန်ကျူပင်၏ မျက်လုံးများက တလက်လက် တောက်ပလာပြီး.......

"ကျန်းရီ.... အခုအချိန်ကစပြီး မင်းက ဒီလူကိုပဲ သစ္စာ ရှိရမယ်... ဒီလူပေးတဲ့ အမိန့်တွေကိုပဲ နားထောင် ရမယ်..."

"ဟုတ်...."

"အခွင့်အရေး ရှာပြီး... ချင်ယန်က ဒီသတင်းကို ဘယ်နေရာက ရလာတာလဲ။ ချင်ယန်နဲ့ ပက်သက်တဲ့ ကျန်တဲ့ အကြောင်းတွေကိုပဲ အစ်အောက်ပြီး မေးလာခဲ့...."

ကျန်းရီက ပြန် ထွက်သွားသည်။

ဝမ်ဖူက......

"နန်းတော်သခင်... ဘာဖြစ်လို့ ချင်ယန်ဆီ တိုက်ရိုက် မသွားတာလဲ။ ဒါမှ မဟုတ်လဲ သူ့ကို တစ်ခါတည်း လာပြီး တင်ပြခိုင်းလိုက်ပေါ့.... ဖုံးကွယ်ရဲမယ် မထင်ပါဘူး...."

ကျန်းကျူပင်က မျက်မှောင် ကြုတ်လိုက်ပြီး.....

"ပေါင်မိသားစု..."

"ပေါင်ရိုက ပေါင်ယန်ရှင်း လက်ထဲမှ ပုလဲလုံးလေးပဲ။ ဒီကောင်မလေးက ဒီလို ကိစ္စမျိုးကို အလွယ်တကူ ကူညီပေးမှာ မဟုတ်ဘူး။ ချင်ယန်နဲ့ ပေါင်မိသားစု ကြားမှာ ဘယ်လို ဆက်ဆံရေးမျိုး ရှိလဲဆိုတာ အခုအချိန်ထိ ရှင်းရှင်းလင်းလင်း မသိသေးဘူး"

ကျန်ကျူပင်က ခမ္မကလေးငယ် နယ်ပယ် တန်ခိုးရှင်နှင့် လီလျူ ကောင်းကင်ဘုံ နန်းတော်၏ နန်းတော်သခင် ဖြစ်နေလျှင်ပင် ပေါင်မိသားစုကို ရန်မစရဲပေ။

အများသောအားဖြင့် ပေါင်မိသားစုက ပေါ်လာလေ့ မရှိသော်လည်း ပေါင်မိသားစု၏ အင်အားက ကြောက်စရာ ကောင်းသည်ကို ကျန်ကျူပင် သိနေသည်။

"နန်းတော်သခင်.. ဒါဆိုရင် ချင်ယန်နဲ့ ပေါင်ရိုကြားက ဆက်ဆံရေးကို ငါ စုံစမ်းလိုက်မယ်..."

"တကယ်လို့ သူတို့က ဘာမှ မဟုတ်ဘူးဆိုရင် နန်းတော်သခင်ကို လာပြီ တင်ပြပေးမယ်....."

ကျန်ကျူပင်က ခေါင်းညိတ် လိုက်သည်။

နစ်နာရီ ကြာပြီးနောက် ကျန်းရီက ချန်ယန်ထံ ရောက်ရှိလာသည်။

“ချင်ယန်ရေ.. အရင်က နည်းနည်းလေး ခေါင်းရှုပ်သွားတယ်။ မင်းက စေတနာထားပြီး ပြောခဲ့တာပဲ... ငါ မင်းကို နားလည်မှု လွဲသွားတယ်”

ကျန်းရီက ပြောလိုက်သည်။

ချင်ယန်က ကျန်းရီကို ကြည့်ရင်း နှလုံးခုန်သံ မြန်ဆန်နေသည်။

ကျန်ကျူပင်၏ စိတ်ညို့ခြင်းက တော်တော်လေး ကောင်းမွန်နေပြီး ယခုလက်ရှိတွင် ချင်ယန်၌ ထိုကဲ့သို့ စိတ်ညို့နိုင်စွမ်း မရှိသော်လည်း သူ့ ခွန်အားက ကျန်းရီထက် အများကြီး ပိုမြင့်နေသည်။ ကျန်းရီ ရောက်လာကတည်းက မူမမှန်မှု အချို့ကို သတိထားမိခဲ့သည်။

ထို မူမမှန်မှုမျိုး မဖြစ်ပေါ်နိုင်ဘူးဟု ကျန်ကျူပင်က ခန့်မှန်းထားသော်လည်း ချင်ယန် မျက်လုံးအောက်မှ မလွတ်မြောက်နိုင်ပေ။

‘သေချာပေါက် သံသယ ရှိနေတာပဲ...’

'ဝမ်ဖူမှာ ဒီလို ခွန်အားမျိုး မရှိဘူး။ ကျန်းရီကို ကျန်ကျူပင် ကိုယ်တိုင် စိတ်ညို့ခဲ့တာပဲ ဖြစ်ရမယ်'

ချင်ယန် စိတ်ထဲတွင် အတွေးပေါင်းများစွာ ပေါ်လာသည်။

"မင်းရဲ့ ရည်းစားနဲ့ စကား ပြောပြီးပြီလား...."

ကျန်းရီက ခေါင်းခါ လိုက်ပြီး...

"မပြောရသေးဘူး... ချင်ယန်.... ဒီလို ကိစ္စမျိုး လုံးဝ မဖြစ်နိုင်ဘူးလို့ ငါ ယုံကြည်တယ်။ နန်းတော်သခင်က ဒီလို လူစားမျိုး မဟုတ်တာ

သေချာတယ်။ ချင်ယန်.. ငါကလွဲရင် တခြား ဘယ်သူကိုမှ မပြောခဲ့ဘူး မဟုတ်လား.... ဒီသတင်းက မှားနေလည်း ပျံ့နှံ့သွားရင် လူသေနိုင်တယ်...”

“မင်း တစ်ယောက်တည်းကိုပဲ ပြောတာပေါ့... ဘာဖြစ်လို့ တခြားလူတွေကို ပြောရမှာလဲ။ ပြောသင့်၊ မပြောသင့် ငါလည်း သိပါတယ်....”

ကျန်းရီက ခေါင်းတစ်ချက် ညိတ်လိုက်ပြီး....

"ကောင်းတယ်.... ချင်ယန်.. ဒီသတင်းကို ဘယ်က ကြားခဲ့တာလဲ..... ဒီသတင်း ပြောတဲ့လူမှာ မကောင်းတဲ့ ရည်ရွယ်ချက် ရှိရမယ်.."

"ငါ့ဆရာဆီက...."

"မင်းဆရာ ဟုတ်လား...."

ကျန်းရီက အံ့အောသွားသော လေသံနှင့်......

"ချင်ယန်.. မင်းမှာ ဆရာတစ်ယောက် ရှိသေးတာလား..."

ချင်ယန်က ရယ်မောလိုက်ပြီး...

"မင်း ပြောတာကိုလည်း ကြည့်ပါအုံး……. ငါ့မှာ ဆရာမရှိရင် ဘယ်လိုလုပ်ပြီး အခုလို ခွန်အားမျိုး ရလာမှာလဲ။ ငါ့ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင်နယ်ပယ် ဖြစ်နေပြီ။ ဆေးတာအို ဘက်မှာလည်း ဆေးဘုရင် တစ်ယောက် နေပြီ။ ကိုယ့်ဘာသာကိုယ် လေ့လာရင် ဒီလောက် လွယ်မယ်လို့ ထင်နေတာလား…."

"မင်းက ယွမ်ဟိုင် နယ်ပယ်လား….."

"ဆေးဘုရင် တစ်ယောက်လည်း ဖြစ်သေးတယ်…."

ကျန်းရီက မျက်လုံး ပြူးနေပြီး မယုံကြည်နိုင်သော အရိပ်အယောင်များ ပြည့်နှက်နေသည်။ ချင်ယန်က ထိုအကြောင်းကို ယခင်က မပြောပြခဲ့ပေ။

ချင်ယန် လက်ထဲတွင် ဆေးဘုရင် တံဆိပ် ပေါ်လာသည်။

"မင်းကို မလိမ်ဘူးနော်..."

ချင်ယန်က စကားပြောနေရင် ဟွမ်ဟိုင်နယ်ပယ် အငွေ့အသက်ကို လွှတ်ထုတ် လိုက်သည်။

"ငါ သွားတော့မယ်..."

ကျန်းရီက မယုံကြည်နိုင် ဖြစ်နေသည်။ သူက အသက် (၁၆)နှစ်တွင် ယွမ်ဟူ နယ်ပယ်သို့ ရောက်နေသဖြင့် အလွန် ကောင်းမွန်နေပြီဟု ထင်နေခဲ့သည်။ သို့သော် ချင်ယန်က ယွမ်ဟိုင် နယ်ပယ်ကိုပင် ရောက်ရှိနေသေးသည်။

ထို့အပြင် ချင်ယန်က သူ့ထက် နှစ်လ၊ သုံးလခန့် ပိုငယ်သေးသည်။

"ကျန်းရီ... မင်းကို ဟာသ ပြောနေတာ မဟုတ်ဘူး။ မင်းရည်းစားကို ဖြောင်းဖြနိုင်ရင် ပိုကောင်းမယ်...."

"ကောင်းပြီ..."

ကျန်းရီက ခေါင်းညိတ်လိုက်သည်။

"ချင်ယန်... မင်းဆရာက ဘယ် စီနီယာလဲ မသိဘူး...."

ချင်ယန်က ခေါင်းခါလိုက်ပြီး.....

"ဒါကတော့ ထုတ်ပြောဖို့ မလွယ်ဘူး။ မင်းကို မပြောပြချင်လို့တော့ မဟုတ်ဘူး. ဒါက ငါ့ဆရာရဲ့ တောင်းဆိုမှုပဲ။ ငါ့ဆရာက တော်တော်လေး ပုံရိပ်နှိမ့်ချပြီး နေထိုင်တဲ့ စီနီယာ တစ်ယောက်ပဲ။ တော်ပြီး ဒီအကြောင်း ထပ်မပြောတော့ဘူး.. ငါ့ဆရာက တိတ်တိတ်လေး စောင့်ကြည့် နေနိုင်တယ်။ ငါ့ကို ဆူပူ ကြိမ်းမောင်းတာမျိုး ဖြစ်သွားနိုင်တယ်...."

ကျန်းရီနှင့် အချိန် အတော်ကြာအောင် စကား ပြောဆိုပြီးနောက် ကျန်းရီ ထွက်သွားသည်။

သူထွက်သွားပြီး နာရီဝက်ခန့် ကြာသောအခါ ကျန်းကျူပင်ရှေ့သို့ ပြန်ရောက် သွားသည်။

"အသက် (၁၆)နှစ် မပြည့်သေးဘူး...."

"ယွမ်ဟိုင် နယ်ပယ် ကျင့်ကြံခြင်း အဆင့်နဲ့ ဆေးဘုရင် တစ်ယောက်...."

ကျန်ကျူပင်က သူ့ဘာသာသူ တိုးတိုးလေး ရေရွတ်လိုက်သည်။ ချင်ယန်ပြောသည့် သူ့ဆရာက သန်မာ နေလိမ့်မည်။ ကျန်ကျူပင်က ထိုအချက်နှင့် ပက်သက်၍ လုံးဝ သံသယ မရှိပေ။

ကျန်ကျူပင်၏ အမြင်တွင် ဒါက ဖြစ်နိုင်သည်။

ထိုကဲ့သို့ မဟုတ်ပါက တန်ထန် အင်ပါယာကဲ့သို့ သေးငယ်သော နေရာတစ်ခုမှ လူတစ်ယောက်က ယခုကဲ့သို့ ခွန်အားမျိုး မည်ကဲ့သို့ ရလာမည်နည်း.....

အမွေရလျှင်ပင် မဖြစ်နိုင်ချေ။

ကျန်ကျူပင်တွင် သား၊ သမီးများနှင့် မြေးများ ရှိပြီး သူကိုယ်တိုင်လည်း လမ်းညွှန်ပေးသလို အရင်းအမြစ် အများကြီးလည်း ထောက်ပံ့ ပေးထားသည်။ သို့သော် သူ့မျိုးဆက်များက ချင်ယန်

အသက်အရွယ်တွင် ချင်ယန် ရောက်ရှိနေသည့် အဆင့်ကို မရောက်ရှိ ခဲ့ကြပေ။

"အဆင့် (၉) တန်ခိုးရှင် မဟုတ်ရင်တောင် အရမ်း အစွမ်းထက်တဲ့ အဆင့် (၈) တန်ခိုးရှင်ပဲ ဖြစ်နိုင်တယ်...."

ကျန်ကျူပင်၏ စိတ်ထဲတွင် ထိုအတိုင်း ကောက်ချက် ချလိုက်သည်။

"ဝမ်ဖူ... ချင်ယန်ကို စုံစမ်းနေတဲ့ ကိစ္စတွေ ရုပ်သိမ်းလိုက်"

"ပြီးတော့ ချင်ယန်ကို ဆုငွေ ကောင်းကောင်း ပေးလိုက်......"

ကျန်ကျူပင်က သေသေချာချာ တွေးပြီး ပြောလိုက်သည်။

"နန်းတော်သခင်.. ဘယ်လို နာမည်တပ်ပြီး ဘယ်လောက် ပေးလိုက်ရမလဲ...."

ကျန်ကျူပင်က.....

"ချင်ယန်က အဆင့် (၆) ဆေးဘုရင် လက်မှတ် မရထားဘူးလား.. ဒီလောက် ငယ်ရွယ်တဲ့

ဆေးဘုရင် တစ်ယောက်ကို ထောက်ပံ့ ပေးတယ်ပေါ့။ ဒါကလည်း ပုံမှန်ပဲလေ။ ပြီးတော့ ချင်ယန်က ကုန်းစွန်းရှန်းကိုလည်း ကုသပေး ခဲ့တယ်။ ကျန်းစွန်းရှန်းက ငါတို့ လီလျူ ကောင်းကင်ဘုံ နန်းတော်က တန်ခိုးရှင် မဟုတ်ပေမဲ့ ငါတို့ အုပ်ချုပ်နေတဲ့ နယ်မြေထဲမှာ နေထိုင်နေတယ်။ ကျန်းစွန်းရှန်းကို ကူညီတာက ငါတို့ကို သွယ်ဝိုက်ပြီး ကူညီတာပဲ။ ပြီးတော့ ကျန်းစွန်းရှန်း ခေါ်လာတဲ့ တန်ခိုးရှင် အများကြီးကိုလည်း ကူညီပေးခဲ့တယ်....”

“ရွှေတုံး သန်းတစ်ရာ ပေးလိုက်....”

ဝမ်ဖူ မျက်လုံးထဲတွင် တုန်လှုပ်သွားသော အမူအရာ ပေါ်လာသည်။ ရွှေတုံး ဆယ်သန်း ဆိုပါက သာမန် အဆင့် (၇) ရတနာတစ်ခု ဝယ်ယူနိုင်သည်။ ရွှေတုံး သန်းတစ်ရာ ဆိုသည့် ပမာဏက နည်းနည်းနောနော ပမာဏ မဟုတ်ပေ။

"သွား လုပ်လိုက်တော့...."

ကျန်ကျူပင်က လက်ခါပြပြီး ပြောလိုက်သည်။ ဤမျှ ငွေ ပမာဏနှင့် ဆိုလျှင် ချင်ယန် နားလည်လိမ့်မည်ဟု သူ ယုံကြည်သည်။

## အခန်း(၃၂၈) - ဒေါင်ဖန်ဟွမ် အဆင့်တက်သွားပြီ

"အကြီးအကဲ ဝမ်ဖူ... မင်းက...."

ချင်ယန်က မမျှော်လင့်ထားသခြင့် ဝမ်ဖူကို အံ့အောသင့်စွာ လှမ်းကြည့်လိုက်သည်။ ဝမ်ဖူက ရွှေလက်မှတ်များကို ထုတ်ယူလိုက်သည်။ ရွှေလက်မှတ် တစ်ခုချင်းစီက ရွှေတုံး တစ်သောင်း တန်ကြေး ရှိနေသည်။

ဝမ်ဖူက ပြုံးလိုက်ပြီး……

“ဆေးဘုရင်ချင်…. မင်း ဆေးဘုရင်အကဲဖြတ်မှုကို အောင်မြင်ခဲ့တယ်။ ကျန်းစွန်းမိသားစုက မိသားစု ဘိုးဘေး ကျန်းစွန်းရှန်းကို ကယ်တင်ခဲ့တာလည်း နန်းတော်သခင်က သိနေတယ်။ ကျန်းစွန်းရှန်းက ငါတို့ လီလျူကောင်းကင်ဘုံ နန်းတော်ရဲ့ တန်ခိုးရှင် မဟုတ်ဘူးဆိုပေမဲ့ လီလျူ ကောင်းကင်ဘုံ နန်းတာ် အုပ်ချုပ်နယ်မြေထဲမှာ နေတဲ့ ပြည်သူ တစ်ယောက်ပဲ။ တစ်ချက်က ဆေးဘုရင်ချင်ကို ဂုဏ်ပြုချင်လို့….

နောက်တစ်ချက်က လူတွေကို ကယ်တင်ပေးတဲ့အတွက် ဆေးဘုရင်ချင်ကို ကျေးဇူးတင်လို့ပါ.....”

ဝမ်ဖူ၏ လေသံက ရိုးသားလှသည်။

ချင်ယန်၏ စိတ်ထဲတွင် ရယ်မောနေမိသည်။ တဖက်လူက လူများ ကယ်တင်ခဲ့သည့် အချက်ကို အကြောင်းပြချက်ပေးပြီး ဆုငွေ ထုတ်ပေးနေသည်။ ထိုသို့ဆိုလျှင် လီလျူ ကောင်းကင်ဘုံ နန်းတော်က ဆေးဆရာတိုင်းကို အဘယ်ကြောင့် ဆုငွေ မထုတ်ပေး ရသနည်း....

ဒါက လာဘ်ထိုးနေကြောင်း သိသာလွန်းနေသည်။

“အကြီးအကဲ ဝမ်ဖူ.... ဒါဆိုရင် နန်းတော်သခင်ကို အများကြီး ကျေးဇူး တင်ကြောင်း ပြောပေးပါအုံး...။ ကျွန်ကျူပင်က လူကောင်း တစ်ယောက်ပါ....”

ဝမ်ဖူက အနည်းငယ် ပြုံးလိုက်ပြီး.....

“ဆေးဘုရင်ချင်... မင်းက ဒီလောက် ငယ်ငယ် ရွယ်ရွယ်လေးနဲ့ ဒီလို အောင်မြင်မှုတွေ ရလာတော့ နောက်ကွယ်က လမ်းညွှန်ပေးနေတဲ့ လူတစ်ယောက်

ရှိမယ်လို့ ငါ ထင်တယ်။ တကယ်လို့ အခွင့်အရေး ရမယ်ဆိုရင် နန်းတော်သခင်က မင်းနောက်က ကျွမ်းကျင်သူနဲ့ ဆက်သွယ်ခွင့်ရဖို့ မျှော်လင့်နေတယ်.....”

“ဒါပေါ့... ဒီကိစ္စကို နောက်မှ ထပ်ပြောကြမယ်....”

“ကောင်းပြီလေ.... ဆေးဘုရင်ချင်... ဒါဆိုလည်း နှုတ်ဆက်ပါတယ်.....”

ဝမ်ဖူ ပြန် ထွက်သွားသည်။

ချင်ယန်၏ မျက်လုံးက တလက်လက် တောက်ပနေသည်။

ကျန်းရီ စိတ်ညို့ခြင်း ခံထားရသည်ကို သူမြင်လိုက်သည့် အတွက် ကံကောင်းသွားသည်။ ထိုကဲ့သို့ မဟုတ်ပါက ကျန်ကျူပင်က အခြား နည်းလမ်းတစ်ခုနှင့် ဆက်ဆံ လာလိမ့်မည်။

ကျန်ကျူပင် တစ်ကိုယ်လုံးတွင် လူကောင်းစိတ်များ ရှိနေသော်လည်း လိုအပ်ပါက ချင်ယန်ကို သတ်ဖြတ်ရန် လက်တွန့်နေမည် မဟုတ်ပေ။

"ရွှေတုံး သန်းတစ်ရာ...... ဒီနှုတ်ပိတ်ခက တော်တော်လေး များတာပဲ....."

ချင်ယန်က ရယ်မောရင်း ပိုက်ဆံများကို သိမ်းလိုက်သည်။ ထိုပိုက်ဆံများနှင့် ဆိုလျှင် လျှူဝမ်၏ ခွန်အားက အများကြီး တိုးတက်လာလိမ့်မည်။

.........

"အား....."

လေးကျင်ရေး အခန်းထဲတွင် ဒေါင်ဖန်ဟွမ်က နာကျင်စွာ အော်ဟစ်နေသည်။ သူ့ အော်သံက ဆူညံနေသလို ခန္ဓာကိုယ် တစ်ခုလုံးကလည်း သွေးအိုင်ထဲက ငါးတစ်ကောင် ကဲ့သို့ ဖြစ်နေသည်။

ခန္ဓာကိုယ်ထဲရှိ သွေးများ ဆူပွက်နေပြီး အပေါ်ယံ မျက်နှာပြင်က သွေးကြောများ ပေါက်ထွက်နေသည်။

ဒွာရ ခုနှစ်ပေါက်မှလည်း သွေးများ စီးကျနေသည်။

“အရှိုးပေးလိုက်... လက်လျှော့လိုက်....”

ဒေါင်ဖန်ဟွမ်၏ စိတ်ထဲတွင် သွေးဆောင်ဖျားယောင်နေသည့် အသံတစ်ခု ထွက်ပေါ်နေသည်။ အလွန် နာကျင်လွန်းသည်။ ဒီနှစ်ရက်အတွင်းတွင် စက္ကန့်တိုင်းက အဆုံးမရှိကြာရှည်လွန်းပြီး အလွန် နာကျင် လွန်းလှသည်။

"မဟုတ်ဘူး..... လက်မလျှော့ဘူး....."

ဒေါင်ဖန်ဟွမ်က ဒေါသတကြီး အော်ဟစ်လိုက်သည်။

"တောင့်ခံရမယ်။ ဓမ္မကလေးငယ် နယ်ပယ်ရောက်ရမယ်...."

"သွေးနတ်ဆိုး လမ်းစဉ်.. မင်းကို သတ်မယ်.."

ဒေါင်ဖန်ဟွမ်၏ မျက်လုံးက သွေးနီရောင် ပြောင်းနေပြီး သူ့ မိန်းမနှင့် သမီးများပေါ် ချစ်သည့်စိတ်က သူ့ နှလုံးသားထဲမှ အမုန်းတရားများကို တွန်းအား ပေးနေသည်။

မူလက ဒေါင်ဖန်ဟွမ်တွင် လှပသော ဇနီးတစ်ယောက်၊ အကျင့်စရိတ္တ ကောင်းမွန်သော သမီးနှစ်ယောက်ဖြင့် မိသားစု ဘဝလေးက အေးချမ်း သာယာ နေခဲ့သည်။

ယခုမူ သူ့ဇနီး၊ သူ့သမီးများက သေဆုံးသွားကြပြီး မသေဆုံးခင် နာနာကျင်ကျင် ခံစား ခဲ့ရသေးသည်။ ထို့အပြင် အလောင်းများကိုလည်း အဆောင်အဖြစ် သန့်စင်ခြင်း ခံခဲ့ရသေးသည်။

ထိုအကြောင်းကို တွေးမိလိုက်သော အခါ ဒေါင်ဖန်ဟွမ်၏ နှလုံးသားကို ဓါးနှင့် မွှန်းနေသကဲ့သို့ ခံစားရသည်။

"ရအောင် လက်စားချေမယ်....."

ဒေါင်ဖန်ဟွမ်က ဒေါသတကြီး အော်ဟစ်လိုက်သည်။ သူ့ ခန္ဓာကိုယ်ထဲတွင် စီးဆင်းနေသော

ယွမ်ချီများက ကြောက်စရာ ကောင်းသော အဆင့်ကို ရောက်ရှိသွားပြီး ခန္ဓာကိုယ်က တောင့်မခံနိုင်လုနီးပါး ဖြစ်လာသည်။

ခန္ဓာကိုယ်တွင်းရှိ ဒန်တယ်ကလည်း မတည်မငြိမ် ဖြစ်လာပြီး ပြိုကျတော့မလို ဖြစ်နေသည်။

ယခု လက်ရှိတွင် ဒေါင်ဖန်ဟွမ်က ထိုအရာအားလုံးကို လုံးဝ လျစ်လျူရှုထားပြီး အရှူးအမူး လေ့ကျင့်နေသည်။

အဆင့် တက်မည်လော... သေမည်လော.....

ဒေါင်ဖန်ဟွမ်က မိသားစုကို ချစ်သည့်စိတ်နှင့် တိုက်ပွဲ ဝင်နေသည်။

တစ်မိနစ်....

နှစ်မိနစ်.......

ဆယ်မိနစ်ခန့် ကြာသောအခါ ဒေါင်ဖန်ဟွမ်က ခန္ဓာကိုယ်က ပြိုကျလု နီးပါး ဖြစ်နေပြီ။ ခန္ဓာကိုယ်ထဲရှိ ယွမ်ချီများက အလွန် ပြင်းထန်လာပြီး သူ့ခန္ဓာကိုယ်က အထောက်အပံ့ လိုအပ်လာသည်။

ပေါက်ကွဲတော့မည်။

"ကျရှုံး သွားတာလား..."

"မိန်းမ.. သမီး.... အဖေ မင်းတို့နောက် လိုက်လာခဲ့မယ်...."

ဒေါင်ဖန်ဟွမ်က ဒေါသစိတ်ထဲမှ နိုးထလာသည်။ စိတ်ပျက်စွာ သက်ပြင်း ချလိုက်ပြီး သေတော့မည့် အချိန်ကို စောင်းဆိုင်း နေလိုက်သည်။

သို့သော် ထို အခိုက်အတန့်တွင် ဒေါင်ဖန်ဟွမ်၏ ဒန်တယ်က ယွမ်ချီများကို အရှူးအမူး မြို့ချလိုက်ပြီး

ပေါက်ကွဲလုနီးပါး ဖြစ်နေသည့် ခန္ဓာကိုယ်က လျှင်မြန်စွာ တည်ငြိမ်သွားသည်။ မူလက ကျိုးပျက်လုနီးပါး ဖြစ်နေသည့် ဒန်တယ်က ပြန်လည် ကောင်းမွန် လာနေသည်။

“ခ… ခမ္ဘ ကလေးငယ် နယ်ပယ်..”

ဒေါင်ဖန်ဟွမ် မျက်လုံး ပြူးနေသည်။

ခမ္ဘ ကလေးငယ် ပေါ်လာသည်နှင့် သူ့ခန္ဓာကိုယ်ထဲမှ ယွမ်ချီများက ခမ္ဘ ကလေးငယ် နယ်ပယ်ထံ စီးဝင်သွားသည်။ ထိုအထဲမှ

ပြန်ထွက်လာသောအခါ ယွမ်ချီများက ပိုမို သန့်စင်လာပြီး ပိုမို အစွမ်း ထက်လာခဲ့သည်။

ဒေါင်ဖန်ဟွမ်သည် သူ့ခန္ဓာကိုယ်ထဲ ပျံ့နှံ့သွားသော စွမ်းအားများက လျင်မြန်စွာ ပြန်လည် ကောင်းမွန် လာသည်ကို တွေ့လိုက်ရသည်။

ပြင်ပမှ စွမ်းအင်များ အဆက်မပြတ် တိုးဝင်နေပြီး ဒေါင်ဖန်ဟွမ်၏ ခန္ဓာကိုယ်က ပြန်လည် ကောင်းမွန် လာရုံသာမက ယခင်ကထက် ပိုမို အားကောင်း လာသေးသည်။

ဓမ္မကလေးငယ် နယ်ပယ်၏ စွမ်းအားသည် ဓမ္မခန္ဓာ နယ်ပယ်၏ စွမ်းအားထက် အများကြီး နိမ့်ကျသော်လည်း ယွမ်ဒန်နယ်ပယ် တန်ခိုးရှင်ထက် အများကြီး ပိုမို အားကောင်းသည်။

"ဒါ အဆင့် တက်တာပဲ... အဆင့် တက်သွားပြီ..."

"လက်စားချေဖို့ မျှော်လင့်ချက် ရှိလာပြီ....."

"မိန်းမ၊ ဇနီး.... မင်းတို့စောင့်နေ....... ဒီဘဝမှာ သွေးနတ်ဆိုး လမ်းစဉ်က လူတွေကို သတ်ပစ်မယ်..."

ဒေါင်ဖန်ဟွမ်က ဝမ်းသာစိတ်နှင့် ငိုကြွေးနေသည်။

ထိုအချိန်တွင် ချင်ယန်က လေ့ကျင့်ရေး အခန်းထဲ ဝင်လာသည်။ လေ့ကျင့်ရေး အခန်းထဲ၌ သီးခြားခွဲထုတ်ခြင်း အစီအရင်ကို ခင်းကျင်း ထားသော်လည်း ချင်ယန်က ခင်းကျင်းထားခြင်း ဖြစ်သည်။ ထိုကြောင့် ဒေါင်ဖန်ဟွမ် အဆင့် တက်သွားသည်ကို ချင်ယန်က သိနေခြင်းပင်။

“ရှောင်ချင်.... ကျေးဇူး တင်ပါတယ်....”

"အခုအချိန်ကစပြီး ငါ့အသက်ကမင်းအတွက်ပဲ..."

ဒေါင်ဖန်ဟွမ်က ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်ပြီး ထိခြင်းငါးပါးနှင့် ချင်ယန်ကို အရိုအသေပေးလိုက်သည်။

"ဒေါင်ဖန်ဟွမ်.. သွေးနတ်ဆိုးက ငါ့ရန်သူဆိုလည်း ဟုတ်တယ်....... လက်စားချေဖို့ အခွင့်အရေးရလိမ့်မယ်... ဒါပေမဲ့ အခုတော့ မဟုတ်သေးဘူး...."

"အခုလက်ရှိ မင်းက သွေးနတ်ဆိုးကို အနိုင်ယူနိုင်မှာ မဟုတ်သေးဘူး.. တကယ်လို့

မင်းအနိုင်ယူ နိုင်ရင်အောင် သွေးနတ်ဆိုးက ထွက်ပြေး သွားလိမ့်မယ် နားလည်လား....”

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ဒေါင်ဖန်ဟွမ်က လေးစားသော အမူအရာနှင့်....

“ရှောင်ချင်... ငါ နားလည်ပါတယ်....”

အဆင့် မတက်နိုင်သေးသည့် အချိန်က ဒေါင်ဖန်ဟွမ်သည် အလွန် စိတ်ပူ နေခဲ့သော်လည်း ခမ္မကလေး နယ်ပယ် ရောက်ရှိ သွားပြီးနောက် စိတ်တည်ငြိမ် သွားသည်။ လက်စား ချေနိုင်မည့်

အခွင့်အရေးက အမြဲတမ်း ရှိနေသည်။ လက်စားချေချင်စိတ် လောကြီးသွားပါက အမှား ပါသွားနိုင်သည်။

"ထတော့....."

ချင်ယန်က ပြောလိုက်သည်။

ဒေါင်ဖန်ဟွမ်က ချက်ချင်း မထပေ။ ညာလက်ကိုမြှောက်ပြီး ပြင်းပြင်းထန်ထန် ကျိန်ဆို လိုက်သည်။

"ရှောင်ချင်.. ငါ့ဝိညာဉ်၊ ငါ့မိန်းမနဲ့ ငါ့သမီးကို တိုင်တည်ပြီး ကျိန်ဆိုပါတယ်။ ဒီဘဝမှာ ရှောင်ချင်အတွက် သစ္စာ ရှိပါမယ်.... တကယ်လို့ ဖောက်ဖျက်ခဲ့ပါက တမလွန်ဘဝမှာ ရှိတဲ့ ငါ့မိန်းမနဲ့ ငါ့သမီးက ငြိမ်းချမ်းမှု မရပါစေနဲ့......."

ဒေါင်ဖန်ဟွမ်က သူ့မိန်းမနှင့် သူ့သမီးကို အလွန် တန်ဖိုးထားသဖြင့် ပြင်းထန်သော ထိုကျိန်ဆိုမှုက အလွန် လေးနက်သည်ဟု ပြောရမည်။

"အင်း.."

"ထတော့....."

ချင်ယန်က လက်ကို ဆန့်တန်းပြီး ဒေါင်ဖန်ဟွမ်ကို ဆွဲထူ ပေးလိုက်သည်။ ဒေါင်ဖန်ဟွမ်က အဆင့် (၇) ခမ္ဘ ကလေးငယ် နယ်ပယ် တန်ခိုးရှင် တစ်ယောက်ပင်......

ခမ္ဘ ကလေးငယ် နယ်ပယ် တန်ခိုးရှင်များ ဖြစ်ကြသည့် ကျန်းစွန်းရှန်းနှင့် ဒေါင်ဖန်ဟွမ် တို့နှစ်ယောက်လုံးက ချင်ယန်၏ သန်မာသော အင်အားစုများပင်.......

ထို့အပြင် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် ကိုးယောက်လည်း ရှိနေသေးသည်။

ကျန်းစွန်းရှန်းတို့အဖွဲ့ ယခင်က ရှာဖွေခဲ့သော လူငါးယောက်နှင့် နောက်တိုး လေးယောက် ထပ်ရှိလာသောကြောင့် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင်က စုစုပေါင်း ကိုးယောက် ရှိနေပြီး သူတို့ထဲတွင် အားအနည်းဆုံးက ယွမ်ဒန် နယ်ပယ် အဆင့် (၆) ဖြစ်သည်။

“ဒေါင်ဖန်ဟွမ်.... ဘယ်လောက်ပဲ ခက်ခဲပါစေ မင်းရဲ့ ကျင့်ကြံခြင်း အဆင့်ကို အခြေခံအောင် လုပ်ထားလိုက်.....”

“ဟုတ်ကဲ့ပါ.. ရှောင်ချင်...”

ချင်ယန်က လေ့ကျင့်ရေး အခန်းထဲမှ ပြန်ထွက်လာသောအခါ ဟွာဝမ်ရိုက သူ့ထံ အမြန် ရောက်လာပြီး.....

"သူဌေး... ချူယွီ ပြန်ရောက်လာပြီ..... ပြီးတော့ မိန်းမလှလေး တစ်ယောက်လည်း ပါလာတယ်။ အဲ့ဒါ ပေါင်ရိုလား..."

ချူယွီက ဝမ်ဖူရှေ့မှ ထွက်ခွာလာသောအခါ ပေါင်ရိုနောက် လိုက်သွားသည်။

ချူယွီက သူမနောက် လိုက်သင့်သည်ဟု ပေါင်ရိုက ပြောခဲ့ပြီး မျက်စိတစ်မှိတ် အတွင်းမှာပင် ချူယွီကို ခေါ်ဆောင်ပြီး ထွက်ခွာ သွားခဲ့သည်။

ဒါက ဝမ်ဖူရှေ့တွင် သူမက လိမ်ပြောရုံသက်သက် လိမ်ခဲ့ခြင်း မဟုတ်ပေဘူးလော......

"ဘာဖြစ်လို့ ပေါင်ရိုက ပြန်လာတာလဲ..."

ချင်ယန် ခေါင်းကိုက်နေသည်။ ပေါင်ရိုနှင့် အမှန်တကယ် မထိတွေ့၊ မဆက်ဆံချင်ပေ။ အကယ်၍ သူတို့နှစ်ယောက်၏ ဆက်ဆံရေး အဆင်ပြေပြီး ပေါင်ရိုက သူ့ကို ချမ်မိသွားကာ

ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့လျှင်ပင် မည်ကဲ့သို့ လုပ်ရမည်နည်း။

အကယ်၍ ဆက်ဆံရေး အဆင်မပြေပါက ပေါင်ရိုက သူ့ကို နောက်တစ်ကြိမ် ကျိန်ဆဲခဲ့လျှင် မည်ကဲ့သို့ လုပ်ရမည်နည်း......။ နှစ်လုံးတည်းနှင့် ဘောင်ဘီကြပ်သည် ဆိုတာက ဒါမျိုးကို ပြောခြင်း ဖြစ်နိုင်သည်။

ချင်ယန်သည် ရှံဖန်ရှံခါ အိမ်သာ သွားမိသည့် အခါတိုင်း အနည်းငယ် ကြောက်လန့် နေခဲ့မိသည်။ အကယ်၍ ပေါင်ရို၏ ကျိန်စာက သူ့ညီလေး

သေးပါစေဟု မဟုတ်ဘဲ ပျောက်ကွယ် သွားပါစေဟု ကျိန်ဆဲခဲ့လျှင် မည်ကဲ့သို့ လုပ်ရမည်နည်း.......

အကောင်းဆုံး နည်းလမ်းက ပေါင်ရိုနှင့် ထိတွေ့ ဆက်ဆံမှုနည်းအောင် တတ်နိုင်သမျှ မဆက်ဆံခြင်းသာ ဖြစ်လိမ့်မည်ဟု ချင်ယန်က ထင်နေသည်။

"ငါ ဒီမှာ မရှိဘူးလို့ ပြောလိုက်သည်။

"သူမက ချူယွီကို ဒီပြန်လာ ပို့ကတည်းက လူအရင် လွှတ်ပြီး စုံစမ်းပြီးပြီ....."

ချင်ယန်က တော်တော်လေး မျက်မှောင်ကြုတ်နေသည်။

ဟွာဝမ်ရိုက.....

"ချင်ယန်... ကြည့်ရတာ ပေါင်ရိုက ချူယွီကို ပြန်လာပို့ရုံပဲ မဟုတ်ဘဲ.. နင်နဲ့ တစ်ခုခု ဆွေးနွေးစရာ ရှိနေတယ် ထင်တယ်..."

"ကောင်းပြီလေ....."

ချင်ယန်က ဧည့်ခန်းထဲ ရောက်လာသည်။

"ပေါင်ရို၊ ပြောစရာ ရှိရင် မြန်မြန်ပြောပြီး ထွက်သွားတော့...."

ချင်ယန်က  အေးစက်စွာ ပြောလိုက်သည်။

ပေါင်ရိုက ချင်ယန်ကို ဒေါသတကြီး ပြန်စိုက်ကြည့်ပြီး နှာခေါင်းတစ်ချက် ရှုံ့လိုက်ကာ.....

"ချင်ယန်... နင်က ဘုရားပြီး ငြိမ်းဖျက်တဲ့ လူစားမျိုးပဲ... လိုရာပန်းတိုင် ရောက်တာနဲ့ ကျေးဇူးရှင်ကို ကျေးစွပ်တဲ့ လူပဲ။ ထားလိုက်ပါတော့..."

ချင်ယန်က လက်မြောက်လိုက်ပြီး.....

“ဟုတ်ပါပြီ.... ပေါက်ကရ စကားတွေလည်း တော်တော်လေး ပြောပြီးပြီ..... ဘာပြောချင်လဲ မြန်မြန်ပြော.... မင်းနဲ့စကား အများကြီး မပြောချင်ဘူး....”

“ငါလည်း နင်နဲ့ အရည်မရ၊ အဖက်မရ ပြောဖို့ စိတ်မပါ ပါဘူး...”

“ချူယွီက နောက်ပိုင်း ငါနဲ့ အတူတူ ရှိနေလိမ့်မယ်....”

ပေါင်ရိုက တိုက်ရိုက် ပြောလိုက်သည်။

ချင်ယန်က မျက်လုံး ပြူးလိုက်ပြီး...

"မရဘူး...."

ချူယွီက ပေါင်ရိုနောက် လိုက်သွားမည် ဆိုပါက နောက်ပိုင်းတွင် ပေါင်ရိုနှင့် အများကြီး ဆက်ဆံရလိမ့်မည်။ ဒီကိစ္စမျိုးကို ချင်ယန်က မလိုလားပေ။

"ဟွန့်..... မရဘူးလို့ နင်က ပြောနိုင်လို့လား...."

"ဒီကိုလာပြီး နင့်ကို လာပြောတယ် ဆိုတာက နင့်ဆီက ခွင့်ပြုချက် လာတောင်းတာ

မဟုတ်ဘူး..... အသိ လာပေးတာ... ချူယွီအတွက် နင်က ဘာမှ မဟုတ်ဘူး......”

ပေါင်ရိုက မျက်စောင်းထိုးပြီး ပြောလိုက်သည်။ သူမ ပြောသည်ကလည်း မမှားပေ။

ချင်ယန်က စကားလုံးများ ပျောက်ရှနေသည်။ သူနှင့် ချူယွီက သူငယ်ချင်းများသာ ဖြစ်သည်။ ချူယွီအတွက် ရွေးချယ်စရာ တစ်ခု ရှိသေးသည်။ သူက ချူယွီ၏ သခင် လုပ်နိုင်မည်လော.......

ထိုအချက်မှ လွဲ၍ ပေါင်ရိုနောက်သို့ လိုက်ခြင်းက ချူယွီအတွက် ကောင်းမွန်သော

ကိစ္စတစ်ခု ဖြစ်သည်။ ပေါင်မိသားစုက အင်အား တောင့်တင်းသဖြင့် ပေါင်ရိုနောက်သို့ လိုက်ခြင်းက ချူယွီ့ ဘဝအတွက် အာမခံချက် ရှိသည်။

ထို့အပြင် ပေါင်ရို၏ စိတ်နေ သဘောထားကြောင့် ချူယွီ့အတွက် မဆိုးနိုင်ပေ။

"ချူယွီ့.... နင့်ဘာသာ နင် ပြောအုံးလေ....."

"ချူယွီ့က မပွင့်တပွင့် လေသံလေးနှင့်.......

"အစ်ကိုချင်... အရင်က ငါ့ကို ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီတစ်ခါလည်း ငါ့ကို

ကယ်ပေးလို့ ကျေးဇူးတင်ပါတယ်။ တစ်နေ့ကျရင် အစ်ကို့ကို ပြန်ပြီး အကူအညီ ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်. ဒါပေမဲ့ အစ်ကို ဘေးနားမှာ နေရင် ဆွဲချနေသလိုပဲ ဖြစ်နေလိမ့်မယ်..... ပြီးတော့ ပေါင်ရိုကလည်း ငါ့အပေါ် အရမ်းကောင်းတယ်...”

ချူယွီက ထိုစကားပြောနေရင်း သတ္တိစုပြီး ချင်ယန်ကို ကြည့်လိုက်သည်။ ချင်ယန်ကို ကြည့်နေသော သူမ အကြည့်များက အနည်းငယ် ထူးဆန်းနေသည်။

ဟွာဝမ်ရိုနှင့် ရှန်းယုလင်းတို့က အနားတွင် ရှိနေသဖြင့် ချူယွီက ချင်ယန်ကို သဘောကျနေကြောင်း ရုတ်တရုတ် သဘောပေါက် ပေါက်သွားကြသည်။

"မင်းက ဆုံးဖြတ်ချက် ချပြီးပြီဆိုမှတော့ မင်းရဲ့ ဆုံးဖြတ်ချက်ကို ငါ လေစားပါတယ်...."

ချင်ယန်က ခဏ္ဍမျှ တိတ်ဆိတ် သွားပြီးနောက် ပြန်ပြောလိုက်သည်။

ပေါင်ရိုနောက်သို့ ချူယွီ လိုက်သွားခြင်းက ကောင်းမွန်သော ကိစ္စတစ်ခုသာ ဖြစ်သည်။

'ငါ့ဘက်ပဲ နည်းနည်းလေး ဂရုစိုက်ဖို့ပဲ လိုပါတယ်လေ....'

## အခန်း(၃၂၉) - သွေးမျိုးဆက် တစ်ရာခိုင်နှုန်း

နောက်ဆုံးတွင် လူငယ် သိုင်းပညာ ညီလာခံကို လူဦးရေ သောင်းဂဏန်းနှင့် စတင်ခဲ့သည်။

ချင်ယန်၊ ဟွာဝမ်ရိုနှင့် လောင်လန်နာ တို့က စာရင်း သွင်းခဲ့ပြီး ရှောင်ကျူဝမ်နှင့် ကျန်သည့် လူများကိုမူ ချင်ယန်က စာရင်းသွင်းခွင့် မပေးခဲ့ပေ။

ရှောင်ကျူဝမ်၊ ရှန်းယုလင်း၊ ရှောင်ကျူယင်နှင့် ဝေ့ရှစ်ယွင်တို့က စာရင်းသွင်းမည့် ဆိုလျှင် ထိပ်တန်း အယောက် (၁၀၀) ထဲ ပါဝင်နိုင်သည်။

ယခု လက်ရှိတွင် ဝေ့ရှစ်ယွင်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၁) ရောက်နေသည်။ ရှောင်ကျူဝမ်က ယွမ်ဟူနယ်ပယ် အဆင့် (၉) ရှိပြီး ရှောင်ကျူယင်နှင့် ရှန်းယုလင်းတို့က ယွမ်ဟူနယ်ပယ် အဆင့် (၃) ရှိကြသည်။

ရှောင်ကျူယင်နှင့် ရှန်းယုလင်းတို့က ကျန်းရီထက် ကျင့်ကြံခြင်း အဆင့် အားနည်း သော်လည်း

သူမတို့၏ သိုင်းဝိညာဉ်က သန်မာပြီး ကျင်ကြံ့ခြင်း ကျင့်စဉ်က ကောင်းမွန်သောကြောင့် သူမတို့၏ တိုက်ခိုက်ရေး အစွမ်းက အလွန် အားကောင်းသည်။

အမှန်တကယ် တိုက်ခိုက်ကြမည် ဆိုလျှင် ကျန်ရီက သူမတို့ကို အနိုင်ယူနိုင်မည် မဟုတ်ပေ။ ရှန်းယုလင်းနှင့် ရှောင်ကျူယင်တို့၏ တိုက်ခိုက် အစွမ်းက သာမန် ယွမ်ဟူနယ်ပယ် အဆင့် (၉) တန်ခိုးရှင်ထက် အားနည်းခြင်း မရှိပေ။

သို့သော် သူမတို့က ငယ်ရွယ်သေးသည်။

“လူတွေ အများကြီးပဲ....”

"ချင်ယန်.... ငါတို့က အခု တက်သွား ရမှာလား...."

ချင်ယန်၊ လောင်လန်နာနှင့် ဟွာဝမ်ရိုက စမ်းသပ်မှု ဂိတ်နားသို့ ရောက်နေကြသည်။ ထိပ်ဆုံး အယောက် တစ်သောင်းထဲ ပါဝင်သည့် လူများက ထိပ်တန်း အယောက် (၁၀၀) နေရာအတွက် ပါဝင် ယှဉ်ပြိုင်ရန် အရည်အချင်း ပြည့်မီကြသည်။

ယခုအခါ လူရေအတွက် တစ်သောင်းကို တော်တော်လေး ကျော်နေသေးသည်။

ကြီးမားသော ရင်ပြင်ကြီးထဲတွင် လူပေါင်း တစ်သန်းကျော် စုဝေးနေကြပြီး ရင်ပြင်၏ တစ်ဘက်ဘက်ခြမ်းတွင် လူတော်တော် များများ စုဝေး နေကြသည်။ အကဲဖြတ်မှုထဲတွင် အနည်းဆုံး သုံးသန်းကျော် ပါဝင်ခဲ့သည်ဟု ခန့်မှန်းခဲ့သော်လည်း လူအများစုက ဒီနေရာတွင် ရှိနေ ကြသေးသည်။ သူတို့အားလုံးက အပျော်သဘောနှင့် ပါဝင် နေကြခြင်းပင်...

ရင်ပြင်ကြီး၏ အလယ် တည့်တည့်တွင် စက်ဝိုင်းပုံစံ ကြီးမားသော စင်မြင့်ကြီး တစ်ခု

ရှိသည်။ ထိုစင်မြင့် ပတ်ပတ်လည်ရှိ လူသွားစင်္ကြံပေါ်တွင် လမ်းလျှောက်ရန် မလွယ်ကူပေ။ ထိုစင်္ကြံပေါ်တွင် နေ့တဝက် နေနိုင်သည့် လူတစ်သောင်းက စမ်းသပ်မှုကို နောက်ဆုံး အောင်မြင်သော လူတစ်သောင်း ဖြစ်လာလိမ့်မည်။

အကယ်၍ ထိုနေရာတွင် လူအရေအတွက် တစ်သောင်းထက် ကျော်လွန်နေပါက အစီအရင်၏ တားမြစ် စွမ်းအားက အလိုလို ပြင်းထန်လာပြီး တောင့်မခံနိုင်သည့် လူများက အလိုလို နှုတ်ထွက်သွားလိမ့်မည်။

အရင်တက်သွားသည့် လူများက ဖိအာအောက်တွင် အချိန်ကြာကြာ နေရသည်ဟု အချို့လူများက ပြောနေကြသည်။

ထိုကဲ့သို့ မဟုတ်ပေ။

စင်မြင့်ပေါ်တွင် စိတ်ဝိညာဉ်ချီ လုံလုံလောက်လောက် ကြွယ်ဝနေပြီး တိုက်ခိုက်ခြင်း မရှိပါက ကုန်ဆုံးသည့် နှုန်းထက်ပင် ပိုနေသေးသည်။

အချို့လူများက အသက်ကြီးပြီး အချို့လူများက အသက်ငယ် နေသဖြင့် တရားမျှတမှု မရှိဘူးဟု ပြောနိုင်သည်။

ဒါက မတရားပေ။

အသက်လု တိုက်ပွဲ တိုက်ခိုက် ရသောအခါ မင်းအသက်ကို မည်သည့် ရန်သူကမှ ဂရုမစိုက်ကြပေ။

ထို့အပြင် လူတိုင်းက တစ်ချိန်တွင် အသက်ကြီးလာ ကြမည်သာ..... အခုအချိန် တက်ရခြင်းက မတရားဘူးဟု ထင်လျှင် အနည်းငယ် ထပ်စောင့်ပြီး နောင်တစ်ကြိမ် ကျင်းပမည့် လူငယ် သိုင်းပညာ ညီလာခံတွင် ဝင်ရောက် ယှဉ်ပြိုင် နိုင်သည်။

ယခုလက်ရှိတွင် ပမာဏ အကဲဖြတ်မှု တစ်ခုသာ ဖြစ်သေးသဖြင့် လီလျူ ကောင်းကင်ဘုံ နန်းတော်က ထိုမှ အလုပ်ရှုပ်ခံမည် မဟုတ်ချေ။ အမှန်ပင် နောက်ဆုံး လူ အယောက်တစ်ရာ ဇကာတင် စာရင်းထဲ ပါလာသောအခါ အသက်အရွယ်ကို သေချာပေါက် ထည့်သွင်း စဉ်းစားလိမ့်မည်။

ဥပမာ ဆိုလျှင် ရှန်းယုလင်းနှင့် အခြားသူများက ထိပ်တန်း အယောက် တစ်ရာထဲ ပါဝင်သွားမည် ဆိုပါက သူမတို့၏ ငယ်ရွယ်မှုကို ထည့်သွင်း

စဉ်းစားပြီး သူမတို့၏ အဆင့်က ထိပ်ဆုံး အယောက် (၅၀) ထဲ ပါဝင် သွားနိုင်သည်။

"အလျှင် မလိုဘူး..."

ချင်ယန်၏ မျက်လုံးက တလက်လက် တောက်ပနေသည်။ ယခု လက်ရှိတွင် ယမ်ဟိုင် နယ်ပယ် တန်ခိုးရှင်များနှင့် ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် တော်တော်များများက ထိုပြိုင်ပွဲထဲ ပါဝင်ရန် ဒီနေရာသို့ ရောက်ရှိ နေကြသည်။

သူတို့က အသက် (၃၀) ကျော်နေသဖြင့် ပါဝင်ရန် အရည်အချင်း မပြည့်မီသော်လည်း ပါဝင်မည့် အငယ်လေးများက သူတို့တွင် ရှိနေကြသေးသည်။

ချင်ယန်အတွက်မူ ဒါက ကြုံတောင့်ကြုံခဲ ရှားရှားပါးပါး အခွင့်အရေးကြီးပင်....

တန်ခိုးရှင်က ပိုမို အစွမ်းထက်သည်နှင့် အမျှ တစ်ဖက်လူ၏ သွေးအပြစ်ကို ရှာတွေ့ရန် ပိုမို ခက်ခဲသည်။ ချင်ယန် အာရုံခံနိုင်သော အကွာအဝေးကလည်း အကန့်အသတ် ရှိနေသည်။

ချမ်ဂျူးမြို့တွင် ဆိုလျှင် ချင်ယန်က နေရာတိုင်း ပြေးလွှားပြီး ဆယ်ရက်အတွင်း သွေးအပြစ်သင့်နေသည့် လူများကို သတ်ဖြတ် ပစ်နိုင်သည်။

သို့သော် လီလျူ သန့်ရှင်းမြို့သို့ ရောက်သောအခါ ချင်ယန်က ထိုကဲ့သို့ လုပ်ချင်လျှင် အနည်းဆုံး တစ်နှစ်ခွဲခန့် အချိန်ယူရလိမ့်မည်။ ထိုကဲ့သို့ လုပ်လျှင်ပင် မဖြစ်နိုင်ချေ။

ထို တန်ခိုးရှင်များက ရုပ်သေးရုပ်များ မဟုတ်ပေ။

အာရုခံ ရှာဖွေခြင်းက ထိရောက်မှု နည်းပါးလွန်းသည်။

ယနေ့တွင် တန်ခိုးရှင် တော်တော်များများ စုဝေးလျက် ရှိနေသည်။ ချင်ယန်သာ ရင်ပြင်ထဲတွင် လှည့်ပတ် သွားလာနေမည် ဆိုလျှင် သွေးအပြစ် သင့်နေသည့် တန်ခိုးရှင်များကို ရှာတွေ့နိုင်သည်။

အကယ်၍ အကွာအဝေး လုံလောက်နေမည် ဆိုပါက ဓမ္မကလေးငယ် အဆင့် တန်ခိုးရှင် ဖြစ်နေပါစေ ချင်ယန်က သွေးအပြစ်သင့် နေခြင်း ရှိ၊ မရှိကို အာရုံ ခံနိုင်သည်။

"လျှောက်မသွားနဲ့နော်... ခဏလောက် လှည့်ပတ် ကြည့်လိုက်အုံးမယ်..."

ရင်ပြင်က အလွန် ကြီးမားသည်။ ချင်ယန်က လှည့်ပတ် သွားလာရင်း ပစ်မှတ်ကို မှတ်သားထားပြီး စိတ်ထဲတွင် သိမ်းဆည်း ထားလိုက်သည်။ ပစ်မှတ်ကို တွေ့သော်လည်း ဒီနေရာတွင် လှုပ်ရှားရန် မသင့်တော်ပေ။

အချိန်များ ကုန်လွန် လာသည်နှင့် အမျှ ချင်ယန်က စိတ်လှုပ်ရှားလာသည်။ လူငယ် သိုင်းပညာ ညီလာခံဟူသော နာမည်နှင့် ထိုက်တန် ပါပေသည်။ ဒီနေရာကို လာရောက်ရန် တန်ခိုးရှင် တော်တော်များများကို ဆွဲဆောင် နိုင်ခဲ့သည်။

ထုံးစံအတိုင်း သူတို့ထဲတွင် သွေးအပြစ်သင့်နေသော တန်ခိုးရှင် တော်တော်များများလည်း ပါလာကြသည်။ သူတို့ အားလုံးကို သတ်လိုက်မည်ဆိုပါက ချင်ယန်အတွက် ကုသိုလ် စွမ်းအား လုံလောက် သွားလိမ့်မည်။

ယခု တစ်ကြိမ်တွင် ချင်ယန်က ကျင့်ကြံခြင်းအခြေခံ တိုက်ရိုက် တိုးမြင့်ရန် မရည်ရွယ်ထားပေ။ ရရှိလာမည့် ကုသိုလ် စွမ်းအားများကို ကောင်းကင်ဘုံ သွေးသစ်ခွ အသုံးပြုသောအခါ ပိုမို အထောက်အပံ့ ရလာအောင်

အသုံးပြုရန်သာ ရည်ရွယ်ထားသည်။ ထို့ကြောင့် သူ၏ ပင်ကိုယ် ပါရမီကို မြှင့်တင်ရန် ရည်ရွယ်ထားသည်ဟု ပြောရမည်။ ပင်ကိုယ် ပါရမီ မြှင့်တင်ခြင်းက ကျင့်ကြံခြင်း အဆင့် တိုက်ရိုက် မြှင့်တင်ခြင်းထက် ပို အရေးကြီးသည်။

"လန်နာ.. သူဒွေး ဘာလုပ်နေတယ် ထင်လဲ…."

"တစ်ယောက်ယောက်ကို လိုက်ရှာ နေတယ်လို့ ထင်တာပဲ….."

ဟွာဝမ်ရှိနှင့် လောင်လန်နာ တို့က သူမတို့ အချင်းချင်း အသံပို့လွှတ်ပြီး ပြောဆိုနေကြသည်။

နာရီပေါင်းများစွာ ကြာမြင့်ခဲ့ပြီး အကဲဖြတ်မှု အချိန်ကလည်း တော်တော်လေး ကုန်ဆုံး လာခဲ့သည်။

ထိုအချိန်တွင် လူတစ်ယောက်က နောက်တစ်ကြိမ် ပြန်ရောက်လာသည်။

လူရာနှင့်ချီ ရှိနေပြီး အရှိန်အဟုန်က မသေးငယ်လှပေ။

ခေါင်းဆောင်က ရွှေရောင် ဝတ်စုံနှင့် လူငယ်တစ်ယောက် ဖြစ်ပြီး သူ့အမူအရာက အလွန် မောက်မာလွန်းသည်။

သူ့အော်ရာကလည်း အလွန် ပြင်းထန်လှသည်။

"ကြည့်စမ်းပါအုံး.... ဂိုဏ်းသခင်လေး ကျင်ပောင်ရှူ....."

"တကယ့်ကို ခံညားတာပဲ။ ငါကြားတာတော့ ဂိုဏ်းသခင်လေး ကျင်က အသက် (၃၀) မပြည့်သေးဘူးလို့ ကြားတယ်။ ကြည့်ရတာ ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) ရောက်နေပြီ ဆိုတဲ့ သတင်းကလည်း အမှန် ထင်တယ်..."

“အမှန်ပဲ ဖြစ်မှာပေါ့...... သူ့ ပင်ကိုယ် ပါရမီက အရမ်းကောင်းတယ်။ ဒါကြောင့်လည်း ဂိုဏ်းသခင်လေး ဖြစ်နေတာပေါ့....”

“အဆင့် သတ်မှတ်ချက်မှာ သူပဲ ပထမ ဖြစ်လိမ့်မယ်.....”

“ပထမ နေရာတော့ အတပ် မပြောနိုင်ဘူး... ဒါပေမဲ့ ထိပ်ဆုံး သုံးယောက်ထဲတော့ သေချာတယ်....”

လူတော်တော် များများက တက်တက်ကြွကြွ ဆွေးနွေး နေကြပြီး လောင်လန်နာနှင့် ဟွာဝမ်ရိုတိုကလည်း သူ့ကို ကြည့်နေကြသည်။

ထိုအချိန်တွင် ကျင်ဟောင်ရှု၏ စူးရှသော မျက်လုံးများကလည်း လောင်လန်နာကို စိုက်ကြည့်နေသည်။

လောင်လန်နာတွင် နတ်သူငယ် သွေးမျိုးဆက် ရှိနေကြောင်း ကောင်းဟောင်ခန်းထဲမှ ကျင်ဟောင်ရှု သိရှိထားသည်။

"လောင်လန်နာ... နင့်ကို စောင့်ကြည့်နေတဲ့ ပုံပဲ..."

ဟွာဝမ်ရိုက အသံထုတ်လွှင့်ပြီး ပြောလိုက်သည်။ လောင်လန်နာက အနည်းငယ် မျက်နှာ ပျက်နေသည်။ ကောင်းဟောင်ခန်းနှင့် အခြားလူများက ကျင် ဂိုဏ်းသခင်လေးအား ကူညီပေးနေသည့် အကြောင်းကို ချင်ယန်က သူမကို ပြန်လည် ပြောပြခဲ့ဖူးသည်။

"စစ်ဆေး ကြည့်လိုက်...."

"မှော် သွေးမျိုးဆက် ဘယ်လောက်ပါလဲ ဆိုတာ စစ်ဆေးလိုက်..."

ကျင်ဟောင်ရှုက အသံပို့လွှတ်ပြီး ပြောလိုက်ရာ သူ့ဘေးနားမှ အဘိုးအိုက ခေါင်းညိတ်လိုက်သည်။ ထိုအဘိုးအို၏ ကျင့်ကြံခြင်း အဆင့်က ဓမ္မကလေးငယ် အဆင့်တွင် ရှိနေသည်။

နတ်သူငယ် ဖြစ်စေ၊ လူသား ဖြစ်စေ ဒီနေရာတွင် ဖော်ပြထားသော သွေးမျိုးဆက်က သာမန် သွေးမျိုးဆက် မဟုတ်ပေ။ ဒါက ရှေးခတ် နတ်သူငယ် နတ်ဘုရားများ၏ သွေးမျိုးဆက်

ဖြစ်သည်။ အပုံတစ်ထောင်ပုံ တစ်ပုံ ရှိနေသရွေ့ နတ်သူငယ် နတ်ဘုရား သွေးမျိုးဆက် ရှိနေသည်ဟု ပြောနိုင်သည်။

အပုံတစ်ထောင်ပုံ၊ တစ်ပုံ ရောက်နေပါက ကောင်းမွန် လှသည်။

တစ်ရာ ရာခိုင်နှုန်း မအောင်မြင်သော်လည်း အလွန် အင်မတန် ကောင်းမွန်နေပြီ ဖြစ်သည်။

ကောင်းတန်ယုတွင် ရှိသော ရတနာက မှော်သွေးမျိုးဆက် ပါဝင်မှု ရှိ၊ မရှိကိုသာ တိုင်းတာ

ပေးနိုင်သည်။ အကယ်၍ အပုံ တစ်သောင်းပုံ၊ တစ်ပုံ ဖြစ်နေလည်း ပြဿ နေမည်သာ....

ကျင်ပောင်ရှု၏ ရတနာက ပိုမို သန်မာသည်။ လူတစ်ယောက်၏ သွေးမျိုးဆက်က တစ်ရာခိုင်နှုန်းထက် ပိုနေလားဟုပင် တိုင်းတာနိုင်သည်။

အကယ်၍ တစ်ရာခိုင်နှုန်းထက် ကျော်လွန်နေမည်ဆိုပါက ပိုမို တိကျစွာ တိုင်းတာရန် တစ်ဖက်လူ၏ သွေးကို လိုအပ်သည်။

ယခုလက်ရှိတွင် ကျင်ဟောင်ရှုနှင့် အခြားလူများက လူသားများနှင့် နတ်သူငယ်များကို ဖမ်းထားကြသည်။ နတ်သူငယ် များထဲတွင် သွေးမျိုးဆက် ပါဝင်မှု အပုံတစ်ထောင်ပုံ၊ တစ်ပုံ ရှိခဲ့သည်။ သူတို့ထဲတွင် အလွန် နည်းပါးသော လူများကသာ တစ်ရာခိုင်နှုန်း ရှိကြသည်။

အမှန်ပင်.. သူတို့က တစ်ယောက်မှ မရသေးပေ။

“ဒီဒီ…”

ယခု နေရာတွင် မှော်သွေးမျိုးဆက် ပိုင်ဆိုင်ထားသည့် လူတစ်ယောက် ရှိနေကြောင်း ရတနာက လျှင်မြန်စွာ သတိပေးနေသည်။

ထိုအဘိုးအို၏ လက်ထဲတွင် သံလိုက်အိမ်မြှောင်နှင့် တူသော ရတနာတစ်ခု ရှိနေပြီး လက်တံက အပုံတစ်ထောင်ပုံ၊ တစ်ပုံကို ညွှန်ပြနေသည်။

"ဂိုဏ်းသခင်လေး..... သွေးမျိုးဆက် ပါဝင်မှုက အပုံတစ်ထောင်ပုံ၊ တစ်ပုံ ကျော်သွားပြီ.."

"မပြီးသေးဘူး....."

ထိုအဘိုးအို၏ မျက်လုံးများက လက်တံကို စိုက်ကြည့်နေရာ လက်တံ ညွှန်ပြနေသော အရာက လောင်လန်နာ၏ သွေးမျိုးဆက် ပါဝင်မှုက တစ်ရာခိုင်နှုန်းသသို့ ရောက်ရှိသွားသည်။

ဆယ်စက္ကန့်ပြီးနောက်.....

ထိုအဘိုးအို၏ နှလုံးခုန်သံက မြန်ဆန် လာသည်။

"ဂိုဏ်းသခင်လေး.... တစ်ရာခိုင်နှုန်း... လောင်လန်နာရဲ့ သွေးမျိုးဆက် ပါဝင်မှုက တစ်ရာခိုင်နှုန်း ရောက်သွားပြီ....."

အဘိုးအိုက အသံပို့လွှတ်ပြီး ပြောလိုက်သော အသံက အလွန် စိတ်လှုပ်ရှား နေသည်။ အချိန်အတော်ပေးပြီး ရှာဖွေခဲ့ကြသည်။ နောက်ဆုံးတွင် သွေးမျိုးဆက် တစ်ရာခိုင်နှုန်း ပါဝင်သော လူတစ်ယောက်ကို ရှာတွေခဲ့ပြီ.....

"သေချာလား...."

ကျင်ဟောင်ရှူက သံသယ မျက်လုံးများနှင့် လောင်လန်နာကို စိုက်ကြည့်နေသည်။

လောင်လန်နာတွင် နတ်သူငယ် သွေးမျိုးဆက် တစ်ရာခိုင်နှုန်း ပါဝင်နေသောကြောင့် သာမန် ရုပ်ရည်မျိုးတော့ မဖြစ်သင့်ပေ။

နတ်သူငယ် သွေးမျိုးဆက် ပိုင်ဆိုင်ထားသည့် လူများက အခြေခံအားဖြင့် ရုပ်မဆိုးကြပေ။ လောင်လန်နာ၏ ပုံစံက ရုပ်ဆိုးခြင်း မရှိသော်လည်း သူမ မျက်နှာက သာမန် ဖြစ်လွန်းနေသည်။

အဘိုးအိုက လောင်လန်နာကို စိုက်ကြည့်နေရင်း သူ့မျက်လုံးက တလက်လက် တောက်ပလာပြီး....

"ဂိုဏ်းသခင်လေး...... လောင်လန်နာက သူမ ရုပ်ရည်ကို ဖုံးကွယ်ဖို့ တစ်ခုခု အသုံးပြုထားတာ။ ပြီးတော့ သူ့ဘေးနား အမျိုးသမီးလည်း အတူတူပဲ..."

ကျင်ဟောင်ရှု၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာသည်။

ဒါ အမှန်ပင်.....

## အခန်း(၃၃၀) - ကျင်ဟောင်ရှု......

ကျင်ဟောင်ရှုက လောင်လန်လာနှင့် ဟွာဝမ်ရိုတို့ ရှိနေသည့် နေရာသို့ တည့်တည့် လျှောက်သွားသဖြင့် ကျန်သည့်လူများက ဝိုင်းကြည့် နေကြသည်။

မီးလျှံကြီး ဂိုဏ်း ( ကျင်ယန်) က ကြယ်ခုနှစ်ပွင့် အင်အားစု ဖြစ်ပြီး ကျင်ဟောင်ရှုက မီးလျှံကြီး ဂိုဏ်းမှ ဂိုဏ်းသခင်လေး ဖြစ်နေသဖြင့် သူတို့ စော်ကားနိုင်သည့် လူမျိုး မဟုတ်ပေ။

"လောင်လန်နာလား..."

ကျင်ဟောင်ရှုက လောင်လန်နာနှင့် ဟွာဝမ်ရိုတို့ ရှေ့တွင် မတ်တပ်ရပ်လိုက်ပြီး အထက်စီးဆန်သော အကြည့်နှင့် လောင်လန်နာကို ကြည့်ကာ မေးလိုက်သည်။

"ငါပဲ...."

လောင်လန်နာက ဖြည်းဖြည်းခြင်း ခေါင်းညိတ်ပြီး ပြန်ဖြေလိုက်သည်။

ကျင်ဟောင်ရှုက ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

“အခုအချိန်ကစပြီး.. မင်းက ငါ့လူပဲ... ငါ့နောက်လိုက်ရမယ် နားလည်လား.......”

ရုတ်တရက် ဆိုသလို ပတ်ဝန်းကျင်ရှိ လူများ၏ မျက်လုံးထဲတွင် မနာမှုနှင့် အားကျမှု အရိပ်အယောင်များ ပေါ်လာသည်။

အထူးသဖြင့် အမျိုးသမီး အချို့ပင်.....

ကျင်ဟောင်ရှုက အရပ်ရှည်သည့် အပြင် တော်တော်လေး ချောမော နေသေးသည်။ သူ့ အဆင့်အတန်းကြောင့် မရေမတွက်နိုင်သော

အမျိုးသမီးများ၏ အိပ်မက်ထဲက မင်းသားလေး ဖြစ်နေသည်။

ကျင်ပောင်ရှု၏ အိမ်ဖော် လုပ်ရမည် ဆိုလျှင်ပင် အမျိုးသမီး တော်တော်များများက သဘောတူ ကြလိမ့်မည်။

"တောင်းပန်ပါတယ်။ ဂိုဏ်းသခင်လေး... အခုလက်ရှိ ငါ့အခြေအနေလည်း ကောင်းပါတယ်။ မင်းနောက် မလိုက်ချင်ဘူး...."

လောင်လန်နာက မျက်မှောင်ကြုတ်ပြီး ငြင်းဆိုလိုက်သည်။

ကျင်ဟောင်ရှူက မျက်ခုံးပင့်သွားပြီး သူ့အသံက အေးစက်လာကာ.....

"လောင်လန်နာ... ဘာ စကား ပြောလိုက်တာလဲ.. ဒီဂိုဏ်းသခင်လေးကို နောက်တစ်ကြိမ် ထပ်ပြောစမ်း...."

"မင်းနဲ့ မလိုက်ချင်ဘူးလို့ ပြောလိုက်တာ...."

လောင်လန်နာက တစ်လုံးခြင်း ပြန်ပြောလိုက်သည်။

"လောင်လန်နှာ.. မင်း ဘာတွေ ပြောနေတာလဲ ဆိုတာ မင်းသိလား....."

"ငါတို့ ဂိုဏ်းသခင်လေးက သူ့နောက်လိုက်ဖို့ မင်းကို ခေါ်နေတယ်။ ဒါ မင်းအတွက် မိုးပေါ်က ကျလာတဲ့ ဆုလဒ်ပဲ။ အဆိုးထဲက အကောင်းလို့ မင်း မပြောနိုင်ဘူးလား...."

ကျင်ဟောင်ရှု ဘေးနားမှ လူငယ်နှစ်ယောက်က တင်းမာစွာ ပြောလိုက်သည်။ သူတို့က ကျင်ဟောင်ရှု၏ လက်အောက် ငယ်သားများပင်။ သူတို့၏ ကျင့်ကြံခြင်း အဆင့်ကလည်း ယွမ်ဟူ

နယ်ပယ် ဖြစ်ရှိကြသဖြင့် ပါရမီရှင်များ ကြားမှာပင် ထူးချွန်သူများဟု သတ်မှတ်နိုင်သည်။

"တောင်းပန်ပါတယ်.. ဂိုဏ်းသခင်လေး...."

လောင်လန်နာက တတိယ အကြိမ်မြောက် ပြတ်သွားစွာ ငြင်းလိုက်သည်။

ကျင်ဟောင်ရှုက စိတ်ထဲတွင် ဒေါသ ထွက်နေသော်လည်း အပေါ်ယံတွင် မျက်နှာက ပြုံးချို နေသေးသည်။ မီးလျှံကြီး ဂိုဏ်း၏ ဂိုဏ်းသခင်လေး အနေနှင့် အခြေခံ အမူအကျင့်ကို ထိန်းသိမ်းရန် လိုအပ်နေသေးသည်။

"အရမ်း ကောင်းတယ်။ ဒီ ဂိုဏ်းသခင်လေးက မင်းကို သဘောကျတယ်...."

"နောက်တစ်ကြိမ် ထပ်စဉ်းစားပါ..... ဒီ ဂိုဏ်းသခင်လေးက မင်း လက်ခံမယ်လို့ ယုံကြည်တယ်....."

ကျင်ဟောင်ရှူက ပြုံးရင်း ပြောလိုက်သည်။

"သွားဒွေး....."

ချင်ယန်က ထိုဘက်ခြမ်းမှ အခြေအနေကို သတိထားမိပြီး လျင်မြန်စွာ ပြန်ရောက်လာသည်။

ဟွာဝမ်ရိုက ကမန်းကတမ်း အရိုအသေ ပေးလိုက်သလို လောင်လန်နာ ကလည်း လှမ်းကြည့်လိုက်သည်။

“မင်က ချင်ယန် ဖြစ်မယ်ထင်တယ်..... မင်းနဲ့ လောင်လန်နာနဲ့ ဆက်ဆံရေးက ဘာလဲ....”

“ဒီဂိုဏ်းသခင်လေးက လောင်လန်နာကို ငါ့နောက် လိုက်စေချင်တယ်.... ဒါကို မင်း ဘယ်လိုမြင်လဲ.....”

ထို့အတူ ကျင်ဟောင်ရှူက ချင်ယန်ထံ အသံပို့လွှတ်ပြီး......

“ချင်ယန်..... နာခံမှု ရှိရှိနဲ့ လောင်လန်လာကို ငါ့နောက်လိုက်ခွင့် ပေးလိုက်..... ဒီလိုမှ မဟုတ်ရင် မင်းအတွက် ဘေးဒုက္ခ ရောက်လာလိမ့်မယ်.....”

“ကျန်းစွန်း မိသားစုက ကျန်းစွန်းရှန်းကို ဓမ္မကလေးငယ် နယ်ပယ် ရောက်အောင် ကူညီပေးနိုင်တာနဲ့ ကိုယ့်ကိုယ် အဟုတ်ကြီး ထင်မနေနဲ့...... ဒီ ဂိုဏ်းသခင်လေး ပါးစပ်က စကား တစ်ခွန်း ပြောလိုက်ရင် ကျန်းစွန်း မိသားစုက နာခံမှုရှိရှိနဲ့ မင်းကို ထောက်ပံ့တော့မှာ မဟုတ်ဘူး။ ကျန်းစွန်းရှန်းက မင်းရဲ့

ပစ္စည်းတွေကိုတောင် ပြန်လု သွားအုံးမှာ။ မင်းရဲ့ ဦးခေါင်းကိုလည်း ဒီဂိုဏ်းသခင်လေးဆီ ဆက်သ လာလိမ့်မယ်.....”

ချင်ယန်၏ မျက်လုံးက ဒေါသစိတ်ကြောင့် တလက်လက် တောက်ပလာသည်။

လူမြင်းကွင်းမှာ ကျင်ဟောင်ရှုကို ဦးညွှတ်ဖို့လား.....

လူမြင်ကွင်းမှာ လောင်လန်နာကို ထားခဲ့ဖို့လား....

ဒီလို လုပ်လိုက်ရင် လောင်လန်နာက သူ့ဘေးနားမှာ အတင်းအကျပ် ဆက်နေမှာ မဟုတ်လား....

ကျင်ဟောင်ရှုက ပါးပါးလေးလေး ပြုံးရင်း ချင်ယန်ကို စိုက်ကြည့်နေသည်။ ချင်ယန်က ဉာဏ်ကောင်းပြီး မှန်ကန်သော ရွေးချယ်မှု လုပ်လိမ့်မည်ဟု သူယုံကြည်သည်။

"လောင်လန်နာက ငါ့ လက်အောက် ငယ်သား... လောင်လန်နာက မင်းကို စိတ်မဝင်စားဘူး.. ငါကလည်း မင်းကို စိတ်မဝင်စားဘူး...."

ချင်ယန်က အရေးမစိုက်သော အမူအရာနှင့် ပြောလိုက်သည်။

ကျင်ဟောင်ရှု၏ မျက်နှာ အမူအရာက ရုတ်တရက် ရုပ်ဆိုးသွားသည်။

လောင်လန်နာကို အခုလေးတင် သူ့ကို ငြင်းပယ်ခဲ့သည်။ ယခုအခါ ချင်ယန်ကလည်း သူ့ကို နောက်တစ်ကြိမ် ထပ်ငြင်းလိုက်သည်။

ယခုလက်ရှိတွင် မျက်လုံးပေါင်း များစွာက သူတို့ကို စောင့်ကြည့်နေသည်။ မျက်လုံးပေါင်း

များစွာ အောက်တွင် သူ့ ဂုဏ်သိက္ခာ ထိပါးသွားသည်ဟု ကျင်ပောင်ရှု ခံစားလိုက် ရသည်။

"ကျွတ်ကျွတ်... အကိုရှုက စကားလည်း မအောင်ဘူး..."

"အစ်ကိုရှု .... မင်းရဲ့ ဆွဲဆောင်မှုက ထင်သလောက် မကောင်းဘူး ထင်တယ်နော်...."

ခပ်လှမ်းလှမ်းမှ လူငယ် နှစ်ယောက်က ထိုအခြေအနေကို သတိထားမိပြီး သူတို့လည်း ရောက်လာကြသည်။ ထိုလူငယ် နှစ်ယောက်လုံးက ကြယ် (၇) ပွင့် အင်အားစုက ဆင်းသက်လာကြခြင်း

ဖြစ်သည်။ တစ်ယောက်က ဆေးဘုရင် နန်းတော်မှ ဆင်းသက်လာခြင်း ဖြစ်ပြီး ဆေးဘုရင် နန်းတော်၏ အတောက်ပဆုံး ပါရမီရှင် တစ်ယောက် ဆိုလည်း မမှားပေ ။ နောက်တစ်ယောက်ကလည်း ကြယ် (၇) ပွင့် အင်အားစု ဓါးသွားတစ်ထောင် ဂိုဏ်းမှ ဆင်းသက်လာခြင်း ဖြစ်သည်။

သူတို့ကလည်း ကြယ် (၇) ပွင့် အင်အားစု၏ အမာခံ ပုံရိပ်များ ဖြစ်ကာ ပါရမီရှင်ကြားမှ ပါရမီရှင်များပင်။ ထိုလူငယ် နှစ်ယောက်က ကျင်ပေါင်ရှုကို မကြောက်ဘဲ ကျင်ပေါင်ရှု၏

အဖြစ်အပျက်ကို မြင်ပြီး ဟာသ ဖောက်နေကြခြင်းပင်။

"ဟွန့်...."

ကျင်ဟောင်ရှူက အေးစက်စွာ နှာခေါင်းရှုံ့လိုက်သည်။

"ချင်ယန်.. မင်း တကယ်ပဲ စိတ်မဝင်စားဘူးလား...."

ကျင်ဟောင်ရှူက အေးစက်စွာ မေးလိုက်သည်။

တစ်ချိန်တည်းမှာပင် ကျင်ပောင်ရှူက အသံပို့လွှတ်ပြီး.......

“ချင်ယန်... ဒီ ဂိုဏ်းသခင်လေးကို နောက်တစ်ကြိမ် ပြင်းဆန်ရဲရင် နောက်တစ်နေ့ နေထွက်တာကို မင်း မမြင်စေရဘူး.. ဒီည သေရမယ်။ မင်းအနားက လူတွေလည်း သေရမယ်။ ကျန်းစွန်းရှန်းကလည်း မင်းအသက်ကို ကယ်တင်နိုင်မှာ မဟုတ်ဘူး....”

လူသတ်ချင်စိတ်ကို ခံစားလိုက် ရသဖြင့် ချင်ယန်၏ မျက်လုံး မှေးသွားသည်။

ကျင်ပောင်ရှူက ဟာသ လုပ်နေခြင်း မဟုတ်ပေ။

သို့သော် မည်သည့် အရေးနည်း.....

ပြန်လည် မွေးဖွားလာသော ချင်ယန်က ကျင်ပောင်ရှူ၏ ခြိမ်းခြောက်မှု လောက်ကို စာမဖွဲ့ပေ။

“ဂိုဏ်းသခင်လေး..... ငါက တကယ် စိတ်မစင်စားဘူးလို့ အတည် ပြောနေတာ.....”

ချင်ယန်၏ လေသံက တင်းမာလာသည်။

ချင်ယန် ပတ်ဝန်းကျင်ရှိ လူများက ချင်ယန်ကို အရူး တစ်ယောက်လို၊ လူသေ တစ်ယောက်လို ဝိုင်းကြည့် နေကြသည်။

လောင်လန်နာနှင့် ဟွာဝမ်ရိုတို့၏ မျက်လုံးထဲ တွင်လည်း စိုးရိမ် ပူပန်သော အရိပ်အယောင်များ ပေါ်လာသည်။

ကျင်ပောင်ရှုက ရုတ်တရက် ပြုံးလိုက်ပြီး......

“ကောင်းပြီလေ... မင်းနဲ့ လောင်လန်နာက အရမ်း စိတ်ဝင်စားဖို့ ကောင်းတယ်။ ဒီ ဂိုဏ်းသခင်လေးက မင်းတို့ကို သဘောကျတယ်။

နောင်တစ်ချိန် အခွင့်အရေး ကြုံရင် ဒီဂိုဏ်းသခင်လေးက မင်းတို့ကို အတူတူ ခေါ်သွားမယ်...... ငါတို့ မီးလျှံကြီး ဂိုဏ်းရဲ့ ညွှန့်သည်တွေ အဖြစ်နဲ့ပေါ့။ ငါတို့ မီးလျှံကြီးဂိုဏ်းမှာ ကောင်းတဲ့ အရာတွေ အများကြီး ရှိတယ်။ မင်းတို့တွေ မျက်စိပွင့်၊ နားပွင့် ဖြစ်စေရမယ်လို့ ကတိပေးတယ်...”

“သွားရအောင်.....”

ကျင်ပေါင်ရှုက ဒေါ်သစိတ် ငယ်ထိပ်ရောက်နေသော်လည်း ဒီနေရာတွင် လူအများကြီးရှိနေသဖြင့် လှုပ်ရှားရန် မသင့်တော်ပေ။

လူငယ် သိုင်းပညာ ညီလာခံကို လီလျူကောင်းကင်ဘုံ နန်းတော်မှ ကျင်းပပေးခြင်းဖြစ်သည်။ ယခု အချိန်တွင် ချင်ယန်ကို သတ်ပစ်လိုက်ပါက လီလျူ ကောင်းကင်ဘုံ နန်းတော်ကို အရှက်ခွဲလိုက် သကဲ့သို့ ဖြစ်သွားလိမ့်မည်။

ထို့အပြင် လူမြင်ကွင်းတွင် လူတစ်ယောက်အား သတ်လိုက်သည့် အကြောင်း သတင်းပျံ့နှံ့သွားလျှင် မကောင်းပေ။

"တကယ် သတ္တိ ကောင်းတာပဲ.... စိတ် မကောင်းစရာပဲ....."

"ဒီည အသက် မရှင်တော့ဘူးလို့ ငါ ထင်တယ်.."

ဆေးဘုရင် နန်းတော်မှ လူငယ် နှစ်ယောက်က စိတ်ချင်း ဆက်သွယ်ပြီး ပြောဆိုနေကြသည်။ သူတို့လည်း ထွက်သွားကြသည်။

သူတို့၏ အမြင်တွင် ချင်ယန်က လူသေတစ်ယောက် ဖြစ်နေပြီ။ ချင်ယန်အတွက် သူတို့၏ အချိန်နှင့် စွမ်းအင်ကို ဖြုန်းတီးစရာ မလိုပေ။

ချင်ယန်တို့ အနီးအနားတွင် ရှိနေသော လူများကလည်း ချင်ယန်နှင့် ကျင်ဟောင်ရှုကြားက ပြဿနာကို စိုးရိမ်ပြီး အနားမှ ရှဲသွားကြသည်။

"ချင်ယန်.... ကျင်ဟောင်ရှုက ဒီအတိုင်း ပြီးသွားမှာ မဟုတ်ဘူး..."

လောင်လန်နာက စိုးရိမ်စိတ်နှင့် အသံပို့လွှတ်ပြီး ပြောလိုက်သည်။

"ထားလိုက်ပါ..... ငါတို့ကို အနိုင်ကျင့်ဖို့ မလွယ်ပါဘူး...."

ဒါက လူငယ် သိုင်းပညာ ညီလာခံတစ်ခုသာ ဖြစ်သည်။ မီးလျှံကြီးဂိုဏ်းမှ အဆင့် (၇) ဓမ္မကလေးငယ် နယ်ပယ် တန်ခိုးရှင် နှစ်ယောက်သာ အများဆုံး ရောက်နေလိမ့်မည်ဟု ချင်ယန်က ခန့်မှန်းထားသည်။

သူ့လက်အောက်တွင် ကျန်းစွန်းရှန်း နှင့် ဒေါင်ဖန်ဟွမ်တို့က အဆင့် (၇) ဓမ္မ ကလေးငယ် နယ်ပယ်တွင် ရှိနေသည်။ သူ့အိမ်တွင်လည်း လျူဝမ် (မိုးမခပင်) က အဆင့် (၇) ဓမ္မကလေးငယ် နယ်ပယ်တွင် ရှိနေသည်။

ထို့အပြင် ချင်ယန် လက်အောက်၌ ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် ကိုးယောက် ရှိသေးသဖြင့် ကျင်ဟောင်ရှုနှင့် သူ့လူများ ရောက်လာမည့် အရေးကို လုံးဝ မကြောက်ပေ။

ဒီအချိန်တွင် လှုပ်ရှားပါက သူတို့သာ ဒုက္ခများ သွားလိမ့်မည်။

ကျင်ဟောင်ရှူက ယဉ်ကျေးသူ မဟုတ်သော်လည်း ကျန်ကျူပင်က ပို၍ ဒုက္ခပေးနိုင်သည်။

သူ့နောက်ကွယ်တွင် 'ဆရာ' တစ်ယောက် ရှိနေသည်ဟု ယူဆပြီး ကျန်ကျူပင်က နှုတ်ပိတ်ခ အနေဖြင့် ရွှေတုံး သန်းတစ်ရာ ပေးထားခဲ့သေးသည်။ ကျန်ကျူပင်က ငတုံး တစ်ယောက် မဟုတ်ချေ။ ဒီတစ်ကြိတ်တွင် ချင်ယန်က ကျင်ဟောင်ရှူကို ခေါင်းငုံ့ပြီး ဆက်ဆံ နိုင်လိုက်သည်နှင့်

ကျန်ကျူပင်က ကျိန်းသေပေါက် သံသယ ဝင်သွားလိမ့်မည်။

"တက်ရအောင်....."

ချင်ယန်က ပြောလိုက်သည်။

ဒီကို လာကြသည့် တန်ခိုးရှင်များက အခြေခံအားဖြင့် လူစုံသလောက် ဖြစ်နေပြီ။ မည်သူက သွေးအပြစ်သင့်နေလဲ ဆိုသည်ကို ချင်ယန်က သိနေပြီ ဖြစ်ပြီး နောက်တစ်ကြိမ် ထပ်ကြည့်စရာ မလိုတော့ပေ။

“အင်း.....”

လောင်လန်နာနှင့် ဟွာဝမ်ရိုတို့က ခေါင်းညိတ်လိုက်သည်။

ချင်ယန်တို့ သုံးယောက်က စက်ဝိုင်းပုံစံ စင်မြင့်ကြီး ပေါ်သို့ လျှင်မြန်စွာ ရောက်ရှိသွားကြသည်။ စင်မြင့်ပေါ်ရှိ ဖိအားက သေးငယ်ခြင်း မရှိပေ။ လူများ ပိုတက်လာသည်နှင့် အမျှ လူတိုင်းအပေါ် သက်ရောက်သည့် ဖိအားများက ပိုမို များပြားလာခဲ့သည်။

မကြာခင် လူသုံးယောက်က တောင့်ခံနိုင်ခြင်း မရှိတော့ဘဲ သူတို့၏ အကန့်အသတ်သို့ ရောက်သွားပြီ ဖြစ်သဖြင့် စင်ပေါ်မှ ခုန်ဆင်းသွားကြသည်။

"ဒီကောင်တွေ လူငယ် သိုင်းပညာ ညီလာခံမှာ ပါဝင်ဖို့ စိတ်အား ထက်သန်နေတုန်းပဲ။ တွေ့ကြသေးတာပေါ့...."

ချင်ယန်တို့ သုံးယောက်အဖွဲ့ကို စင်ပေါ်တွင် တွေ့လိုက်ရသဖြင့် ကျင်ပောင်ရှူက စိတ်ထဲမှ လှောင်ပြောင်လိုက်သည်။

စင်မြင်ပေါ်တွင် ဆိုပါက သူနှင့် သူ့လူများပင် လှုပ်ရှားစရာ မလိုအပ်ဘူးဟု ကျင်ဟောင်ရှူက ခန့်မှန်းလိုက်သည်။ သူ့ကို ကူညီပြီး ချင်ယန်တို့ကို ဆုံးပေးမည့် လူများ ပေါ်လာလိမ့်မည်။

"ငါတို့လည်း တက်ရအောင်...."

ကျင်ဟောင်ရှူတို့ အဖွဲ့ထဲမှ လူအယောက် သုံးဆယ်က စင်ပေါ် တက်လာကြသည်။

စင်ပေါ်တွင် ရှိနေသော လူများထဲမှ အယောက် (၃၀) က ဖိအားကို တောင့်ခံနိုင်တော့ဘဲ စင်ပေါ်မှ ခုန်ချသွားသည်။

ကျင်ပေါင်ရှု လှုပ်ရှားသည်ကို မြင်လျှင် အခြားအင်အားစုမှ လူများကလည်း လှုပ်ရှားကြတော့သည်။

စင်ပေါ်တွင် လူတော်တော် များများ ထွက်သွားရန် ဖိအားပေးခြင်း ခံနေရသော်လည်း အချို့လူများက အလွန် ပျော်ရွှင်နေကြသည်။ သူတို့ စင်ပေါ်တက်ပြီး အချိန်တစ်ခု ကြာအောင် အစွမ်းပြနိုင်ခဲ့ကြသည်။ ထို့ကြောင့် သူတို့ကို အတိုင်အတာ တစ်ခုအထိ ထောက်ပံ့ပေးနိုင်မည့်

လူများ ပေါ်လာနိုင်သည်။ ဖယ်ထုတ်ခြင်း ခံရသော်လည်း အဆင်ပြေ နေသေးသည်။

“ချင်ယန်.... ပေါင်ရှိနဲ့ ချူယွီတို့ ရောက်မလာဘူး...”

လောင်လန်နာက အသံပို့လွှတ်ပြီး ပြောလိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့် အသံပို့လွှတ်ပြီး..

"ပုံမှန်ဆိုရင်တော့ ပေါင်ရိုရဲ့ အဆင့်အတန်းကြောင့် နေရာတစ်ခု တိုက်ရိုက် ရမယ်လို့ ခန့်မှန်းထားတယ်......."

"ချူယွီက ပေါင်ရိုနောက် လိုက်သွားတယ်ဆိုတာ သူ့အတွက် ကောင်းမွန်တဲ့ ကိစ္စပါ...."

လောင်လန်က အနည်းငယ် စဥ်းစားမရသော လေသံနှင့်......

"ဒါဆိုရင် မင်းကို ကြည့်ရတာ အရင်က စိတ်မချမ်းသာတဲ့ ပုံစံနဲ့...."

ချင်ယန်က နှုတ်ဆိတ်နေသည်။

“နင့် နှလုံးသားထဲမှ ကြိုက်နေတဲ့လူက ချူယွီတော့ မဟုတ်ပါဘူးနော်....”

“ဘာတွေ လာပြောနေတာလဲ.....”

ချင်ယန်က ဒေါသတကြီး ပြန်ပြောလိုက်သည်။

ယခုလက်ရှိ၌ ချူယွီက အလွန် လှနေလျှင်ပင် ချင်ယန်က ချူယွီနှင့် ပက်သက်ပြီး ထိုကဲ့သို့ အတွေးမျိုး မရှိပေ။

ချူယွီကို ကြံစည်မည့်အစား လောင်လန်နာကို ကြံစည်းခြင်းက ပိုကောင်းအုံးမည်။

အကယ်၍ သူက ချူယွီကို ကြံလိုက်မည် ဆိုလျှင် ချူရန်က သူ့ယောက်ဖ ဖြစ်လာမည် မဟုတ်ပါလော......

ဒီကိစ္စကို ချင်ယန်က လက်ခံနိုင်ရန် ခက်ခဲသည်။ သူက ချူရန်ကို ညီအစ်ကို ခေါ်နေခဲ့သည် မဟုတ်ပါလော.......